# အခြေခံပညာအထက်တန်းစိတ်ကြိုက်မြန်မာစာ
# မြန်မာစာပေသမိုင်း  ကျောင်းသုံးစာအုပ်မိတ်ဆက်

မြန်မာစာအခြေခံခိုင်မာပြီး ကျွမ်းကျင်စွာတတ်မြောက်အသုံးပြုနိုင်ရန် ဦးတည်ချက်ထားရှိပြီး အခြေခံပညာအထက်တန်း မြန်မာစာသင်ရိုးကို ပြင်ဆင်ရေးဆွဲခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် ကျောင်းသားအားလုံး လေ့လာသင်ယူရမည့် မြန်မာစာနှင့် မြန်မာစာကို အထူးစိတ်ဝင်စားပြီး မြန်မာစာကို နက်နက်ရှိုင်းရှိုင်းလေ့လာလိုသည့်ကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာတို့ကို ရေးသားခဲ့သည်။ စိတ်ကြိုက်မြန်မာစာသင်ယူမည့် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် မြန်မာစာကို အသုံးချစာပေအဖြစ်အသုံးပြုနိုင်မည့် အခြေခံကောင်းများရရှိစေရန် ပြုစုရေးသားထားပါသည်။ အခြေခံပညာအထက်တန်း စိတ်ကြိုက်မြန်မာ ကျောင်းသုံးစာအုပ်ကိုအသုံးပြုရာတွင် မြန်မာစာအရေးအသားဆိုင်ရာ၊ မြန်မာစာစိစစ်လေ့လာမှုဆိုင်ရာ အသိပညာများ၊ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန်အတွက် ဆရာ၏ လမ်းညွှန်မှုဖြင့် တစ်ဦးချင်းလေ့ကျင့်ခြင်း၊ အဖွဲ့လိုက်လုပ်ငန်းများလုပ်ဆောင်ခြင်းတို့ဖြင့် သင်ယူမည်။ မြန်မာစာ မြန်မာစကား၏အနှစ်သာရကို လေ့လာသင်ယူရာတွင်ဖြစ်စေ၊ လက်တွေ့အသုံးချရာတွင်ဖြစ်စေ ကြုံတွေ့ရသည့်အခက်အခဲများ၊ ပြဿနာများကိုလည်း ဖြေရှင်းတတ်စေရန်၊ စဉ်းစားတွေးခေါ် ဖန်တီးတတ်စေရန် လေ့ကျင့်သင်ယူမည်။ အချို့စာသင်ချိန်များတွင် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လက်တွေ့လုပ်ဆောင်မှုများဖြင့် လေ့လာသင်ယူကြမည်ဖြစ်သည်။

## သင်ယူရမည့်အကြောင်းအရာ

ဤအခြေခံပညာအထက်တန်း စိတ်ကြိုက်မြန်မာစာ မြန်မာစာပေသမိုင်း ကျောင်းသုံးစာအုပ်တွင် အောက်ပါအကြောင်းအရာများ ပါဝင်သည်။

**မြန်မာစာပေသမိုင်း**

- ပုဂံခေတ်
- ပင်းယခေတ်
- အင်းဝခေတ်
- တောင်ငူခေတ်
- ညောင်ရမ်းခေတ်
- ကုန်းဘောင်ခေတ်
- ကိုလိုနီခေတ်
- လွတ်လပ်ရေးခေတ်

DBE BOX - Copyright Protected

မြန်မာစာပေသမိုင်းကိုသင်ယူရာတွင် မြန်မာစကားပြေ ကျောင်းသုံးစာအုပ်၊ မြန်မာကဗျာ ကျောင်းသုံးစာအုပ်၊ မြန်မာပြဇာတ်နှင့် ဝတ္ထုကျောင်းသုံးစာအုပ်များပါ ရွေးချယ်ချက်စာများကို ခေတ်အလိုက် စာပေသမိုင်း ခေတ်များနှင့်ယှဉ်ကာ ဆက်စပ်လေ့လာမည်။ ခေတ်တစ်ခေတ်ချင်းအဖြစ် အခြေခံပညာအထက်တန်းအတွက် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်တို့ကို အသေးစိတ်လေ့လာမည်။

## သင်ယူကြရမည့်နည်းလမ်းများ

စာပေသမိုင်းသင်ခန်းစာအားလုံးတွင် တက်ကြွစွာပါဝင်သင်ယူနိုင်ရန် အထောက်အကူပြုမည့် အရေးပါသော ၂၁ ရာစု ဘာသာစကားဆိုင်ရာကျွမ်းကျင်မှု၊ စာပေယဉ်ကျေးမှုအစဉ်အလာ သိရှိနားလည်မှုအဖြစ် ဆရာက လက်တွေ့သင်ကြားလေ့ကျင့်ပေးမည်။

### လေ့လာမှုနယ်ပယ်

မြန်မာစာပေသမိုင်းကိုလေ့လာရာတွင် ခေတ်အလိုက်စာပေဦးတည်ချက်နှင့် အလေးပေးပုံ၊ ရေးဖွဲ့သောအကြောင်းအရာ ကျယ်ပြန့်လာပုံ၊ စာပေပုံသဏ္ဌာန် တိုးပွားလာပုံ၊ ခေတ်အလိုက်ထင်ရှားသော စာဆိုများ၊ ခေတ်ထင်ဟပ်ချက်ဟူသည့် နယ်ပယ်ငါးရပ်ကိုလေ့လာမည်။

### လေ့လာမှုနည်းနာ

❖ **ပူးပေါင်းဆောင်ရွက်ခြင်း** - သင်ခန်းစာများသင်ယူရာတွင် ကျောင်းသားများသည် အတန်းဖော်များနှင့်အုပ်စုဖွဲ့ပြီး မြန်မာစာပေသမိုင်း၏ သက်ဆိုင်ရာခေတ်အလိုက် စာပေဆိုင်ရာအတွေးအခေါ်များ မျှဝေခြင်း၊ စာပေသမိုင်းဆိုင်ရာအဖြေများ အတူရှာဖွေခြင်းတို့ကို လုပ်ဆောင်မည်။ သာဓကအားဖြင့် - ခေတ်တစ်ခေတ်တွင် အတွေ့ရများသော စာအမျိုးအစား၊ ပင်းယခေတ်၏ထူးခြားချက်များ၊ အင်းဝခေတ်တွင် မြန်မာစာပေဖွံ့ဖြိုးလာပုံစသည်တို့ကို ဝိုင်းဖွဲ့ဆွေးနွေးခြင်း၊ ပူးပေါင်းအဖြေရှာခြင်းတို့ကို ဆောင်ရွက်မည်။

❖ **ဆက်သွယ်ပြောဆိုခြင်း** - ဤစိတ်ကြိုက်မြန်မာစာ စာပေသမိုင်းကျောင်းသုံးစာအုပ်သည် မြန်မာစာပေ၏ သမိုင်းအစဉ်အလာကိုထုတ်ဖော်သည့် သင်ခန်းစာဖြစ်သည်။ သင်ခန်းစာပါ အကြောင်းအရာများကို တစ်ဦးနှင့်တစ်ဦး ပြောဆိုဆွေးနွေးခြင်း၊ သင်ခန်းစာများကို ရွတ်ဖတ်ခြင်း၊ နားထောင်ခြင်း၊ ရေးသားခြင်း စသည့်ဆက်သွယ်မှုနည်းလမ်းများဖြင့် ဖော်ထုတ်လေ့လာခြင်းဖြင့် ဆက်သွယ်ပြောဆိုမှုဆိုင်ရာ ကျွမ်းကျင်မှုများဖွံ့ဖြိုးလာမည်။

❖ **လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း** - မြန်မာစာပေကိုလေ့လာရာတွင် စာပေသမိုင်းဆိုင်ရာအချက်အလက်များသည် လေးနက်စွာဆန်းစစ်ဝေဖန်နိုင်သော အကြောင်းအချက်များစွာပါရှိသည်။ ဖြေရှင်းရန်ရှိသည့် မြန်မာစာပေသမိုင်းဆိုင်ရာပြဿနာများ၊ စာပေပုံသဏ္ဌာန်ပိုင်းဆိုင်ရာ ပြဿနာများကို အဖြေရှာခြင်း၊ တင်ပြခြင်း၊ အမှားရှာဖွေခြင်းနှင့် ပြုပြင်ခြင်းတို့ကို ပြုလုပ်ရမည်။

DBE BOX - Copyright Protected

- ❖ **တီထွင်ဖန်တီးခြင်း** - ဘာသာစကားနှင့် စာအရေးအသားကိုအသုံးပြုရာတွင် သမားရိုးကျ ပြောဆိုရေးသားသည့်အခြေအနေမှကျော်လွန်ပြီး အတွေးအခေါ်များပေါင်းစပ်ကာ ပြောဆိုရေးသားနိုင်သည့်စွမ်းရည်များ၊ နည်းလမ်းသစ်များဖြင့် ဆက်သွယ်မှုထိရောက်စေရန် ကျောင်းသားများကိုယ်တိုင် တီထွင်ဖန်တီးသည့်အလေ့အထများ ရရှိစေမည်။
- ❖ **နိုင်ငံသားကောင်းဖြစ်ခြင်း** - နိုင်ငံသားကောင်းတစ်ယောက်သည် မိမိနိုင်ငံ၏ ဘာသာစာပေ အစဉ်အလာ၊ ယဉ်ကျေးမှုအမွေအနှစ်များကို လေးစားတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်တတ်သူများ ဖြစ်ကြသည်။ မြန်မာစာပေသမိုင်းသည် မြန်မာစာပေအစဉ်အလာနှင့် မြန်မာစာပေယဉ်ကျေးမှုကို သိမြင်လာမည့် သင်ခန်းစာများဖြစ်သည်။ မြန်မာစာပေသမိုင်းကို လေ့လာသင်ယူခြင်းဖြင့် မြန်မာစာပေအစဉ်အလာ၊ မြန်မာစာပေယဉ်ကျေးမှုအမွေအနှစ်များကို လေးစားတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်တတ်သည့် နိုင်ငံသားကောင်းများဖြစ်လာစေမည်။

## စာသင်နှစ်အဆုံးတွင် သိရှိသွားပြီး လုပ်ဆောင်နိုင်မည့်ရလဒ်များ

အခြေခံပညာအထက်တန်း စိတ်ကြိုက်မြန်မာစာ မြန်မာစာပေသမိုင်းကျောင်းသုံးစာအုပ်ကို သင်ယူပြီးသောအခါ ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

- ❖ မြန်မာစာပေသမိုင်းတွင် ခေတ်လိုအင်အရ ဦးတည်ချက်များနှင့် အလေးပေးပုံသဘောများ ခြားနားလာပုံကို ဆန်းစစ်လာနိုင်မည်။
- ❖ ခေတ်အလိုက်ရေးဖွဲ့သည့် အကြောင်းအရာများကျယ်ပြန့်လာပုံကိုသိရှိလာပြီး စာပေသမိုင်းနှင့် အကြောင်းအရာနယ်ပယ်တို့ကို ဆက်စပ်ဖော်ထုတ်လာနိုင်မည်။
- ❖ ခေတ်အလိုက် စာပေပုံသဏ္ဌာန်တစ်စတစ်စတိုးပွားလာပုံကိုသိရှိလာပြီး မြန်မာစာဆိုတော်များ၏ ကြိုးပမ်းမှုကို ဆန်းစစ်ဖော်ထုတ်နိုင်မည်။
- ❖ စာပေသမိုင်းအလိုက် စာပေတွင်ထင်ဟပ်နေသော ခေတ်နောက်ခံကို သိမြင်လာပြီး စာပေနှင့် ခေတ်နောက်ခံကို ဆက်စပ်ဖော်ထုတ်နိုင်မည်။

ခေတ်တစ်ခေတ်နှင့်တစ်ခေတ် အတွေ့အကြုံ အတွေးအမြင်နှင့် ခံစားပုံတို့မတူကြပေ။ ထို့ကြောင့် ခေတ်အလိုက် စာပေအကြောင်းအရာများ ပြောင်းလဲသွားသည်။ ထိုအခါ စာပေပုံသဏ္ဌာန်တို့သည်လည်း လိုက်၍ပြောင်းသွားရသည်။ စာပေသမိုင်းသည် ခေတ်တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းလဲသွားသောအကြောင်းအရာနှင့် ပုံသဏ္ဌာန်တို့ကို တစိုက်မတ်မတ်ခြေရာကောက်ယူထားသော သမိုင်းကြောင်းဖြစ်သည်။ ထို့ကြောင့် စာပေသမိုင်းတွင် အကြောင်းအရာအလိုက်၊ ပုံသဏ္ဌာန်အလိုက် တိုးတက်ပြောင်းလဲလာပုံများကို သူ့ကဏ္ဍအလိုက်သိမြင်လာပြီး မြန်မာစာပေ၏ အစဉ်အလာ၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို သိမြင်ဖော်ထုတ်နိုင်မည်ဖြစ်သည်။

DRE BOX - Copyright Protected

# မြန်မာစာပေသမိုင်း

## ပုဂံခေတ်စာပေ (၁၀၄၄ - ၁၂၈၇)

ပုဂံမြို့တွင် မင်းဧကရာဇ်တို့ ထီးနန်းစိုက်ထူလျက် ပုဂံမြို့တော် ဩဇာအရှိန်အဝါတက်ခဲ့သော ခေတ်ကို ပုဂံခေတ်ဟုခေါ်သည်။ ပုဂံခေတ်စာပေသမိုင်းသည် ခရစ်နှစ် ၁၀၄၄ ခုနှစ်မှ ခရစ်နှစ် ၁၂၈၇ ခုနှစ်အထိ နှစ်ပေါင်း ၃၀၀ ကာလအတွင်း ထွန်းကားခဲ့သော စာပေအကြောင်းဖြစ်သည်။ တစ်နည်းအားဖြင့် အနော်ရထာမင်းလက်ထက်မှ နရသီဟပတေ့ (တရုတ်ပြေးမင်း) လက်ထက်အထိ ပေါ်ထွန်းခဲ့သော စာပေလမ်းကြောင်းလည်းဖြစ်သည်။

ထိုစာပေခေတ်ကို ပုဂံခေတ်ဦး၊ ခေတ်လယ်၊ ခေတ်နှောင်းဟူ၍ ကာလ ၃ ရပ်ခွဲ၍ လေ့လာနိုင်သည်။

ခရစ်နှစ် ၁၀၄၄ ခုနှစ်မှ ၁၁၁၂ ခုနှစ် အထိသည် ခေတ်ဦးကာလဖြစ်သည်။ ထိုနှစ်အထိကို ခေတ်ဦးကာလအဖြစ် သတ်မှတ်ရခြင်းမှာ ထိုနှစ်ပတ်ဝန်းကျင်တွင် ရာဇကုမာရ်ကျောက်စာကို ရေးထိုးခဲ့သောကြောင့် ဖြစ်သည်။ မြန်မာစာမြန်မာအက္ခရာကို ခုနှစ်အတိအကျဖြင့် တွေ့ရသော မြန်မာစာပေများအနက် ဤကျောက်စာသည် အစောဆုံးဖြစ်သည်။ ထိုသို့ မြန်မာစာအရေးအသားကို ခရစ်နှစ် ၁၁၁၂ ခုနှစ်တွင် စတင်တွေ့ရသဖြင့် ထိုခုနှစ်အထိကို ခေတ်ဦးပိုင်းဟု သတ်မှတ်ခြင်းဖြစ်သည်။

ထိုအချိန်မတိုင်မီက မြန်မာနိုင်ငံတွင်း၌ ပျူနှင့်မွန် စာပေများ ထွန်းကားခဲ့သည်ကို အထင်အရှား တွေ့နိုင်သည်။ ခရစ်နှစ် ၄ ရာစုလောက်ကပင် ဗိဿနိုး၊ ဟန်လင်းကြီး၊ သရေခေတ္တရာ တို့တွင် ပျူ အရေးအသားရှိခဲ့သည်။ မွန်စာပေသည်လည်း ၆ ရာစုခန့်ကပင် ထွန်းကားခဲ့ပြီး ဖြစ်သည်။ ၁၁၁၂ ခုနှစ် မတိုင်မီ ပုဂံ၌ တွင်ကျယ်ခဲ့သည်မှာ မွန်ဘာသာစာပေပင်ဖြစ်သည်။ မွန်စာကို အနော်ရထာလက်ထက်၌ အနည်းအကျဉ်းသာ တွေ့ရသော်လည်း ကျန်စစ်သားလက်ထက်တွင် အများအပြားတွေ့ရသည်။

ထိုသို့ ၁၁၁၂ ခုနှစ်မတိုင်မီက ပေါ်ထွန်းခဲ့သော ပျူစာ၊ မွန်စာတို့တွင် အသုံးပြုသည့် အက္ခရာ များ၏ အရင်းအမြစ်မှာ အိန္ဒိယ ရှေးဟောင်းဗြာဟ္မီအက္ခရာများဖြစ်သည်။ သို့သော်ပျူအက္ခရာနှင့် မွန်အက္ခရာတို့သည် ပုံပန်းသဏ္ဍာန်ချင်း မတူညီကြချေ။ ထို့ကြောင့် ပျူနှင့်မွန်တို့သည် အိန္ဒိယ ဗြာဟ္မီအက္ခရာများကို ယူရာ၌ သီးခြားယူခဲ့ကြမည်ဟု မှန်းဆရလေသည်။ သို့သော် မွန်နှင့်မြန်မာ အက္ခရာတို့မှာမူ အက္ခရာအရေအတွက် အနည်းအကျဉ်းကွဲပြားသည်မှတစ်ပါး ပုံသဏ္ဍာန်မခြားနားချေ။ ထိုသို့ မွန်၊ မြန်မာအက္ခရာတို့ တူကြောင်းကိုလည်း ပျူ၊ မွန်၊ ပါဠိ၊ မြန်မာ ဘာသာလေးမျိုးဖြင့် ရေးထိုး ထားသော ရာဇကုမာရ်ကျောက်စာတွင် အထင်အရှား နှိုင်းယှဉ်တွေ့ရှိနိုင်သည်။ ထို့ကြောင့် မြန်မာ အက္ခရာသည်လည်း ဗြာဟ္မီအက္ခရာမှ ဆင်းသက်ပွားများလာသည်ဟု ယူဆကြသည်။

ရာဇကုမာရ်ကျောက်စာမတိုင်မီ ၁၁ ရာစုအတွင်းက ရေးခဲ့မည်ဟု မှန်းဆရသည့် အုတ်ခွက်စာအချို့၊ ကျောက်စာအချို့ကိုကား တွေ့ရသည်။ သို့သော် ခုနှစ်သက္ကရာဇ် ဖော်ပြခြင်း မရှိချေ။ ထို့ပြင် အရေအတွက်မှာလည်း အနည်းအကျဉ်းသာ ဖြစ်သည်။ ထို့ကြောင့် သာသနာနှစ် ၁၆၂၈ ခုနှစ်တွင် လှူဒါန်းသည်ဟု ခုနှစ်အတိအကျ ဖော်ပြထားသည့် ရာဇကုမာရ်ကျောက်စာသည် ပုဂံခေတ်ဦးကာလ၏ မှတ်တိုင်ဖြစ်ရသည်။

ပုဂံခေတ်လယ်ကာလမှာ ခရစ်နှစ် ၁၁၁၃ ခုနှစ် မှ ခရစ်နှစ် ၁၁၇၄ ခုနှစ် အထိ နှစ်ခြောက်ဆယ်ကျော်ကာလဖြစ်သည်။ ထိုနှစ်များကို ကြားကာလ စပ်ကူးမပ်ကူးကာလဟုလည်း ခေါ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ခေတ်ဦးက အရှိန်အဝါကြီးခဲ့သော မွန်စာပေအရေးအသားတန့်သွား၍ မြန်မာစာပေအရေးအသား ထွန်းကားစပြုလာသော ကာလဖြစ်သောကြောင့် ဖြစ်သည်။ ထိုနှစ် ၆၀ ကာလအတွင်း၌ မြန်မာစာပေသည် နောင်တွင် တစ်ဟုန်ထိုးဖွံ့ဖြိုးနိုင်ရန် အားယူနေသကဲ့သို့ရှိသည်။ ပုဂံမြို့ လောကထိပ်ပန်ဂူဘုရားတွင်တွေ့ရသော ဇာတ်ကြီးဆယ်ဘွဲ့ မင်စာများသည် ထိုအချက်ကို သက်သေထူနေပေသည်။ ထိုမင်စာများတွင် မွန်ဝေါဟာရ အနည်းအကျဉ်းသာပါ၍ မြန်မာဘာသာက ပိုမိုများပြားနေသည်။ သက္ကရာဇ်မပါသော်လည်း ထိုမင်စာများရေးခဲ့သည့်အချိန်ကို ပုဂံခေတ်လယ်ကာလဖြစ်သည်ဟု သုတေသီတို့ မှန်းဆကြသည်။

ပုဂံခေတ်နှောင်းကာလသည် ၁၁၇၄ ခုနှစ်မှ ခရစ်နှစ် ၁၃၂၇ ခုနှစ် အထိ နှစ်ပေါင်း ၁၅၀ ကျော်ကာလဖြစ်သည်။ ခရစ်နှစ် ၁၁၇၄ ခုနှစ် နရပတိစည်သူမင်း လက်ထက်တွင် မြန်မာစာပေအရှိန်ရလာသည်။ နရသီဟပတေ့မင်း နန်းတက်ပြီးနောက်ပိုင်း ခရစ်နှစ် ၁၂၈၇ ခုနှစ် ပုဂံပြည်ပျက်သုဉ်းသည်အထိ မြန်မာစာကိုသာ အများဆုံးသုံးတော့သည်။

ဤသို့ ပုဂံခေတ်အတွင်း မြန်မာစာပေ ဖြစ်ထွန်းတိုးတက်လာပုံကို ကာလပိုင်းခြားလေ့လာနိုင်သည်။ ထို့ပြင် စာရေးရာတွင် အသုံးပြုသည့် ဝတ္ထုပစ္စည်းကိုလိုက်၍လည်း ခွဲခြားလေ့လာနိုင်ပြန်သည်။ ဆိုခဲ့သည့်အတိုင်း မြန်မာစာထွန်းကားလာခဲ့ရာ၌ ပေစာ၊ ပုရပိုက်စာများလည်း ရှိခဲ့ပေမည်။ သို့သော်အချိန်ကာလ၊ ရာသီဥတု ပယောဂကြောင့် ပျက်စီးခဲ့ကြဟန်တူသည်။ ယခုအခါ မတွေ့နိုင်ကြတော့ချေ။ တွေ့နိုင်သေးသည်မှာ အုတ်ခွက်စာ၊ စဉ့်ကွင်းစာ၊ မင်စာ၊ ကျောက်စာများသာ ဖြစ်လေသည်။

အထူးသဖြင့် ပုဂံခေတ်ဦးတွင် မြေစေးရွှံ့စေးဖြင့် အုတ်ခွက်ပြားများ လုပ်ကြသည်။ အုတ်ခွက်မျက်နှာဘက်၌ မြတ်စွာဘုရား၏ ပုံတော်အမျိုးမျိုးကို ပုံဖော်ကိုးကွယ်ကြသည်။ ထို ပုံတော်အောက်ဘက်၌ဖြစ်စေ၊ အုတ်ခွက်ကျောဘက်၌ဖြစ်စေ စာတိုကလေးများ ရေးတတ်ကြသည်။ အုတ်ခွက်ကို မည်သူပြုလုပ်ကြောင်း ဖော်ပြထားလေ့ရှိသည်။ အနော်ရထာ၏ အုတ်ခွက်များကို ယခုထက်တိုင် မြန်မာနိုင်ငံအနှံ့အပြား၌ တွေ့နိုင်သေးသည်။

စဉ့်ကွင်းဆိုသည်မှာ ဘုရားဂူကျောင်းနံရံတို့တွင် တွေ့ရတတ်သည့် အင်္ဂတေရုပ်ကြွ ပုံဖော်အကွက်များဖြစ်သည်။ များသောအားဖြင့် ငါးရာ့ငါးဆယ်ဇာတ်လမ်းများနှင့် ထူးခြားသည့် ဇာတ်ကွက်များကို သရုပ်ဖော်ထားတတ်သည်။ စဉ့်ကွင်းရုပ်ပုံများ အောက်ခြေတွင် ရုပ်ပုံအကြောင်း စာတန်းထိုးလေ့ရှိသည်။ ကျန်စစ်သား၏ အာနန္ဒာဘုရားတွင် ဇာတ်ကြီးဆယ်ဘွဲ့စဉ့်ကွင်းများကို တွေ့နိုင်သည်။ စဉ့်ကွင်းအောက်တွင် မွန်ဘာသာဖြင့် သရုပ်ဖော်စာ ရေးထားသည်။

မင်စာမှာ ဘုရားဂူကျောင်းနံရံတို့တွင် မင်ဖြင့်ရေးထားသည့် စာပင်ဖြစ်သည်။ အချို့မင်စာတို့မှာ နှစ်ကျိပ်ရှစ်ဆူဘုရားတို့၏ ဗုဒ္ဓဝင်ပင်ဖြစ်သည်။ အချို့မှာ ငါးရာ့ငါးဆယ် ဇာတ်လမ်းဖြစ်သည်။ အချို့မင်စာတို့မှာ စာသက်သက်သာဖြစ်၍ အချို့မှာ ရုပ်ပုံသရုပ်ဖော်စာများဖြစ်သည်။ ပုဂံခေတ်ဦးပိုင်းတွင် မွန်မင်စာ အများအပြားရေးခဲ့ကြသည်။ ခေတ်လယ်ခေတ်နှောင်းပိုင်းတွင်မူ ပါဠိမင်စာ၊ မြန်မာမင်စာတို့ကိုသာ အများအပြားတွေ့ရသည်။

**ကျောက်စာ**

ကျောက်စာဆိုသည်မှာ ကျောက်သားမျက်နှာထက်တွင် ထွင်းထုရေးသားထားသော စာဖြစ်သည်။ ပုဂံခေတ်၌တွေ့ရသည့်စာများတွင် ကျောက်စာအများစုမှာ အလှူမှတ်တမ်း ကျောက်စာများဖြစ်ကြသည်။ ဘုရားတည်သည်၊ ကျောင်းဆောက်သည်၊ လယ်လှူသည်၊ ကျွန်လှူသည်၊ ဒါနကုသိုလ်အမျိုးမျိုးပြုကြသည်။ မိမိတို့၏ ဒါနအကြောင်းကို နှောင်းလူတို့ အရှည်သဖြင့် သိစေလိုသည်။ အလှူကို ထိပါးဖျက်ဆီးလိုစိတ် ကင်းစေလိုသည်။ ထိုအကြောင်းတို့ကို အရင်းခံလျက် ကျောက်စာရေးထိုးစိုက်ထူခဲ့ခြင်းဖြစ်သည်။ ကျောက်စာတို့တွင် (၁) အလှူပြုသည့်နှစ် (၂) အလှူရှင် (၃) အလှူအကြောင်းအရာ (၄) အလှူပစ္စည်း (၅) ဆုတောင်း (၆) အမျှဝေ (၇) ကျိန်စာတို့ကို ဖော်ပြတတ်ကြသည်။ အလှူဒါနစည်ပင်ခဲ့သော ပုဂံခေတ်ကရေးထိုးခဲ့သည့် ကျောက်စာများမှာ မြန်မာစာပေသမိုင်းအထောက်အထားများအဖြစ် အလွန်အရေးပါပေသည်။

ပုဂံခေတ်လက်ရာဖြစ်သော ကျောက်စာ၊ မင်စာတို့ကို ဖတ်ရှုဆင်ခြင်လျက် ပုဂံခေတ်ကို စကားပြေခေတ်ဟု သတ်မှတ်ကြသည်။ ထိုသို့သတ်မှတ်လောက်အောင်လည်း ပုဂံခေတ်စကားပြေတို့မှာ ထူးထူးခြားခြား ရှိသည်။ အကြောင်းအရာရော အရေးအဖွဲ့ပါ လေးစားမြတ်နိုးဖွယ်ကောင်းသည်။ ထိုအထဲတွင် ရာဇကုမာရ်ကျောက်စာ၊ သိယ်သူ့သမီးကျောက်စာ၊ မိဖုရားဖွားစောကျောက်စာတို့လည်း အပါအဝင် ဖြစ်သည်။

ရွှေစည်းခုံမွန်ကျောက်စာသည် ကျန်စစ်သားမင်းကြီး၏ ကျောက်စာဖြစ်သည်။ ကျန်စစ်သားမင်းကြီး၏ ဘုန်းတန်ခိုးအာဏာကိုလည်းကောင်း၊ မေတ္တာကရုဏာတရားကိုလည်းကောင်း ထင်ရှားအောင် ရေးထိုးဖော်ပြရာ၌ စိတ်ကူးစိတ်သန်းနှင့် အရေးအဖွဲ့ဆန်းကြယ်သည်။ စကားပြေပင်ဖြစ်သော်လည်း စိတ်ညွတ်နူးဖွယ်ရာ အလင်္ကာစကားတို့ကို မြိုင်မြိုင်ဆိုင်ဆိုင်သုံးထားသည်။

> "ချစ်သူအပေါင်းမှ ကွဲကွာကုန်သောသူတို့၏ မျက်ရည်ကို အကျိုးစီးပွားထွက်မြောက်ခြင်းဖြင့် လက်နှင့်တူသော မေတ္တာစိတ်ဖြင့် ဂိုတြိဘုဝနာဒိတျမဓမ္မရာဇမင်းသည် သုတ်ပစ်လတ္တံ့။ စိတ်နှလုံးပူဆွေးသူတို့၏ နှပ်ရည်ကို အကျိုးစီးပွားထွက်မြောက်ခြင်းဖြင့် ရေနှင့်တူသော ကရုဏာဖြင့် ဆေးကြောပစ်လတ္တံ့။ နတ်မင်း၊ ဂိုတြိဘုဝနာဒိတျမဓမ္မရာဇမင်းသည် လကျာ်လက်ဖြင့် ပြည်သူအပေါင်းအား ထမင်း၊ မုန့်ပေးလတ္တံ့။ လက်ဝဲလက်ဖြင့် လူအပေါင်းအား ပစ္စည်းဥစ္စာ အဝတ်ပုဆိုးပေးလတ္တံ့။ ပြည်သူအပေါင်းသည် အမိရင်ခွင်ရှိ သားငယ်ကဲ့သို့ ရှိကြလတ္တံ့။"

ဟူသော ရွှေစည်းခုံမွန်ကျောက်စာလာ အလင်္ကာအတွေးများသည် ဆက်လက်ပေါ်ထွန်းလာမည့် မြန်မာကျောက်စာအရေးအဖွဲ့များအတွက် ရွှေ့ဆောင်လမ်းညွှန်သဖွယ်ဖြစ်သည်။ ထိုခေတ်တွင် ရာဇကုမာရ်ကျောက်စာသည်လည်း ထင်ရှားသည်။ အကြောင်းအရာတစ်မျိုးတည်းကို ပျူ၊ မွန်၊ ပါဠိ၊ မြန်မာ ဘာသာစကားလေးမျိုးဖြင့် ရေးထိုးခြင်းဖြစ်သည့်အလျောက် ဘာသာစကားတစ်မျိုးကို မူတည်၍ ဘာသာစကားသုံးမျိုးဖြင့် ပြန်ဆိုသည်ဟု ယူဆနိုင်သည်။ ဘာသာပြန်သည့်အလေ့ ရှိနေပြီဖြစ်ကြောင်း အထောက်အထားပြနိုင်သည့် ကျောက်စာဖြစ်သည်။

ထိုကျောက်စာတွင် ပဓာနဆိုလိုချက်ပါရှိခြင်း၊ တစ်ဆင့်ပြီးတစ်ဆင့် အကျိုးအကြောင်း ဆက်စပ်ဖော်ထုတ်မှုပါရှိခြင်း၊ စကားများအနက်ပေါ်လွင်ခြင်း၊ ဝါကျအဆက်အစပ် ပြေပြစ်ခြင်းတို့ကြောင့် ရာဇကုမာရ်ကျောက်စာကို စနစ်တကျရှိသောကျောက်စာအဖြစ် သုတေသီတို့ ချီးကျူးကြသည်။ ပဓာနအချက်ပါရှိခြင်းဆိုသည်မှာ ထိုကျောက်စာတွင် ဘုရားတည်ပုံ၊ ကျွန်လှူပုံကို ဖော်ပြနိုင်ခြင်းကို ဆိုလိုသည်။ တစ်ဖန်ထိုပဓာနအချက်ရောက်အောင် တစ်ဆင့်ပြီးတစ်ဆင့် အကျိုးအကြောင်း ဆက်စပ်ဖော်ပြထားသည်။ ကျန်စစ်သားမင်းကြီးနန်းတက်ခြင်း၊ ထိုမင်းကြီးတွင် မိဖုရားတစ်ပါးရှိခြင်း၊ ထိုမိဖုရားတွင်သားတော်တစ်ပါးရှိခြင်း စသည်တို့မှ အလှူပြုခြင်း၊ ဆုတောင်းခြင်းများအထိ အစီအစဉ်ကျနသည်။ ထိုသို့ရေးသားရာ၌ အသုံးပြုထားသော စကားများမှာ အနက်အဓိပ္ပာယ် ပေါ်ပေါ်လွင်လွင်ရှိသည်။ "သာဓု" ဟူသော စကားကိုပင် "ကောင်းလျှင့်တည်း" ဟူ၍ မြန်မာပီသအောင် ဘာသာပြန်သုံးနှုန်းရေးထိုးသည်။ ထိုနည်းတူဝါကျများကို ရိုးရိုးရှင်းရှင်း ရေးဖွဲ့ထားသည်။ နားလည်ရခက်ခဲသော ဝါကျများ မပါချေ။ ဤကား ရာဇကုမာရ်ကျောက်စာ၏ ဂုဏ်ရည်အချို့ပင် ဖြစ်သည်။

စကားအသုံးအနှုန်းအရာ၌လည်းကောင်း၊ ဝါကျဖွဲ့စည်းပုံ၌လည်းကောင်း၊ အကြောင်းအရာ၌လည်းကောင်း ထူးခြားလှသည့်ကျောက်စာများပုဂံခေတ်၌ အများအပြားရှိသည်။

သာဓကအဖြစ်ပြရလျှင် "ညောင်ရမ်းကြီးသမီးကျောက်စာ"တွင်

> "သခင်ကက်သူမယားကား အမိမျိုး အဖမျိုး ၇ ဆက် ကဲ့ရဲ့ရာမရှိ မြတ်စွာသောအမျိုးတည်း။ သခင်ညောင်ရမ်းကြီးသမီး မိမိအသက်နှင့်တူသော မျက်စိမျက်ဆန်နှင့်တူသော မိမိချစ်စွာသောလင် အတို့သခင် ကက်သူ ပျံတော်မူရကား အတည်မရှိသောတရားကိုသိ၍ ထိတ်လန့်၍ ရတနာ ၃ ပါးကို ရည်၍ အရပ် ၃ ပါးပြုစေတည်း"

ဟူ၍ အလင်္ကာအဆင်တန်ဆာဖြင့် ပြေပြေပြစ်ပြစ် ရေးဖွဲ့ထားပုံကို တွေ့နိုင်သည်။

စကားအသုံးကောင်းပုံနှင့် ပတ်သက်၍ ရှင်ဒိသာပါမောက်ကျောက်စာလာ စကားအချို့ကို ကြည့်နိုင်သည်။ ရှင်ဒိသာပါမောက်ဆိုသည်မှာ နရသီဟပတေ့မင်းလက်ထက်တွင် ထင်ရှားခဲ့သော ရဟန်းတော်ကြီးတစ်ပါးပင်ဖြစ်သည်။ ထိုမင်းလက်ထက် တရုတ်တို့၏ စစ်မက်အန္တရာယ်ပေါ်ပေါက်လာရာ ရှင်ဒိသာပါမောက်သည် တရုတ်ပြည်သို့ မြန်မာမင်း၏သံတမန်အဖြစ် ကြွတော်မူရသည်။ တရုတ်ပြည်အရောက်၌ ဆရာတော်၏စကားဆိုပုံမှာ မှတ်သားဖွယ်ရာဖြစ်သည်။ ထိုစကားဆိုခဲ့ပုံကို ကျောက်စာတွင်

"မဟာရာဇ် ဤသူရဲအားလုံး၊ သယ်ာအားလုံး စပါးရှိမှ တည်ကြည်အံ့၊ စပါးကားပြည်စည်းစိမ် အဖြစ်မလော။ ဤသူရဲတို့သည် ထန်းကိုတည်း စင်း၍စားပြီးကား ဝမ်းနာ၍သေကုန်မလော"

ဟူ၍လည်းကောင်း

"ဥယျာဉ်စိုက်သော ယောက်ျားကား၊ ရေသွန်း၍သစ်ပင်ကိုကြီးစေ၏။ အညွန့်မဆိတ်တကား။ သစ်ပင်သီးပြီးသောတည်း အသီးစား၏။ တံပြတိတ်ပြည်ကိုလည်း ရေသွန်းဦးလတ်သေး"

ဟူ၍လည်းကောင်း ရေးထိုးမှတ်တမ်းတင်ထားသည်။ ဘာသာစကားကို နေရာတကျအသုံးပြုလျက် အကြောင်းအကျိုးညီညွတ်စွာ ဖျောင်းဖျပြောဆိုတတ်ခြင်းသည်ပင် မှတ်သားဖွယ်ရာဖြစ်သည်။

ပုဂံခေတ်မြန်မာတို့၏ ဘာသာစကားကျွမ်းကျင်ပုံကို သိယ်သူ့သမီးကျောက်စာဖြင့်လည်း သက်သေထူနိုင်သည်။ သိယ်သူ့သမီးသည် နရသီဟပတေ့မင်း၏ မိဖုရားတစ်ပါးဖြစ်သည်။ ဘာသာတရား ကိုင်းရှိုင်း၍ စိတ်နှလုံးပျော့ပျောင်းသူတစ်ဦးဖြစ်သည်။ မိမိ၏ စိတ်နေစိတ်ထားကို ဖော်ပြရာ၌လည်းကောင်း၊ ဘာသာတရားနှင့်နွှယ်သော အကြောင်းအရာတို့ကို ပြောဆိုရာ၌လည်းကောင်း တိတိကျကျ ပီပီသသရှိလှသည်။ မိမိ၏ပတ်ဝန်းကျင်၌ငြိမ်းငြိမ်းချမ်းချမ်း ကြည်ကြည်လင်လင် ရှိနေစေရန် လိုလားသည်ကို

"အချင်းချင်းအမျက်အဤှတစေ့မရှိ ချစ်သောမျက်စိဖြင့် ရှုကြရစေ၏"

ဟူ၍ရေးဖွဲ့ထားသောစကားမှာ တိုတိုနှင့် ထိမိလှသည်။

ဖော်ပြခဲ့သော ကျောက်စာများမှာ အလှူမှတ်တမ်းကျောက်စာများဖြစ်သည်။ ပုဂံခေတ်တွင် အလှူမှတ်တမ်းမဟုတ်သော ကျောက်စာများလည်းရှိသေးသည်။ ကျစွာမင်းအမိန့်တော် ပြန်တမ်းကျောက်စာသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး စီမံချက်တစ်ရပ်အဖြစ် ရေးထိုးခဲ့သော ကျောက်စာဖြစ်သည်။ ဥပဒေကို မထီမဲ့မြင်ကျူးလွန်သူတို့သည် မျက်မှောက်ဘဝ တမလွန်ဘဝတို့၌ မည်သို့အပြစ်ဒဏ်ခံကြရမည်၊ ဆင်းရဲဒုက္ခရောက်ကြရမည်ကို ရေးထိုးဖော်ပြထားသည်။ အပြစ်ဒဏ်များ ဆင်းရဲဒုက္ခများ၏ ထိတ်လန့်ကြောက်ရွံ့ဖွယ်သရုပ်ကို ပေါ်လွင်အောင်ရေးသားထားနိုင်စွမ်းရှိသည်။

"ခိုးသူတို့ကား ဤလူတွင်လည်း အထူးထူးသောသတ်ခြင်းအား ရောက်ကုန်၏။ အသို့ သတ်ခြင်း နည်း ဟူမူကား သားရေနယ် သံဆူးတပ်၍ခတ်သော ဆူးရှိသော ကြိမ်လုံးခတ်သော နားလှီးသော နှာခေါင်းလှီးသော ခြေလက်ဖြတ်သော ထိပ်ထွင်း၍ သံပူရဲရဲထည့်၍ ဦးနှောက်ကျိုက်ကျိုက်ဆူလျက် သေသော"

စသည်ဖြင့် စေ့စေ့စုံစုံသရုပ်ဖော်ထားသည်။

ထိုခေတ်တွင် သက္ကတ၊ ပါဠိ၊ မွန်စကားများကို မြန်မာမှုပြုကာ မြန်မာစကားကိုပို၍ ကြွယ်ဝအောင် ဖန်တီးကြသည်။ မြန်မာဘာသာသို့ ပြန်ဆိုရာတွင်လည်း ထိထိမိမိပြန်ကြသည်။ "သဗ္ဗညုတဉာဏ်"ကို သိစပ်မြင်နှံ့၊ "သဒ္ဓါရမ္မ"ကို အတည်မဲ့သောတရား၊ "ဓမ္မရာဇာ"ကို တရားမင်း၊ "မောဟ၊ ဒေါသ၊ လောဘ"ကို အမိုက်၊ အမျက်၊ ရမ္မက်၊ "ဇာတိဒုက္ခ"ကို ဖြစ်သောဆင်းရဲ စသည်ဖြင့် ဘာသာပြန်ဆိုလာကြပုံကို ပုဂံကျောက်စာများက ဖော်ပြလျက်ရှိသည်။

**မင်စာ**

ပုဂံခေတ်ကစ၍ ဗုဒ္ဓစာပေများကို ပါဠိတစ်ချက်၊ မြန်မာတစ်ချက်ပြန်သည့် နိဿယဘာသာပြန်များ၊ မြန်မာချည်းသက်သက်ပြန်သည့် ပါဠိလျှောက်ဘာသာပြန်များ တစ်စတစ်စ ထွန်းကားလာသည်။

ထိုသို့ ပုဂံခေတ်စကားပြေတို့တွင် ထူးခြားသည့်အကြောင်းအရာတို့ကို ကျစ်ကျစ်လျစ်လျစ် ပြေပြေပြစ်ပြစ် ရေးဖွဲ့နိုင်စွမ်းရှိသည်သာမက သုတိသာယာအောင်လည်း ရေးနိုင်ခဲ့သည်။ မင်စာ၊ ကျောက်စာ စကားပြေတို့တွင် နားဝင်ချိုသော စကားပြေဖြစ်အောင် အားထုတ်ခဲ့ပုံအချို့ကို သတိပြုနိုင်သည်။

ပုဂံခေတ်လယ် လက်ရာဖြစ်သော လောကထိပ်ပန်ဘုရားရှိ သုဝဏ္ဏသာမဇာတ်မင်စာတွင် မျက်မမြင် အမိအဖတို့အား နွယ်ကြိုးကိုကိုင်စေလျက် ကျောင်းသခ်မ်းရှိရာသို့ သုဝဏ္ဏသာမ သတို့သားက ရှေ့မှ တွဲယူခေါ်ငင်သွားရသည်ကို

"ဘုရားလောင်းလည်း နွယ်ကမ်းပေး၍ သခ်မ်းသွေးလတ်၏။"

ဟူ၍ရေးထားသည်။ အမိအဖနှင့် မယ်တော်နတ်သမီးတို့၏ သစ္စာစကားကြောင့် မျက်မမြင်မိဘတို့ မျက်စိအလင်းရပုံ၊ သုဝဏ္ဏသာမ အသက်ပြန်ရှင်လာပုံကို

"ဘုရာလောင်းလည်း ရှင်လာ၏။ အမိအဖ ကန်းသောလည်း မြင်လာ၏။"

ဟု ရေးထားသည်။ ကာရန်တူသော ကြိယာများကို သုံးထားသဖြင့် ထိုဝါကျတို့သည် နားဝင်ချိုသည်။ အလားတူပင် ကျောက်စာတို့၌လည်း

"အိမ်လည်းငါနေ၏။ ကျွန်လည်းငါစေ၏။"

DBEBOX - Copyright Protected

"လူ့ရွာနတ်ရွာ ကျင်လည်သောအခါ"

"သတင်းပညာ၊ ဥစ္စာသဒ္ဓါ ပြည့်စုံစွာသော"

စသည်ဖြင့် ကာရန်ချိတ်ဆက်ထားသည့် အရေးအဖွဲ့တို့ကို တွေ့နိုင်သည်။ ဤသို့လျှင် ပုဂံခေတ်တွင် လက်ရာမြောက်သောစကားပြေအမျိုးမျိုး ပေါ်ထွန်းခဲ့ရာ စကားပြေခေတ်ဟု သတ်မှတ်ခြင်းသည် ကျိုးကြောင်းညီညွတ်လှပေသည်။

ထို့ပြင် စကားပြေ၌ ကာရန်သွင်းကာ နားဝင်ချိုအောင်ရေးဖွဲ့ခဲ့သည့် ကဗ္ဗန်းအိုကျောင်းကျောက်စာကို ပုဂံခေတ်နှောင်းတွင် တွေ့ရှိရသည်။

"လူ့ရွာ နတ်ရွာ သံသရာအရှည် ကျင်လည်ရရာ လူ့ရွာဖြစ်လည်း လူ့ထက်အမြတ် မန္တာတ်မင်း၏ စည်းစိမ်သို့သော စည်းစိမ်ကိုလျှင် လိုချင်သတည်း။"

ဟူသော ကဗ္ဗန်းအိုကျောင်းကျောက်စာလာ စကားစုမှာ ဆုတောင်းကဗျာတစ်ပုဒ်၏ အသွင်ကို ဆောင်လျက်ရှိသည်။

**ကဗျာ**

ကျောက်ထက်အက္ခရာဖြင့် အထင်အရှား မရှိလင့်ကစား ရာဇဝင်ကျမ်းများ၊ မှတ်တမ်းများတွင် ဖော်ပြထားသော ပုဂံခေတ်ကဗျာများလည်း ရှိသေးသည်။ "မြကန်သာ" အစချီလင်္ကာ၊ " သိုးကလေ" အစချီပုပ္ပားနတ်တောင်လင်္ကာတို့ကို ပုဂံခေတ်ကဗျာများအဖြစ် ရှေးသူဟောင်းတို့ မှတ်တမ်းတင်ထားခဲ့ကြသည်။

ထို့ကြောင့် မြန်မာစာပေသမိုင်း၏ အဦးအစဖြစ်သော ပုဂံခေတ်တွင် စကားပြေ အများအပြား ထွန်းကားခဲ့ကြောင်း၊ ကဗျာ၊ လင်္ကာ အဖွဲ့အနွဲ့ရှိခဲ့ကြောင်း မှတ်ယူအပ်ပေသည်။

DBEROX - Copyright Protected

## ပင်းယခေတ်စာပေ (၁၂၉၉ - ၁၃၆၄)

ခရစ်နှစ် ၁၂၉၉ ခုနှစ်မှ ၁၃၆၄ ခုနှစ်အထိ နှစ်ပေါင်း ၆၀ ကျော်ကာလသည် မြင်စိုင်း ပင်းယ စစ်ကိုင်းမင်းများ တန်ခိုးအာဏာတက်ခဲ့သော ကာလဖြစ်သည်။ ပုဂံပျက်ပြီးနောက် အသင်္ခယာ၊ ရာဇသင်္ကြံ၊ သီဟသူတို့ ညီနောင်သုံးဦးသည် မြင်စိုင်းတွင် အင်အားဖြည့်တင်းပြီး ပင်းယနှင့် စစ်ကိုင်းကို မင်းနေပြည်တော်များအဖြစ်တည်ထောင်ကာ အုပ်စိုးခဲ့ကြသည်။ ထိုကာလကို ပင်းယခေတ်ဟု သတ်မှတ်ထားကြသည်။

ပင်းယခေတ်စာပေများအနက် အထင်အရှားကျန်ခဲ့သည်မှာ ကျောက်စာနှင့် ကဗျာသီချင်း အချို့ ဖြစ်သည်။

**ကျောက်စာ**

ပုဂံခေတ်နည်းတူ ပင်းယခေတ်တွင်လည်း အလှူဒါနပြုကြရာ၌ ကျောက်စာရေးထိုး မှတ်တမ်းတင်ကြသည်။ အလှူရှင် ကျောက်စာရှင်တို့မှာ များသောအားဖြင့် ဘုရင်များ၊ အမျိုးအနွယ်တော်များ၊ နန်းတော်နှင့် နီးစပ်သူများဖြစ်ကြသည်။ ထို့ကြောင့် ကျောက်စာရေးထိုးရာတွင် ခမ်းနားထည်ဝါအောင် အားထုတ်ကြသည်။ ထီးသံနန်းသံ ကျမ်းဂန်သံတို့ဖြင့် ခြယ်မှုန်းကြသည်။ ထိုအခါ ဝိသေသနပုဒ်များ များစွာပါဝင်သည့် ဝါကျရှည်ကြီးများဖြင့် ဖွဲ့စည်းထားသော စကားပြေများထွန်းကားလာသည်။ သာဓက အဖြစ် ပင်းယရွှေစည်းခုံ ကျောက်စာလာ

> "ဘုန်းတန်ခိုး အသရေနှင့်လည်း ပြည့်စုံစွာသော ရတနာသုံးပါး၌ အလွန်ယုံကြည်စွာထသော ရန်သူခပ်သိမ်းကိုလည်း နှိမ်နင်းနိုင်ထသော ရေမြေခပ်သိမ်းကိုလည်း အစိုးရသော ဆင်ဖြူ ဟူသော ရတနာမြတ်အရှင်လည်း ဖြစ်ထသော ဘုရားလောင်းဖြစ်သော ကျော်စွာမည်သော မင်းကြီး"

ဟူသောအဖွဲ့ကို ဖတ်ရှုဆင်ခြင်နိုင်သည်။ ထိုသို့ ခမ်းနားထည်ဝါအောင် အားထုတ်ရာက ပင်းယခေတ် ကျောက်စာစကားပြေတို့တွင် အတ္ထာလင်္ကာရ၊ သဒ္ဒါလင်္ကာရမြောက်သော အဖွဲ့များ ပါဝင်လာသည်။ ရူပကအလင်္ကာ၊ ဥပမာအလင်္ကာတို့ဖြင့် ရေးဖွဲ့ထားသော စကားပြေအများအပြား တွေ့နိုင်သည်။

> "ကာလယုတ်အခါဟူသော ညဉ့်၌မပွင့်တတ်သော ဘုရားသခင်သာသနာဟူသော ကြာတောကို ပွင့်စေတတ်သော နေလည်းဖြစ်ထသော ပစ္စည်းလေးပါးဟူသော အလှူမိုးရေသွန်းသဖြင့် သာသနာဟူသော သစ်ပင်မြတ်ကို စီးပွားစေတတ်ထသော ပဇ္ဇုန်နတ်လည်း ဖြစ်ထသော"

ဟူ၍ သီဟသူမင်းကြီးကို ရည်ညွှန်းထားသည့် အရေးအဖွဲ့တွင် ကာလယုတ်အခါနှင့် ညဉ့်၊ ဘုရား သာသနာနှင့် ကြာတောစသည်ဖြင့် ရူပကအလင်္ကာများ ဆက်ကာဆက်ကာ ထုံးဖွဲ့ထားသည်ကို သတိမူနိုင်သည်။ ထို့အတူပင်

"မဟာဝိဟာရ သုဓမ္မာမည်သော နတ်သဘင်လျှင် မြေတွင်ကျသို့ အလွန်ဆန်းကြယ်
တင့်တယ်စွာသော ရွှေကျောင်းကြီး"

"သမုဒ္ဒရာရေကိုလျှင် မမြင်နိုင်၏သို့ အကျိုးအတိုင်းမသိ"

စသော ဥပမာအလင်္ကာအရေးအဖွဲ့များလည်း ရှိသည်။

ထိုသို့သော အတ္ထာလင်္ကာရမြောက်သော အရေးအဖွဲ့များသာမက သဒ္ဒါလင်္ကာရမြောက်သော အရေးအဖွဲ့များလည်း အများအပြားရှိကြောင်းတွေ့ရသည်။ အချို့ကျောက်စာတို့၌ လင်္ကာစကားပြေ နှစ်ထွေရော၍ ရေးသားထားသည်ကိုလည်း တွေ့ရသည်။

"တန်ခိုးသတင်း၊ ရဲခြင်းသဒ္ဒါ၊ ပညာကြီးသော"

"ရတနာသုံးပါးကို ရိုသေသဒ္ဒါ မြတ်နိုးစွာသော"

"နိဗ္ဗာန်ချမ်းသာ မကြာလက်ငင်း ရလျှင်းစေကုန်သတည်း"

"လူလျှင်မဖြစ် ပြိတ္တာစစ်လျှင် ဖြစ်စေသတည်း"

စသော အရေးအသားမျိုးတို့ကို ဆိုလိုသည်။ ထို့ကြောင့် ပုဂံခေတ်နည်းတူ ကျောက်စာတို့တွင် ကဗျာ လင်္ကာအဖွဲ့တို့ကို တွေ့လာနိုင်ခဲ့သည်။

"စိုးဘေးမင်းဒဏ် ဖန်တလဲလဲသင့်စေသတည်း။

အကမ္ဘာဘာ ကြမ္မာခေါ်လျက်

ငရဲလက်၌ ကျက်စေသတည်း"

ဟူသော ကျိန်စာသည် သာဓက တစ်ရပ်ပင်ဖြစ်သည်။

**ကဗျာ**

ကျောက်ထက်အက္ခရာတင်သော ကဗျာအဖွဲ့များအပြင် ရတုကဗျာသည်လည်း ဤခေတ်၌ အထင်အရှားပေါ်ထွန်းခဲ့သည်။ ရတုကဗျာကို ရေးဖွဲ့သူမှာ စတုရင်္ဂဗလအမတ်ကြီး ဖြစ်သည်။ လောကုတ္တရာဆိုင်ရာ သိမှတ်ဖွယ်ခဲရာခဲဆစ်များနှင့် စပ်လျဉ်း၍ မိမိမရှင်းလင်းသည့် အချက်အလက်များကို ဖြေရှင်းပေးပါရန် ဆူးတွင်းပစ်ဆရာတော်ထံရတုဖြင့် လျှောက်ထားတောင်းပန်ခြင်းဖြစ်သည်။

ရတုကဗျာဆိုသည်မှာ လေးလုံးစပ် ကဗျာတစ်မျိုးပင်ဖြစ်သည်။ တစ်ပိုဒ်တည်းဖွဲ့ဆိုလျှင် ဧကပိုဒ်၊ နှစ်ပိုဒ်ဖွဲ့ဆိုလျှင် အဖြည့်ခံ၊ သုံးပိုဒ်ဖွဲ့ဆိုလျှင် ပိုဒ်စုံဟု သတ်မှတ်ခေါ်ဆိုကြသည်။ စတုရင်္ဂဗလ အမတ်ကြီး၏ ရတုမှာ ပိုဒ်စုံရတုဖြစ်သည်။ နှောင်းကာလတွင် ပေါ်ပေါက်သော ရတုများတွင် ကိုယ်ရေးကိုယ်တာအကြောင်းများ၊ ရာသီဥတုအကြောင်းများ၊ ဘုန်းတော်ဘွဲ့များ စသည်ဖြင့် အကြောင်း

DBE-ROY - Copyright Protected

အရာစုံကို ဖွဲ့ဆိုကြသည်။ စတုရင်္ဂဗလအမတ်၏ ရတုမှာမူ ဆိုခဲ့သည့်အတိုင်း တရားဓမ္မရေးရာ အမေးအမြူ သက်သက်ကို ဖွဲ့ဆိုထားခြင်း ဖြစ်သည်။ နှောင်းခေတ်ရတုများတွင် တစ်ပိုဒ်ထက်ပို၍ ဖွဲ့လျှင် အချီပဒချင်း၊ အချပဒချင်း၊ နဘောကာရန်ထပ်မိအောင် ရေးဖွဲ့ကြသည်။ စတုရင်္ဂဗလအမတ်ကြီး၏ ရတုတွင်မူ တစ်ပိုဒ်စီတွင် "ရွှေဖဝါးတော်အောက်"၊ "မင်း၏တရား"၊ "နာမ်နှင့်ရုပ်ကို" ဟူသော ပဒ အသီးသီးဖြင့် အစချီထားသည်။ ထို့အတူ အချပဒကာရန်များလည်း အပြည့်အဝမညီကြချေ။ ဤသို့ဖြင့် စတုရင်္ဂဗလအမတ်၏ ရတုတွင် ပေါ်ထွန်းစ ရတုကဗျာ၏ လက္ခဏာများကို လေ့လာနိုင်သည်။

ရတုတွင် လောကုတ္တရာအကြောင်းအရာတို့ကို ဖွဲ့ဆိုထားရာ ဗုဒ္ဓဘာသာ အဘိဓမ္မာ တရားကို အခြေခံမရှိလျှင် နားလည်နိုင်ရန် ခက်ခဲသည်။ သို့သော် ထိုသို့ ခက်ခဲရသည်မှာ စတုရင်္ဂဗလအမတ်ကြီးက ပါဠိပါဌ်သားများဖြင့် ခက်ခဲအောင် ဖွဲ့ဆိုခဲ့သောကြောင့် မဟုတ်ချေ။ စတုရင်္ဂဗလ အမတ်ကြီးကိုယ်တိုင်ကမူ လောကုတ္တရာအရေးကိစ္စပင်ဖြစ်လင့်ကစား မြန်မာဘာသာ မြန်မာစကားဖြင့် ရှင်းရှင်းလင်းလင်း ဖွဲ့ဆိုထားသည်။ အပိုဒ် (၁) လာ အောက်ပါ အဖွဲ့ကို သာဓကအဖြစ် ကြည့်နိုင်သည်။

"ရွှေဖဝါးတော်အောက်၊ ကျွန်၏ လျှောက်ဖြင့်၊ မလျှောက်ဝံ့ဝံ့၊ လျှောက်ဝံ့ဝံ့တည့်၊ ကြောက်ရွံ့ လျက်ပင်၊ စက်ရွှေစင်ကို၊ ထိပ်ပြင်ပန်းနှယ်၊ ဆင်စံပယ်လျက်၊ နိကာယ်လုံးစုံ၊ ကျမ်းသုံးပုံဝယ်၊ အာရုံညွတ်ညွတ်၊ ပရမတ်ကို၊ အထွတ်ဘုန်းခိုင်၊ သိမြင်နိုင်က၊ ကျော်လှိုင်ပေါက်ပြ၊ ကြားလ ကလျှင်၊ ဘဝသုံးမည်၊ လူနတ်ပြည်၌၊ မည်သည်ကုသိုလ်၊ နှိုင်းဆိုမတန်၊ နိဗ္ဗာန်လက်လှမ်း၊ နန်းပွင့် ငြိမ်းသည်၊ ရှင်လန်းဝမ်းမြောက်တော်မူစေသော်။"

လေးနက်ခက်ခဲသော အကြောင်းအရာတို့ကို လွယ်ကူရှင်းလင်းသော မြန်မာစကားဖြင့် ဖွဲ့ဆို နိုင်၍ ဤရတုကို ပညာရှင်တို့ ချီးကျူးကြသည်။

ပင်းယခေတ်တွင် ရတုကဗျာအပြင် တျာချင်း၊ ကာချင်းဟူသော အချင်းကဗျာများလည်း စတင်ပေါ်ထွန်းခဲ့သည်။ အချင်းကဗျာဆိုသည်မှာ သီချင်းဘက်သို့ နွယ်သောကဗျာများကို ဆိုလိုသည်။

တျာချင်းကို ပင်းယမင်း သီဟသူလက်ထက်တွင် ရေးဖွဲ့သည်ဟု အမှတ်အသားရှိသည်။

"ခါးပတ်တော်မှာ ရွှေချည်စုံ၊ မှိုင်းလုံး ရွှေဝတ်လုံ၊ မလုံသာချမ်းအေးမြ၊ မိုးသောက်ထ ရောင်မြူလာငယ်ကို ထိပ်ပန်း ပန်ငယ် မြင်းခင်း ကြွပါလို့လေး"

စသည်ဖြင့် မြင်းခင်းသဘင်သို့ ဘုရင်မင်းမြတ်ထွက်တော်မူဟန်ကို ဝေဝေဆာဆာ ဖွဲ့ဆိုသီကျူးထား ပါသည်။ တွေ့ရှိပြီးသမျှ တျာချင်းတို့အနက် ဤတျာချင်းသည် အစောဆုံးတျာချင်းဖြစ်သည်။

ကာချင်းများတွင် ပင်းယမင်း ငါးစီးရှင်ကိုယ်တိုင်ရေး၍ ကိုယ်တော်တိုင်သီဆိုကာ ကခဲ့ကြောင်း အဆိုရှိသည်။ ပင်းယခေတ်၏ သာယာစည်ပင်ပုံကိုလည်းကောင်း၊ ပင်းယခေတ် မြင်စိုင်းသားတို့၏ ဇာတိသွေး၊ ဇာတိမာန်ကိုလည်းကောင်း ထိုကာချင်းမှတစ်ဆင့် မြင်ယောင်နိုင်၊ ခန့်မှန်းနိုင်သည်။

"တာဝတိံသာ၊ နတ်ရွာလော နတ်ရွာလော

ဟုတ်တည်း ရှင်ချင်း ရှင်ချင်း

ဟုတ်တည်း ဆွေရင်း ဆွေရင်း

ဟုတ်တည်း သည်ရင်း သည်ရင်း"

စသည်ဖြင့် အတိုင်အဖောက် သီဆိုဟန်ရေးဖွဲ့ထားသဖြင့် အားမာန်အပြည့်ပါလျက်ရှိပါသည်။

ပင်းယခေတ်တွင် အမွှမ်းအမံ အခြယ်အမှုန်းများသော စကားပြေများ ပေါ်ထွန်းခဲ့သည်။ ကဗျာလင်္ကာများတွင်လည်း တျာချင်း၊ ကာချင်းတို့နှင့်အတူ ရတုကဗျာများကိုလည်း အထင်အရှား တွေ့ရသည်။ ခေတ်ကာလတိုတောင်းသဖြင့်တစ်ကြောင်း၊ တိုင်းရေးပြည်ရေးမတည်ငြိမ်သဖြင့်တစ်ကြောင်း စာပေလက်ရာအရေအတွက် မများသော်လည်း ယခုထိဖတ်နိုင်ခွင့်ရသမျှစာတို့မှာ အဆင့်အတန်း ရှိကြောင်းတွေ့ရသည်။ နှောင်းခေတ် မြန်မာစာပေဖွံ့ဖြိုးရေးအတွက်လည်း လမ်းခင်းပေးသကဲ့သို့ ရှိနေပေသည်။

ခေတ်ဦးကာလဖြစ်သော ပင်းယခေတ်လာ ကျောက်စာစကားပြေအရေးအသားများကို ချင့်တွက် ကြည့်ပါကလည်း ပုဂံခေတ်ကထက်ပင် အရေးအသားညက်ညောလာကြောင်း တွေ့နိုင်ပါသည်။ ကဗျာလင်္ကာဘက်တွင်လည်း စတုရင်္ဂဗလအမတ်ကြီး၏ "ရွှေဖဝါးတော်အောက်" အစချီ ရတုနှင့် ငါးစီးရှင်ကျော်စွာ၏ "မြင်စိုင်းရွှေပြည်" ကာချင်းတို့သည်လည်း ထင်ရှားလှသည်။ ယင်းကဗျာတို့၏ ရေးဖွဲ့ပုံမှာ ပုဂံခေတ်ကထက်ပင် အဆင့်အတန်းမြင့်မားလာသည်ကို တွေ့ရသည်။ သို့သော်လည်း ပင်းယခေတ်သည် စစ်မက်ရေးရာထူပြောလှသော ခေတ်ဖြစ်သောကြောင့် စာပေလက်ရာများမှာ ပုဂံခေတ်ကလောက် များပြားခြင်း မရှိကြောင်းတွေ့ရသည်။ ထို့ကြောင့် ပင်းယခေတ်မြန်မာစာပေလက်ရာ တို့ကိုကြည့်လျှင် ကျောက်စာ၊ မင်စာစသော စကားပြေအရေးအသားများနှင့်အတူ ရတု၊ ကာချင်း၊ လင်္ကာစသော ကဗျာလင်္ကာများ ထွန်းကားခဲ့ကြောင်းတွေ့ရသည်။

## အင်းဝခေတ်စာပေ (၁၃၆၄ - ၁၅၂၆)

ခရစ်နှစ် ၁၃၆၄ ခုနှစ်မှ ခရစ်နှစ် ၁၅၂၆ ခုနှစ်၊ အင်းဝပျက်သုဉ်းသည်အထိ နှစ်ပေါင်း ၁၆၀ ခန့် ကာလကို အင်းဝခေတ်ဟု သတ်မှတ်ကြသည်။ ခေတ်ကာလရှည်ကြာခြင်း၊ ငြိမ်းချမ်းသာယာခြင်း စသော အကြောင်းတို့ကြောင့် စာကောင်းပေကောင်းအများအပြား ထွန်းကားခဲ့သော ခေတ်ဖြစ်သည်။ စကားပြေများ ပေါ်ထွန်းခဲ့သော်လည်း ကဗျာအရေးအဖွဲ့ အားကောင်းလှသဖြင့် ကဗျာခေတ်အဖြစ် ထင်ရှားသည်။

### စကားပြေ

အင်းဝခေတ်ပေါ် စကားပြေစုတွင် ကျောက်စာစကားပြေ၊ ရာဇဝင်စကားပြေ၊ မေတ္တာစာ စကားပြေစသည်ဖြင့် စကားပြေအမျိုးအစား အတော်အတန်စုံစုံလင်လင် ပါဝင်သည်။

ကျောက်စာစကားပြေမှာ ပင်းယခေတ်စကားပြေ အစဉ်အလာကို ဆက်လက်ထိန်းသိမ်း ထူထောင်ခဲ့သည့် သဘောရှိသည်။ အင်းဝခေတ်ကျောက်စာများတွင် စကားပြေသက်သက်သာမက လင်္ကာစကားပြေ နှစ်ထွေရော ကျောက်စာများ၊ ကဗျာလင်္ကာကျောက်စာများကိုလည်း တွေ့နိုင်သည်။ ကဗျာလင်္ကာကျောက်စာတို့တွင် ရတနာစေတီကျောက်စာ၊ ရတနာဗိမာန်ကျောက်စာတို့မှာ ထင်ရှားသည်။

“မှတ်လော့ဗိုလ်ပါ၊ သာသနာစဉ်ရှည်၊ မြန်မာပြည်ကို၊ မူသည်မင်းတို့၊ ကွယ်ခြင်းထပြီ၊
မညီမညွတ်၊ ဖြစ်လတ်ချောက်ချား၊ ပျက်စီးများရကား”

အစရှိသောအဖွဲ့မှာ ရတနာစေတီကျောက်စာလာ အဖွဲ့ပင်ဖြစ်သည်။ ကဗျာထွန်းကားသောခေတ်တွင် လင်္ကာသွားကျောက်စာတို့ ပိုမိုနေရာယူလာသည်။

ရာဇဝင်စကားပြေအဖြစ် ထင်ရှားကျန်ရစ်ခဲ့သည်မှာ ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်ကျမ်းဖြစ်သည်။ မြန်မာစာပေသမိုင်းတွင် အဦးဆုံးတွေ့ရသည့် ရာဇဝင်ကျမ်းဟု ဆိုစမှတ်ပြုကြသည်။ မြန်မာမင်းဆက်အကြောင်းထက် မဟာဝင်မင်းဆက်အကြောင်းကို ဖော်ပြထားသည်။ ထိုရာဇဝင်ကျမ်းကို ပြုစုရာ၌ ဝါကျတိုရှည်တို့ကို နေရာတကျဆီလျော်အောင်သုံး၍ ကျွမ်းကျွမ်းကျင်ကျင် ရေးဖွဲ့ထားသည်။

“မြစ်ကား ဧရာဝတီမည်၏။ မြစ်မြောက်ဘက်ကား သုနာပရန္တတိုင်းမည်၏။ မြစ်တောင်ဘက်ကား
တမ္ဗဒီပတိုင်းမည်၏”

စသည်ဖြင့် ဝါကျတိုတို့ကို ချိတ်ဆက်ကာ ပြတ်ပြတ်တောင်းတောင်း တိုတိုရှင်းရှင်း ရေးထားသည်များလည်း ပါသည်။

"တစ်စုံတစ်ယောက်သော အမှုးအမတ် မင်းဆွေစိုးမျိုးတို့တွင် အလုပ်အကြံချွတ်၍ မကုံမလုံ ဖြစ်လတ်မူကား ဤမည်သော လူစိမ်းမြလူ ဟူတစ်ယောက်ကိုသာ ဝန်မမူဘဲ ကုံလုံအောင် ယူ၍ သင်္ဂြိုဟ်ကြ၏"

ဟူသော ဝါကျမျိုးဖြင့် ရှည်ရှည်လျားလျား ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသားထားသည်များလည်းပါသည်။ ထို့ကြောင့် ရာဇဝင်ကျော်စကားပြေသည် ရာဇဝင်အချက်အလက်များအတွက်သာမက အင်းဝခေတ်စကားပြေ လေ့လာရေးအတွက်လည်း အကျိုးကျေးဇူးများသော ကျမ်းတစ်စောင်ဖြစ်သည်။

အင်းဝခေတ်တွင် ပေါ်ပေါက်ခဲ့သော ဝတ္ထုစကားပြေမှာလည်း ရှင်မဟာသီလဝံသ၏ လက်ရာ ဖြစ်သည်။ အမည်မှာ ပါရာယနဝတ္ထုဖြစ်သည်။ ဘုရားဟောမွေကျွန္တာတို့မှ ကောင်းနိုးရာရာ ထုတ်နုတ် ပြုစုထားခြင်း ဖြစ်သည်။ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ လူယောကျ်ား၊ လူမိန်းမတို့တွင် နည်းမှီစံပြု လောက်သော ပုဂ္ဂိုလ်ရှစ်ဦးတို့၏ စိတ်ဝင်စားဖွယ် ဇာတ်လမ်းများပါဝင်သည်။ ပါဠိဘာသာ ပါဠိစာပေ ဖြင့်ရှိသော အကြောင်းအရာတို့ကို အင်းဝခေတ် မြန်မာဘာသာ မြန်မာစာဖြင့် ပြန်လည်ရေးဖွဲ့ပြပုံမှာ လေးစားထိုက်သည်။

"စင်ကြယ်သော ယောကျ်ားတစ်ယောက်သည် သံတွေနှစ်ခုကို မြင်လသောအခါ တစ်ခုသော သံတွေသည်ကား မသန့်မသက်ဖြင့် တလ္လ၏။ တစ်ခုသော သံတွေသည်ကား ရဲရဲညီ၏။ မသန့်မသက်ဖြင့် တလ္လသော သံတွေကိုလည်း စက်ဆုပ်သဖြင့် မကောင်းဖဲရှောင်၏။ ရဲရဲညီသော သံတွေကိုလည်း လောင်တတ်သည်ဖြစ်၍ မကောင်းဖဲရှောင်၏" (မသန့်မသက် = မသန့်မရှင်း၊ တလ္လ = ဆိုးရွားယုတ်မာသည်။ ရွံစရာ စက်ဆုပ်စရာ)

ဟူသော စာစုကို ကြည့်လျှင်ပင် အင်းဝခေတ်စာဖတ်ပရိသတ်နားလည်အောင် ဆရာတော် မည်မျှ အားထုတ်ခဲ့သည်ကို မြင်နိုင်သည်။ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးစီးပွားကို ပေးနိုင် သည့်ကျမ်းတစ်စောင်ပင်ဖြစ်သည်။

အင်းဝခေတ်တွင် မေတ္တာစာများကိုလည်း စတင်တွေ့ရသည်။ မေတ္တာစာဆိုသည်မှာ ပုဂ္ဂိုလ် တစ်ဦးက အခြားတစ်ဦးထံပေးပို့သော ပေးစာဖြစ်သည်။ ထိုသို့စာပေးပို့ရာတွင် ပေးပို့ခံရသူ ပုဂ္ဂိုလ်အား မေတ္တာရှေ့ထား၍ ပေးပို့သောစာဖြစ်သောကြောင့် မေတ္တာစာဟုခေါ်သည်။ ပင်းယစကြိုသူမြတ်၏ မေတ္တာစာမှာ အင်းဝသို့ စစ်ချီလာသည့် ရာဇာဓိရာဇ်ထံသွင်းသော မေတ္တာစာ ဖြစ်သည်။

"ပန်းယသူကြို မေတ္တာမပြတ် ပြုအပ်သော ဟံသာဝတီပြည်ကြီးကို အစိုးရတော်မူသဖြင့် ဘုရင်ရာဇာဓိရာဇ်ဟူသော အမည်ကို ခံတော်မူသော တရားမင်းမြတ်"

စသည်ဖြင့် စကားပြေသက်သက်ဖြင့်ရေးထားသည်။ ကန်တော်မင်းကျောင်းဆရာတော်၏ မေတ္တာစာ မှာ ရွှေဂူဒါယကာ မဟာဓမ္မရာဇ်မင်းထံသွင်းသော မေတ္တာစာဖြစ်သည်။ ရွှေဂူဒါယကာ မဟာဓမ္မရာဇ် ဆိုသည်မှာ ရွှေနန်းကြော့ရှင်ပင်ဖြစ်ကြောင်း ဆိုကြသည်။

"မပေ့ါမလေး၊ မနေးမလျင်၊ ရွှေချိန်ခွင်သို့၊
မတင်းမလျော့၊ လေဖောင်ဖော့သို့၊
မလျော့ပညာ၊ တံငါလုလင်၊ မြားကြိုးငင်သို့"

စသည်ဖြင့် လင်္ကာစကားများပါသည်။

"မမှည့်ဘဲကို မဆွတ်လင့်၊ မတင့်ဘဲကို မဝတ်လင့်၊
တိတ်တိတ်နေသော် ထောင်တန်၏။"

စသည်ဖြင့် စကားပြေသက်သက် အရေးအသားလည်းပါသည်။ ထိုသို့ လင်္ကာစကားပြေနှစ်ထွေ ရောရေးသားလျက် ဥပမာအဖုံဖုံပြကာ ဆုံးမသွန်သင်ထားရာ လွန်စွာမှတ်သားဖွယ်ကောင်းလှသည်။ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရစသည့် စာဆိုတို့သည်လည်း မေတ္တာစာများ ရေးဖွဲ့ကြသည်။

**ကဗျာ**

အင်းဝခေတ်သည် ကဗျာအဖွဲ့အားကောင်းသော ခေတ်ဖြစ်ရာ ကဗျာဖွဲ့သူတို့မှာ ရဟန်း၊ မင်း၊ ယောကျ်ား၊ မိန်းမဟူ၍ ပုဂ္ဂိုလ်စုံလင်သည်။ ကဗျာအမျိုးအစားမှာလည်း ပျို့၊ မော်ကွန်း၊ ချေင်းစသည်ဖြင့် အမျိုးအစားများပြားသည်။

ရဟန်းစာဆိုတို့တွင် ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့မှာ အထူးထင်ရှားသည်။ ရှင်မဟာသီလဝံသသည် ပေလေးပင်ရှင်လေးပါး အပါအဝင်ဖြစ်သည်။ "ပေလေးပင်ရှင်လေးပါး" ဆိုသည်မှာ တောင်တွင်းကြီးတစ်ဝိုက်တွင် မြန်မာသက္ကရာဇ် ၈၀၀ ခန့်က ပေါ်ခဲ့သော တဘောင်စကား ဖြစ်သည်။ ထိုတဘောင်စကားနှင့်အညီ ပေစိုက်ကြီးလေးစိုဖွတ်ခဲ့ကြောင်း အဆိုရှိသည်။ စာပေပညာရှင် အကျော်အမော် ရဟန်းတော် လေးပါးလည်း ထိုဒေသမှ ထွန်းပေါ်ထင်ရှားခဲ့သည်ဟုဆိုကြသည်။ ထိုရဟန်းတော်လေးပါးမှာ ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသ၊ ရှင်အုန်းညိုနှင့် ရှင်ခေမာတို့ဖြစ် သည်။ ရှင်ဥတ္တမကျော်သည် တောလားကဗျာတစ်ပုဒ်တည်းနှင့်ပင် ကျော်ကြားသည်။

"သဲခင်းသာဝယ်၊ သီတာကြည်လဲ့၊ ငှက်သံနွဲ့နှင့်၊ လွမ်းဖွယ်မြိုင်ခြေ၊ မြူခိုးဝေခဲ့"

စသည့်သရုပ်ဖော်အဖွဲ့ကောင်းများဖြင့် ဝေဆာနေသော တောလားဖြစ်သည်။

ရှင်အုန်းညိုသည် 'ဂါထာခြောက်ဆယ်ပျို့' တစ်စောင်တည်းနှင့် ထင်ရှားသည်။ ရှင်ခေမာ ကား ပါဠိကျမ်းဂန်များပြုစုခဲ့ကြောင်း သိရသည်။ ရှင်မဟာသီလဝံသဆရာတော်ကား 'ရာဇဝင်ကျော်'၊ 'ပါရာယနဝတ္ထု'စသော စကားပြေကျမ်းများအပြင် ပျို့များ၊ မော်ကွန်းများကိုလည်း ရေးဖွဲ့ခဲ့သည်။

ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရဆရာတော်တို့မှာ အင်းဝခေတ်တွင် အကျော်ကြား ဆုံး ခေတ်ပြိုင်စာဆိုများဖြစ်သည်။ ထိုရဟန်းစာဆိုနှစ်ပါး၏စာများကို နှိုင်းယှဉ်လေ့လာလေ့ရှိကြ

သည်။ "တောင်းကို မဖောက်၊ တောင်ကိုဖောက်သည်၊ စိန်ကျောက်အသွင် သီလဝင်"၊ "တောင်ကို မဖောက်၊ တောင်းကိုဖောက်သည်၊ စူးဆောက်ပမာ ရဋ္ဌသာ" စသည်ဖြင့် ဝေဖန်သုံးသပ်လေ့ရှိကြသည်။ "ရှင်မဟာသီလဝံသ၏ စာတို့မှာ လိပ်ရင်ဘတ်နှင့်တူသည်"၊ "ရှင်မဟာရဋ္ဌသာရ၏စာတို့မှာ ထန်းတက်သမား ရင်ဘတ်နှင့်တူသည်" ဟူ၍ ဆိုမိန့်ကြသည်။ ထိုသုံးသပ်ချက်များ၊ အဆိုအမိန့်များ၏ လိုရင်းသဘောမှာ ရှင်မဟာသီလဝံသ၏ စာတို့သည် လောကုတ္တရာ ခဲရာခဲဆစ်များနှင့် အစဥ်နှီးနွှယ်နေကြောင်း၊ ရှင်မဟာရဋ္ဌသာရ၏စာတို့မှာ လောကုတ္တရာကြောင်း၊ လောကီကြောင်း နှစ်ပါးပေါင်းစပ်နေသည့် အကြောင်းပင်ဖြစ်သည်။ ထိုသို့ဆိုရလောက်အောင်လည်း ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့မှာ "ပါရမီ မသိနှင့်" ဟု ဆိုစမှတ်ပြုရသည်အထိ လောကုတ္တရာရေးရာ ခဲရာခဲဆစ်များပါရှိသည်။

ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီး၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ ကိုးခန်းပျို့ စသော ပျို့များမှာ ရှင်းလင်းပြေပြစ်လှသည်။

"ပထမရွှယ်၊ ငယ်သော်ကတည့်၊ သိပ္ပခေါင်အား၊ တတ်မြောက်မြားမူ၊ တောသား ရန်အောင်၊ ခြသေ့်ယောင်သို့၊ မရှောင်မညာ၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်"

ဟူသည့် ကိုးခန်းပျို့လာအဖွဲ့ကဲ့သို့ မှတ်သားဖွယ် အဆိုအမိန့်များ အများအပြားပါဝင်သည့် ပျို့များဖြစ်သည်။ ထို့အတူ လောကီမှုများကို အခြေခံ၍ ဖွဲ့ဆိုထားသော ရှင်မဟာရဋ္ဌသာရ၏ ရတု၊ တောလား စသော စာစုတို့ကိုလည်း အများကနှစ်သက်ကြသည်။ ရဟန်းစာဆိုတော်နှစ်ပါး၏ စာတို့သည် တစ်မျိုးစီ တန်ဖိုးရှိကြသည်ချည်း၊ ထင်ရှားကြသည်ချည်းပင် ဖြစ်သည်။

ထိုဆရာတော်နှစ်ပါးအပြင် ရှင်အဂ္ဂသမာဓိသည်လည်း ပျို့များဖြင့် ကျော်ကြားသည်။ အထူးသဖြင့် ဆရာတော်၏ နေမိဘုံခန်းပျို့မှာ "ဘုံခန်း မစမ်းနှင့်" ဟု ဆိုစမှတ်ပြုရသည်။ ထိုပျို့လာ မြန်မာ့ဗိသုကာဝေါဟာရများ၊ တရားဓမ္မအရေးအဖွဲ့များကို ထွင်းဖောက်နားလည်နိုင်ရန် ခက်ခဲသောကြောင့် ဖြစ်သည်။ အင်းဝခေတ်တွင် ဝံတောင်လယ်ဘုန်းတော်ကြီး၊ ရှင်တေဇောသာရ၊ ရှင်ဣန္ဒဂုတ္တ စသော ရဟန်းတော်များသည်လည်း ကဗျာလင်္ကာ ရေးဖွဲ့ခဲ့ကြသေးသည်။

အင်းဝခေတ် လူပုဂ္ဂိုလ်စာဆိုတို့တွင် ဘုရင်တစ်ပါးဖြစ်သော ပထမမင်းခေါင်ကြီးသည်လည်း အပါအဝင်ဖြစ်သည်။ ရတုကဗျာရေးဖွဲ့ခဲ့ကြောင်း သိရသည်။

အင်းဝခေတ်တွင် ချေင်းကဗျာပေါ်ပေါက်ခဲ့ရာ အဒ္ဓမင်းညိုသည် ရခိုင်မင်းသမီး ချေင်းကိုလည်းကောင်း၊ ရှင်သူရဲသည် သခင်ထွေးချေင်းကိုလည်းကောင်း ဖွဲ့ဆိုခဲ့သည်။ ချေင်းဆိုသည်မှာ ဘုရင်၏ သားတော်သမီးတော်ကလေးများ ပခက် ယေင်ထက်၌ အိပ်ပျော်အောင် သီဆိုပေးရသော ကဗျာမျိုးဖြစ်သည်။ ဘိုးတော်ဘေးတော် ခမည်းတော်တို့၏ ဘုန်းတော်ဂုဏ်တော်တို့အကြောင်းကို ဇာတိမာန်ဖြစ်ဖွယ် သီကျူးဖွဲ့ဆိုထားကြသည်။ အဒ္ဓမင်းညို၏ ရခိုင်မင်းသမီးချေင်းသည် တွေ့ရှိရသော ချေင်းတို့တွင် အစောဆုံးဖြစ်သည်။

မော်ကွန်းကဗျာတို့တွင် အစောဆုံးဖြစ်သော ရှင်ထွေးညို၏ ပြည်စုန်မော်ကွန်းသည် အင်းဝခေတ်၌ပင် ပေါ်ထွန်းခဲ့သည်။ မော်ကွန်းဆိုသည်မှာ မျက်မှောက်ခေတ်တွင် အရေးပါသောအဖြစ်အပျက် အပြုအမူတစ်ရပ်ကို သမိုင်းတွင်ရစ်အောင် မှတ်တမ်းတင်ရေးဖွဲ့ထားသော စာမျိုးဖြစ်သည်။ ပြည်စုန်မော်ကွန်းမှာ အင်းဝခေတ်ခရီးသွားမှတ်တမ်းတစ်စောင်သဖွယ် အရေးပါသည်။ သက္ကရာဇ် ၈၃၄ ခုနှစ် အင်းဝဘုရင် မဟာသီဟသူရလက်ထက်တွင် အင်းဝရွှေမြို့တော်မှ ပြည်မြို့သို့ စုန်တော်မူပုံကို ရှင်ထွေးညိုက ရေးဖွဲ့ထားခြင်းဖြစ်သည်။

အင်းဝခေတ်တွင် ပေါ်ပေါက်ခဲ့သော အမျိုးသမီးစာဆိုနှစ်ဦးမှာထင်ရှားသည်။ နန်းတွင်းသူ မိဖြူနှင့် မိညိုတို့ဖြစ်သည်။ ထိုစာဆိုနှစ်ဦး၏ လက်ရာအဖြစ် ကိုယ်ရည်သွေးရတု တစ်ပုဒ်စီကျန်ခဲ့သည်။ တစ်ပုဒ်မျှစီပင် ဖြစ်လင့်ကစား တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်ကိုယ်ရည်သွေးဟန်မှာ စိတ်ဝင်စားဖွယ် ကောင်းလှသောကြောင့် ရတုနှစ်ပုဒ်လုံးပင် ထင်ရှားသည်။

ဤသို့လျှင် အင်းဝခေတ်သည် ပုဂ္ဂိုလ်မျိုးစုံစာမျိုးစုံပေါ်ပေါက်ထွန်းကားခဲ့သော ခေတ်ဖြစ်သည်။ စကားပြေထက် ကဗျာရေးဖွဲ့မှု အားသန်ခဲ့သော ခေတ်ဖြစ်သည်။ ရဟန်းတော်တို့က ဦးဆောင်ခဲ့သော စာပေခေတ်လည်း ဖြစ်သည်။ ပုဂံခေတ်၊ ပင်းယခေတ်တို့က ပျိုးထောင်ပြုစုလာခဲ့သောမြန်မာစာပေသည် ဝေဆာစည်ပင်လာပြီဟု ဆိုနိုင်သောခေတ်လည်း ဖြစ်သတည်း။

DBE BOX - Copyright Protected

## တောင်ငူခေတ်စာပေ (၁၅၂၇ - ၁၅၉၆)

ခရစ်နှစ် ၁၅၂၇ ခုနှစ်မှ ၁၅၉၆ ခုနှစ်ထိ နှစ်ပေါင်း ၇၀ ခန့် ကာလအပိုင်းအခြားကို တောင်ငူခေတ်ဟု သတ်မှတ်ကြသည်။ ထိုနှစ်များအတွင်း တောင်ငူ၌လည်းကောင်း၊ ဟံသာဝတီ ပဲခူး၌လည်းကောင်း ဘုန်းတန်ခိုးကြီးမားသောဘုရင်များ အုပ်စိုးခဲ့သည်။

အင်းဝခေတ်စာပေလောကတွင် ရဟန်းတော်တို့ ဦးဆောင်ရှေ့ရှုက်ပြုခဲ့ကြသည်ကိုလည်းကောင်း၊ လောကုတ္တရာကျမ်းဂန်များနှင့်နွှယ်သော စာကြီးပေကြီးများပြုစုခဲ့သည်ကိုလည်းကောင်း သိခဲ့ကြရပြီ။ တောင်ငူခေတ်စာပေလောကတွင် လူပုဂ္ဂိုလ်တို့သည် လောကီရေးစာပေများကို ဦးစားပေးပြုစုလာကြသည်။

### စကားပြေ

စကားပြေကဏ္ဍတွင် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းမှာထင်ရှားသည်။ မွန်မင်းရာဇာဓိရာဇ်၏ နိုင်ငံစည်းရုံးပုံ အရေးအခင်းများကို ရေးဖွဲ့မှတ်တမ်းတင်ထားသော ကျမ်းဖြစ်သည်။ ပြုစုသူမှာ မွန်ဝန်ကြီး ဗညားဒလဖြစ်သည်။ စင်စစ်အားဖြင့် ထိုကျမ်း၏မူရင်းမှာ မွန်ဘာသာဖြင့် ဖြစ်သည်။ မွန်ပညာရှင်တစ်ဦးဦးသည် ထိုကျမ်းကို အင်းဝခေတ်က ပြုစုခဲ့ဟန်တူသည်။ ထိုမွန်ဘာသာကျမ်းကို ရွေးနုတ်လျက် ဝန်ကြီးဗညားဒလက မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့သည်။ ဝန်ကြီး ဘာသာပြန်ကောင်းပုံကို စာပေပညာရှင်တို့ ချီးကျူးကြသည်။ ရာဇာဓိရာဇ်၏ခေတ်က သူရဲကောင်းများ၊ ပညာရှိများ၊ နန်းတွင်းသူ နန်းတွင်းသားများ၏ စရိုက်သဘာဝပေါ်လွင်အောင် ရေးဖွဲ့နိုင်သည့် အပြင် မြန်မာစကားပြေကို အလွန်နိုင်နင်း၍ စကားသုံးပုံ၊ ဝါကျဖွဲ့ပုံ၊ စီစဉ်ချိတ်ဆက် တင်ပြသွားပုံတို့မှာ အတုယူဖွယ်ကောင်းလှသည်။ သာဓကဆောင်ရလျှင် ရာဇာဓိရာဇ်၏ သူရဲကောင်းလဂွန်းအိမ်သည် ရန်သူလက်တွင်းကျဆုံး၍ အလောင်းကို ဖောင်နှင့်မျှောလိုက်ရာတွင် ရာဇာဓိရာဇ် ဆီးကြိုပုံကို ဤသို့ဖွဲ့ထားသည်။ သူရဲကောင်းကို နှမြောတတ်သော ရာဇာဓိရာဇ်၏ စရိုက်ပေါ်လွင်သော အဖွဲ့ဖြစ်သည်။

> “ဘုရင်ရာဇာဓိရာဇ်လည်း ငှက်ပျောဖောင်တွင် ပုဆိုးဖြူအုပ်လျက် မီးတိုင်နှင့် မျှောလာသည်ကို မြင်တော်မူသော် လဂွန်းအိမ်အကောင်ဖြစ်မည်ဟု လှေနှင့်ဆီး၍ ဆက်စေ၏။ ကမ်းသို့ရောက်လျှင် လဂွန်းအိမ်အကောင်မှန်လေသည်ဟု လျှောက်လတ်သော် သုရှင်ဖောင်တော်က သက်၍ ပုဆိုးဖြူကို ဖွင့်ပြီးမှ လဂွန်းအိမ်ကို မျက်နှာချင်းကပ်၍ ငိုတော်မူ၏၊ ‘ဗိုလ်မင်းပြတ်ဇလည်း ငါ့ကိုပစ်၍ သွားခဲ့ပြီ။ မင်းလည်း ယခုငါ့ကို ပစ်ခဲ့သည်။ ငါကြံဖော်မရပြီ၊ သည်အခါ ငါ့အစွယ် နှစ်ချောင်း ကျိုးခဲ့ပြီ။ နောင်သော် အကျိုးယုတ်ချေတော့မည်’ ဟု မိန့်တော်မူပြီးမှ လဂွန်းအိမ်အကောင်ကို သဂြိုဟ်တော်မူသည်။”

တောင်ငူခေတ်၏စကားပြေအရေးအသားကို ကြည့်လျှင်လည်း စစ်မက်ရေးရာထူပြောနေသည့် ကာလဖြစ်သောကြောင့် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းလောက်သာတွေ့ရသည်။

## ကဗျာ

တောင်ငူခေတ်တွင် ထင်ရှားခဲ့သော ကဗျာစာဆိုများအနက် လှော်ကားသုံးထောင်မှူးနှင့် ရှင်ထွေးနာသိမ်တို့မှာ အင်းဝနန်းတော်နှင့် အကြောင်းမကင်းကြသူများဖြစ်သည်။ အင်းဝ ထီးရေး နန်းရေး အရှုပ်အထွေးကြောင့် အင်းဝမပျက်ခင်ကပင် တောင်ငူသို့ ဝင်ရောက်ခိုလှုံနေခဲ့သူများ ဖြစ်သည်။ လှော်ကားသုံးထောင်မှူးသည် ရတုအများအပြားရေးခဲ့သော်လည်း ချေင်းဆရာ၊ ရွှေနားတော်သွင်းဆရာ အဖြစ် ပိုမိုထင်ရှားသည်။ ထိုခေတ်တွင် အန်ချင်းလည်း ပေါ်ပေါက်ခဲ့ရာ ရဝေရှင်ထွေး၏ အန်ချင်းများမှာ ထင်ရှားသည်။

ဆိုခဲ့သည့်အတိုင်း ချေင်း၊ အန်ချင်း ကဗျာများပေါ်ထွန်းခဲ့သော်လည်း တောင်ငူခေတ်သည် ရတုကဗျာခေတ် ဖြစ်သည်။ အင်းဝမှပြေးလာသော လှော်ကားသုံးထောင်မှူး၊ စစ်ကိုင်း၊ အင်းဝမှ ရောက်လာသော ပြည်နဝဒေးကြီးတို့သည် ရတုကဗျာများဖွဲ့ဆိုခဲ့ကြသည်။ တောင်ငူခေတ်တွင် ရတု ကဗျာမဖွဲ့သူ စာဆိုရှားသည်။ ရတုကဗျာလောက ဦးဆောင်သူတို့မှာ ပြည်နဝဒေးကြီးနှင့် ရတုဘုရင် နတ်ရှင်နောင်တို့ ဖြစ်သည်။

ပြည်နဝဒေးကြီးသည် နန်းတော်အိမ်တော်မှာနေရင်းဖြစ်စေ၊ စစ်ချီထွက်ရင်းဖြစ်စေ အခွင့်သာတိုင်း ရတုဖွဲ့လေ့ရှိသည်။ နတ်ရှင်နောင်သည်လည်း ထိုနည်းတူပင်ဖြစ်သည်။ မိမိကိုယ်ရေးကိစ္စများအတွက် လည်းကောင်း၊ ညီတော်နောင်တော်တို့၏ ကိုယ်ရေးကိစ္စများအတွက်လည်းကောင်း ရတုကဗျာ အများ အပြားဖွဲ့ဆိုသည်။ ရတုကဗျာအရေအတွက် များပြားလာသည့်အလျောက် ရတုအမျိုးအစားနယ်ပယ် သည်လည်း ကျယ်ဝန်းလာသည်။ ဘုရားတိုင်၊ စစ်ချီ၊ ကျေးစေ၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ ရာသီဘွဲ့စသည်ဖြင့် ရတုပါအကြောင်းအရာကိုလိုက်၍ ရတုအမျိုးအမည် သတ်မှတ်ခေါ်ဆိုကြသည်။ နတ်ရှင်နောင်၏ ရတုများကား ကျစ်လျစ်သည်၊ နက်နဲသည်၊ သိမ်မွေ့သည်ဟု ဆိုစမှတ်ပြုကြသည်။ ထို့အတူ နဝဒေး၊ နတ်ရှင်နောင်တို့နည်းတူ မင်းဇေယျရန္တမိတ်၊ ရှင်သံကိုယ်(ရှင်သံခို)တို့သည်လည်း ရတုဆရာကောင်း များ ဖြစ်ကြသည်။

ထို့ကြောင့်လူပုဂ္ဂိုလ်စာဆိုများ ရှေ့တန်းတက်လာခဲ့ခြင်း၊ ကိုယ်ရေးကိုယ်တာအတွက် ရေးဖွဲ့နိုင်သော ရတုကဗျာများ ထွန်းကားလာခြင်း၊ အန်ချင်းကဗျာ စတင်ပေါ်ပေါက်လာခြင်းတို့သည် တောင်ငူခေတ် ၏ ထူးခြားသောလက္ခဏာများ ဖြစ်လေသည်။

DBE Burma Copyright Protected

## ညောင်ရမ်းခေတ်စာပေ (၁၅၉၆ - ၁၇၅၂)

ခရစ်နှစ် ၁၅၉၆ ခုနှစ်မှ ၁၇၅၂ ခုနှစ်ထိ နှစ်တစ်ရာ့ငါးဆယ်ကျော်ကို ညောင်ရမ်းခေတ်ဟု သတ်မှတ်ကြသည်။

ယင်းကာလတွင် စင်စစ်အားဖြင့် အင်းဝထီးနန်းတန်ခိုးအာဏာ ပြန်လည်တက်လာသောကြောင့် ဒုတိယအင်းဝခေတ်ဟုလည်း ခေါ်နိုင်သည်။ သို့သော် ထိုကာလအတွင်း အုပ်စိုးခဲ့ကြသောမင်းများမှာ အင်းဝထီးနန်းကို တစ်ဖန်ပြန်လည်ထူထောင်ခဲ့သော ညောင်ရမ်းမင်းတရားကြီး၏ အဆက်အနွယ်များ ဖြစ်သောကြောင့် ညောင်ရမ်းခေတ်ဟု ခေါ်ခြင်းဖြစ်သည်။

### စကားပြေ

ညောင်ရမ်းခေတ်သည် မြန်မာစာပေသမိုင်းတွင် တစ်မူထူးခြားသောခေတ်ဖြစ်သည်။ စကားပြေအရေးအသားတွင် အစွမ်းထက်ကြသော စာပေပညာရှင်ကြီးများ ပေါ်ပေါက်လာသည်။ ဆရာစဉ်ဆက်ပြောဆိုမှတ်သားကြသည့် ကျမ်းတတ်ပုဂ္ဂိုလ်ကျော်လေးပါးတွင် အပါအဝင်ဖြစ်သော အင်းဝဝရာဘိသင်္ခနာထဆရာတော်နှင့် တောင်ဖီလာဆရာတော်တို့မှာ အထူးထင်ရှားသည်။

ဝရာဘိသင်္ခနာထဆရာတော်သည် "မဏိကုဏ္ဍလ"ဝတ္ထုကို ရေးသားပြုစုခဲ့သည်။ မြနန်းတောင်းသဖွယ် ခုံခုံမင်မင် ပန်ဆင်ဖတ်ရှုစေလို၍ ထိုအမည်ကိုပေးထားသည်။ အကြောင်းအရာမှာ ဘုရားလောင်းသုတသောမမင်း၏ ဇာတ်လမ်းဖြစ်သည်။ ထိုဇာတ်လမ်းကို မဏ္ဍိုင်ပြု၍ ငါးရာ့ငါးဆယ်အဝင်အပါအခြားဇာတ်လမ်းများနှင့် ဆက်စပ်စီစဉ်ရေးသားထားသည်။ ပင်မဇာတ်တစ်ခုကို အခြေခံ၍ အခြားဇာတကဇာတ်လမ်းအများကိုပါ ထည့်သွင်းရေးဖွဲ့သွားပုံမှာ ထူးခြားလှသည်။ ထိုသို့ အစီအစဉ်ချရာ၌သာ စိတ်ကူးကောင်းသည်မဟုတ်၊ စကားပြေအရေးအဖွဲ့လည်း ရှင်းလင်းကောင်းမွန်သည်။

တောင်ဖီလာဆရာတော်သည် အမေးတော်အဖြေကျမ်းများနှင့် ယသဝဍ္ဎနဝတ္ထုတို့ကို ပြုစုခဲ့သည်။ အမေးတော်အဖြေကျမ်းဆိုသည်မှာ အနောက်ဘက်လွန်မင်း၊ သာလွန်မင်းစသည့် မင်းအသီးသီး၏ မေးမြန်းလျှောက်ထားချက်တို့ကို ဆရာတော်က ဖြေဆိုထားသောစာများဖြစ်သည်။ လောကီလောကုတ္တရာ နှစ်ဖြာသောနယ်ပယ်ရှိ ခဲရာခဲဆစ်များကို မြန်မာစကားပြေဖြင့် ရေးသားရှင်းလင်းပြသွားပုံမှာ လေးစားထိုက်သည်။ ယသဝဍ္ဎနဝတ္ထုသည်လည်း အကြောင်းအရာအားဖြင့် တန်ဖိုးရှိခြင်း၊ စကားပြေအရေးအသားကျစ်လျစ်ထိမိခြင်း စသည်တို့ကြောင့် ကျော်ကြားသည်။

ထိုစကားပြေကျမ်းများနည်းတူ ဆရာတော်ရှင်သန္ဓမ္မာလင်္ကာရ၏ ရတနာကရဝတ္ထုမှာလည်း ထူးခြားသည်။ ဓမ္မပဒကျမ်းကိုမှီး၍ ရေးသောဝတ္ထုစကားပြေဖြစ်သည်။ ရတနာကရဝတ္ထု အရေးအသားကို သာဓကဆောင်ရလျှင်

"လုလင်လှ၊ ထောပတ်ဆီတို့ဖြင့်သွန်း၍ ရဲရဲတောက်သောမီးကိုရေဖြင့်သွန်း၍ စင်စစ်လျှင် ငြိမ်းစေဘိသကဲ့သို့ လုလင်လှ၊ သင်လည်းစိုးရိမ်ခြင်းဖြင့် နှလုံးပူလောင်သော ငါ့ကိုတရားစကားတည်းဟူသော ရေဖြင့်သွန်း၍ အလုံးစုံသော ငါ့စိတ်ပူလောင်ခြင်းကိုစင်စစ်လျှင် ငြိမ်းစေဘိ၏"

ဟူ၍ ခံ့ညားသော ရေးဟန်မျိုးဖြစ်ကြောင်း တွေ့ရသည်။

ဝတ္ထုစကားပြေများအကြားတွင် တသီးတသန့်ထင်ထင်ရှားရှားကြီး ပေါ်ထွက်လာသည်မှာ ရာဇဝင်စကားပြေပင်ဖြစ်သည်။ ပြုစုသူမှာ ဦးကုလားဖြစ်၍ ဦးကုလားမဟာရာဇဝင်ကြီးဟု တွင်သည်။ ဤရာဇဝင်ကျမ်းကို အထောက်အထား အကိုးအကားများဖြင့် စနစ်တကျပြုစုထားသည်။ မြန်မာမင်း အသီးသီးတို့အကြောင်း စုံနိုင်သမျှစုံအောင် ရေးထားသည်။ ဦးကုလား၏ စကားပြေမှာ တိုလည်းတို၊ ရှင်းလည်းရှင်း၊ ပြေလည်းပြေသောစကားပြေဖြစ်သည်။

သာဓကအဖြစ်ပြရလျှင် အလောင်းစည်သူမင်းကြီးအကြောင်းကိုရေးရာတွင်

"မင်းကြီးကား အဆင်းလည်း အလွန်လှတော်မူ၏။ အသံလည်းသာယာစွာ၏။ သီချင်းစောင်းငြင်းကို အလိုရှိတော်မူ၏။ ဆင်ကောင်းမြင်းကောင်း ဆိတ်ကောင်း ကြက်ကောင်းများ၏။ ကျီကြဘဏ္ဍာ ဥစ္စာရွှေငွေများ၏"

စသည်ဖြင့်ရှင်းလင်းပြေပြစ်စွာ ရေးသားထားပုံကို တွေ့နိုင်သည်။

ပုဂံခေတ်ကပင် ပေါ်ထွန်းခဲ့သည်ဟု ယူဆရသော ဓမ္မသတ်ခေါ် တရားဥပဒေကျမ်းများကို ဤခေတ်တွင် အထင်အရှားတွေ့ရသည်။ သာလွန်မင်းလက်ထက် ကိုင်းရွာစား မနုရာဇာ၏ မဟာရာဇသတ်ကြီး၊ ဟံသာဝတီရောက်မင်းလက်ထက် ရှင်မဟာဗုဒ္ဓကိုရ်၏ ဓမ္မသတ်ကျော်နှင့် ရှင်ဝေဓာစာရ၏ ဝိနိစ္ဆယရာသီ စသည်တို့သည် ထင်ရှားသော ဓမ္မသတ်ကျမ်းများဖြစ်သည်။

ညောင်ရမ်းခေတ်စကားပြေလောက၏ ထူးခြားချက်တစ်ရပ်မှာ ပြဇာတ်စာပေပေါ်ပေါက်လာခြင်းဖြစ်သည်။ ယနေ့ထိတွေ့ရသမျှတွင် အစောဆုံးဟု သတ်မှတ်ထားရသော မဏိကက်ပြဇာတ်သည် ညောင်ရမ်းခေတ်ပြဇာတ်ဖြစ်သည်။ ရေးသားပြုစုသူမှာ ဝန်ကြီးပဒေသရာဇာ ဖြစ်သည်။ ရိုးရိုးစကားပြေဟန်၊ လင်္ကာသွားစကားပြေဟန်တို့အပြင် အချင်းကဗျာများလည်း ပါဝင်သည်။ ဝန်ကြီးပဒေသရာဇာသည် ညောင်ရမ်းခေတ်တွင် ပြဇာတ်စာပေဖြင့် မှတ်တိုင်သစ်တစ်ခု စိုက်ထူပေးလိုက်သကဲ့သို့ ရှိသည်။

## ကဗျာ

ညောင်ရမ်းခေတ်ကဗျာလောကတွင်လည်း ဝန်ကြီးပဒေသရာဇာ၏ အားထုတ်မှုအမျိုးမျိုးကို တွေ့နိုင်သည်။ အင်းဝခေတ်က ဗုဒ္ဓဝင်၊ ဇာတက၊ ဇာတ်နိပါတ်များကိုသာ ပျို့ဖွဲ့ဆိုခဲ့သည်။ ဝန်ကြီးပဒေသရာဇာက သူဇာပျို့၊ မနော်ဟရီပျို့စသောပျို့များကို ဇင်းမယ်ပဏ္ဏာသမှ ဇာတ်လမ်းများကိုယူ၍

ပို့ကဗျာဖွဲ့သည်။ ပို့ကဗျာကို လောကုတ္တရာရေးရာမှ လောကီရေးရာဘက်သို့ ဦးလှည့်ခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးပဒေသရာဇာ၏ သူဇာပို့မှာ အထူးကျော်ကြားခဲ့သည်။ "စာနုကိုလည်း မချစ်နှင့်၊ သူဇာကိုလည်း မပစ်နှင့်" ဟူ၍ပင် စကားဆိုရိုးပြုကြသည်။

ပို့ကဗျာတွင်သာမဟုတ်၊ တျာချင်းများတွင်လည်း ဝန်ကြီးပဒေသရာဇာ၏ အသစ်တီထွင်မှုသဘောကို တွေ့နိုင်သည်။ ရှေးအဆက်ဆက်ကမူ မင်းစိုးရာဇာတို့အကြောင်း၊ ထီးအကြောင်း နန်းအကြောင်း ဖွဲ့ဆိုခဲ့သည်။ ပဒေသရာဇာကမူ လက်လုပ်လက်စား လူထုအကြောင်းကို နေရာပေး ရေးဖွဲ့လာသည်။ ဆင်ဖမ်းသမား၊ လှေသမား၊ ထန်းသမား၊ လယ်သမား စသည်ဖြင့် ဆင်းရဲသားတို့ဘဝကို စာနာချင်စိတ်ပေါ်လာအောင် ဖွဲ့ဆိုသီကုံးခဲ့လေသည်။ ပဒေသရာဇာသည် တေးသီချင်းများလည်း ရေးဖွဲ့ခဲ့သည်။ မြန်မာ့ဂီတသင်ရိုးတွင် ပထမဆုံးလေ့လာရသော "ထံတျာတေးရှင်" ပုစဉ်းတောင်သံကြိုးနှင့်တကွ ကြိုး၊ ဘွဲ့၊ သီချင်းခံများသည် ပဒေသရာဇာ၏ ကြိုးပမ်းမှုဖြင့် ညောင်ရမ်းခေတ်တွင် ပေါ်ထွန်းခဲ့သည်။ စာပေဘက်က ကြည့်လျှင်လည်း အရေးအဖွဲ့ကောင်းမွန်သော သီချင်းများဖြစ်သည်။

ညောင်ရမ်းခေတ်တွင် ကျေးလက်ပြည်သူတို့၏ အချင်းကဗျာ တစ်မျိုးဖြစ်သော အိုင်ချင်းကဗျာသည်လည်း စာပေလောကတွင် ပေါ်ထွက်ခဲ့သည်။ တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းများမှာ ကျော်ကြားသည်။ ကျေးလက်ပြည်သူတို့အကြောင်း အရိုးခံအတိုင်း ဖွဲ့ဆိုသီကျူးထားသော ကဗျာများဖြစ်သည်။ ညောင်ရမ်းခေတ် အိုင်ချင်းကဗျာများသည် အစောဆုံးအိုင်ချင်းကဗျာများဖြစ်သည်။

ညောင်ရမ်းခေတ်တွင် အစောဆုံးတွေ့ရသည့် အခြားကဗျာတစ်မျိုးမှာ လူးတားကဗျာဖြစ်သည်။ ရှင်ကရဝိကဆရာတော်၊ ဝန်ကြီးပဒေသရာဇာနှင့် ဆီသည်ရွာစား ဦးအောင်ကြီးတို့သည် လူးတားကဗျာကို အရေးအဖွဲ့များကြသည်။ ဆီသည်ရွာစား ဦးအောင်ကြီးသည် ဆယ့်နှစ်လရာသီဘွဲ့ လူးတားများဖြင့် ကျော်ကြားသူဖြစ်သည်။ လူးတားကဗျာဟု ခေါ်ဆိုခြင်းနှင့်စပ်လျဉ်း၍ အဆိုအမိန့် အမျိုးမျိုးရှိသည်။ အသံရှည်ဆွဲ၍ ဆိုရသောကြောင့် လူးတားခေါ်ကြောင်းအချို့က ဆိုသည်။ လူးတား ဆိုသည်မှာ လှေသမား၊ ဖောင်သမားစကားဖြစ်ကြောင်း အချို့က မိန့်သည်။

ညောင်ရမ်းခေတ် နောက်ဆုံးမင်းဆက်ဖြစ်သော ဟံသာဝတီရောက်မင်းတရားသည် ကဗျာစာဆို တစ်ဦးဖြစ်သည်။ ရန်သူတို့၏ ကွပ်မျက်ခြင်းမခံရမီ "ပုဂ္ဂိုလ်ခြောက်မည်"အစချီသော ရတုပိုဒ်စုံကို ရေးဖွဲ့သွားသေးသည်ဟုဆိုသည်။

ညောင်ရမ်းခေတ်တွင် ဝတ္ထုနှင့် ရာဇဝင်အရေးအသားများ ပြန်လည်ထွန်းကားလာသည်။ ပို့များ၊ တျာချင်းများတွင် ရေးဖွဲ့သည့် အကြောင်းအရာနယ်ပယ် ကျယ်ဝန်းဆန်းသစ်လာသည်။ တျာချင်းများ အသွင်သစ်ဖြင့် ပေါ်ထွန်းလာသည်။ ဗုဒ္ဓစာပေလာအကြောင်းအရာများ၊ ထီးနန်းဝန်းကျင် အကြောင်းအရာများသာမက ကျေးလက်ပြည်သူ့ဘဝအကြောင်းအရာများပါ နေရာပေး ရေးဖွဲ့လာသည်ကို ထူးထူးခြားခြားတွေ့သည်။ ဤသည်တို့ကား ညောင်ရမ်းခေတ်၏ စာပေလက္ခဏာများပင် ဖြစ်ပေသည်။

# ကုန်းဘောင်ခေတ်စာပေ (၁၇၅၂ - ၁၈၈၅)

ကုန်းဘောင်ခေတ်သည် အလောင်းဘုရားက ကုန်းဘောင်ရွှေဘိုကို ဗဟိုပြု၍ မြန်မာနိုင်ငံကို ပြန်လည်စည်းရုံးသည့်အချိန်မှ မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှကိုလိုနီဘဝသို့ ကျရောက်ချိန်အထိ (ခရစ်နှစ် ၁၇၅၂ ခုနှစ် ၁၈၈၅ ခုနှစ်အထိ) နှစ်ပေါင်း ၁၃၀ ကျော်ကြာမြင့်သော ခေတ်ဖြစ်သည်။

ထိုခေတ်တွင်လည်း ရှေးခေတ်များမှာကဲ့သို့ပင် ဗုဒ္ဓဘာသာထွန်းကားမှု၊ ဘုရင်များ၏ ချီးမြှောက်မှုတို့ကို အကြောင်းပြု၍ ရဟန်း၊ မင်းညီမင်းသား၊ မင်းမှုထမ်းစာဆိုများက ဓမ္မကြောင်း၊ ရာဇကြောင်းကဲသောစာပေများကို အမြောက်အမြားပင် ဆက်လက်ပြုစုကြသည်။ ပဒေသရာဇ်ခေတ် အထွတ်အထိပ်သို့ ရောက်လာသည့်အားလျော်စွာ ဓမ္မကြောင်း၊ ရာဇကြောင်းစာပေများ အင်နှင့်အားနှင့် ထွန်းကားလာသည်။ သာမန်ပြည်သူတို့၏အကြောင်းကို ဖော်ပြသော လောကကြောင်း စာပေများ အားနည်းနေဆဲပင် ဖြစ်သည်။ သို့သော် လူ့ဘဝ၊ ပတ်ဝန်းကျင်ကို ဂရုပြုမိ၍ စေတနာလည်းသက်ရောက်သော စာဆိုတို့၏ကျေးဇူးကြောင့် ထိုခေတ်တွင် လောကကြောင်းစာပေများ အထိုက်အလျောက် ထွန်းကားလာသည်။

ထို့ပြင် ကုန်းဘောင်ခေတ်တွင် မြန်မာတို့သည် ယိုးဒယား၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ် စသည့် နိုင်ငံများနှင့် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအရ ဆက်ဆံလာရသည့်အတွက် အတွေ့အကြုံအသစ်များ ရရှိလာရာ ထိုအတွေ့အကြုံသစ်များကလည်း မြန်မာစာပေတိုးတက်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည်။

ဤသို့သော အခြေအနေများကို နောက်ခံပြု၍ ပေါ်ထွန်းလာသော ကုန်းဘောင်ခေတ် စာပေလမ်းကြောင်းကို လေ့လာကြည့်လျှင် စကားပြေဘက်တွင်လည်းကောင်း၊ ကဗျာဘက်တွင်လည်းကောင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာသည့် သဘောကို တွေ့ရပေသည်။ ထိုသို့ ဖွံ့ဖြိုးလာသော ကုန်းဘောင်ခေတ် စာပေလမ်းကြောင်းကို သိလွယ်မြင်လွယ်စေရန် စာပေအမျိုးအစားအလိုက် တစ်ကန့်စီ ကြည့်သွားမည် ဖြစ်သည်။

**စကားပြေ**

စကားပြေဘက်တွင် ဗုဒ္ဓစာပေကို အခြေခံသော ဝတ္ထုစကားပြေများ ရှေးကထက် ပိုမို ထွန်းကားလာသည်။ ဘုရားရှင်၏နောက်ဆုံးဘဝ ဖြစ်တော်စဉ်ကိုပြသော 'ဗုဒ္ဓဝင်ဝတ္ထု'များထဲတွင် ကုန်းဘောင်ခေတ်ဦးပိုင်း ဒီပဲယင်းဆရာတော်၏ တထာဂတဥဒါနဒီပနီ၊ ခေတ်လယ်ပိုင်း၌ ဒုတိယမဲထီးဆရာတော်၏ မာလာလင်္ကာရဝတ္ထု၊ ခေတ်နှောင်းပိုင်း၌ ကျီးသဲလေးထပ်ဆရာတော်၏ 'ဇိနတ္ထပကာသနီ'တို့ အထင်အရှား ပေါ်ထွန်းလာသည်။ ထို့ပြင် ထိုခေတ်တွင် မြန်မာစကားပြေဖြင့် ပြန်ဆိုရေးသားသော

'ဇာတ်ကြီးဆယ်ဘွဲ့' ဝတ္ထုများ အပြည့်အစုံ ပေါ်ပေါက်လာခြင်းမှာလည်း မှတ်သားဖွယ်တစ်ရပ်ဖြစ်သည်။ မင်းဘူးဆရာတော်ဦးဩဘာသသည် ဘိုးတော်ဘုရားလက်ထက်တွင် သုဝဏ္ဏသာမနှင့် ဘူရိဒတ် ဇာတ်တော်ကြီး နှစ်စောင်မှအပ ကျန်ဇာတ်တော်ကြီး ရှစ်စောင်ကို မြန်မာစကားပြေဖြင့် ပြန်ဆိုရေးသားခဲ့သည်။ သုဝဏ္ဏသာမနှင့် ဘူရိဒတ်ဇာတ်တော်တို့ကိုမူ ရှင်ပညာတိက္ခနှင့် ရှင်နန္ဒမေဓာတို့က အသီးသီးပြန်ဆို ရေးသားခဲ့သည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့ စကားပြေများသည် ကာရန်နဘေများဖြင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ချဲ့ချဲ့ထွင်ထွင် ပြန်ဆိုထားသော စကားပြေမျိုးဖြစ်သည်။ 'ဝေဿန္တရာဇာတ်တော်ကြီး'တွင် မဒ္ဒီဒေဝီက ဝေဿန္တရာမင်းကြီးအား ဟိမဝန္တာသာယာပုံ ချီးမွမ်းလျှောက်ထားပုံကို ရေးဖွဲ့ရာတွင်

> "ထိုတောစုံမြိုင်ခရီး၌၊ လမ်းနှစ်ဖက်မှ၊ ခက်ရွက်ညွန့်ဖူး၊ ယှက်ကူးသိုင်းမို့၊ စိမ်းညို့မှိုင်းဝေ၊ ပင်ခြေရှင်းရှင်း၊ သင်းသင်းပျံ့မွှေးသော တောအရေး၏တင့်တယ်ခြင်းကို မျှော်ကာရှုကာ ရိပ်ခိုကာဖြင့် မကွာတူကွ၊ သွားကြရလျှင်၊ ပြည့်ရတနာ၊ နန်းအောင်ချာကို၊ ဘယ်မှာသခင်၊ အောက်မေ့ချင်တော့အံ့"

ဟူ၍ ကာရန်ကလေးများဖြင့် ဝေဝေဆာဆာဖွဲ့နွဲ့ထားပုံကို တွေ့နိုင်ပါသည်။

ထို့အတူ ဘိုးတော်ဘုရားလက်ထက်မှာပင် ပေါ်ပေါက်လာသော ညောင်ကန်ဆရာတော်၏ 'ငါးရာ့ငါးဆယ်ဝတ္ထု' စကားပြေသည်လည်း ထင်ရှားသည်။ ဆရာတော်၏ စကားပြေမှာမူ ပါဠိမှ တိတိကျကျ တိုက်ရိုက်မြန်မာပြန်သော စကားပြေမျိုး ဖြစ်သည်။

> "လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် များစွာသော စည်းစိမ်ရှိသော သူဌေးသည် ဖြစ်၏။"

ဟူသောရေးဟန်မျိုးဖြစ်သည်။ ထို့ပြင်မက ဗုဒ္ဓစာပေဝတ္ထုများကို ကုန်းဘောင်ခေတ်တစ်လျှောက်လုံးတွင်လည်း အသွင်အမျိုးမျိုးနှင့် တွေ့ရသည်။ မောင်းထောင်ဆရာတော်၊ မုန်တိုင်ပင်ဆရာတော်၊ မုံရွေးဆရာတော်၊ ကျပင်းဆရာတော်၊ ဦးပုည စသည့် ပုဂ္ဂိုလ်များသည် ဗုဒ္ဓစာပေဝတ္ထုများကိုပင် ကိုယ့်မူကိုယ့်ဟန်ဖြင့် အမျိုးမျိုး ပြန်လည်ရေးသားကြသည်။

ဦးပုည၏ တရားစာဝတ္ထုများသည် ရဟန်းတော်များ တရားဟောရန်ဟောစာအဖြစ် ရည်ရွယ်ရေးသားသော ဝတ္ထုများဖြစ်သည့်အလျောက် တရားနာပရိသတ် စိတ်ညွတ်နူးဖွယ်ဖြစ်အောင် ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ထို့ပြင် ထိုဝတ္ထုများတွင် ဇာတ်ဆောင်များ၏ စရိုက်လက္ခဏာ ပေါ်အောင် ရုပ်လုံးကြွလာအောင် ရေးဖွဲ့ထားသည့်အတွက် အများနှစ်သက်ကြသည်။ 'ဆဒ္ဒန်ဆင်မင်း' ဝတ္ထုတွင် သောနုတ္တရမုဆိုးက ဆဒ္ဒန်ဆင်မင်းကို လေးနှင့်ပစ်ပြီးနောက် မိမိအပြစ်မရှိကြောင်း ဆင်ခြေပေး လျှောက်ထားရာတွင်

"အစွယ်ကိုလိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းကေရာဇ်၊ လေးပစ်သူ ဘုရား ကျွန်တော်၊ ကြံဖော်ကြံဖက် သုံးယောက်သားအနက်တွင်မှ ကံကွက်ကျား၍ ငမိုက်သားမုဆိုးလေ နင့်ချည်းပင် သေပေတော့ဟု ငွေတောင်ကြီးအဟန် ဆဒ္ဒန်မင်းမြတ် ကျွန်တော်အား သတ်လျှင်လည်း မလွတ်နိုင်ရာ သေရပါတော့မည်။ ကရုဏာရှေ့ရှု လွတ်တော်မူလျှင်လည်း လူမလိမ္မာ ကျွန်မိစ္ဆာ သည် ချမ်းသာရပါတော့မည်"

ဟု လျှောက်ထားဟန် ဖွဲ့နွဲ့ထားပုံမှာ သူတစ်ပါးကို အပြစ်ပုံချတတ်သော မုဆိုး၏ စရိုက်ကို ပေါ်လွင်စေသည့် အဖွဲ့ကောင်းဖြစ်သည်။ ထိုသို့ ဗုဒ္ဓစာပေဝတ္ထုများ ထွန်းကားနေသောခေတ်မှာပင် ထိုဝတ္ထုများနှင့် လမ်းခွဲကာ ပင်ကိုဉာဏ်ဖြင့်ရေးဖွဲ့သော ဝတ္ထုတစ်ပုဒ်ပေါ်ထွက်လာသည်။ စဥ့်ကူးမင်းလက်ထက် ရွှေတောင်သီဟသူ ရေးဖွဲ့သော "ရတနာကြေးမုံ"ဝတ္ထု ဖြစ်သည်။ ထို ဝတ္ထုတွင် လူ၊ နတ်၊ နဂါး၊ ဂဠုန်စသည့် ဇာတ်ဆောင်များ ထည့်သွင်းကာ စိတ်ကူးဉာဏ်ကွန့်ပြီး ဒဏ္ဍာရီဆန်ဆန် ရေးဖွဲ့ထားသည့်အတွက် ထိုဝတ္ထုကို 'ပထမမြန်မာဒဏ္ဍာရီဝတ္ထု'ဟု ပညာရှင်တို့ သတ်မှတ်ကြသည်။ ရတနာကြေးမုံသည် မြန်မာတို့၏ပထမဆုံး ပင်ကိုရေးဝတ္ထုအဖြစ် တန်ဖိုးရှိသော ဝတ္ထုဖြစ်သည်။

ကုန်းဘောင်ခေတ်ဦးတွင် အလောင်းဘုရားက နိုင်ငံကိုပြန်လည်စည်းရုံးထူထောင်သည့် နည်းတူ စာပေပညာရှင်များကလည်း နိုင်ငံသစ်တည်ထောင်သည့် မင်းဆက်သစ်ဖြစ်သော အလောင်းဘုရားနှင့်တကွ မင်းအစဥ်အဆက် မှတ်သားဖွယ်ဖြစ်သော ထီးနန်းဆိုင်ရာ ရှေးယဉ်ကျေးမှု အစဥ်အလာများကို ဖော်ထုတ်စုစည်းကာ မှတ်တမ်းတင်ကြသည်။ မျက်မှောက်ဖြစ်ရပ်များကိုလည်း မှတ်တမ်းတင်ကြသည်။ ဤသို့ဖြင့် မင်းမှုရေးရာနှင့်ပတ်သက်သည့်မှတ်တမ်းများ၊ ရာဇဝင်များ၊ အရေးတော်ပုံများသည် ရာဇကြောင်း စာပေများအဖြစ် ပေါ်ထွန်းလာရသည်။ သာဓကဆောင်ရလျှင် အလောင်းဘုရားလက်ထက် အတုလဆရာတော်၏ 'လောကမဏ္ဍထုံးပေါင်းစာတမ်း'၊ ညောင်ရမ်းခေတ်က အမှုထမ်းခဲ့သော အင်ရုံဝန်ကြီး၏ 'လောကဗျူဟာ' နှင့် ဘိုးတော်ဘုရားလက်ထက် အိမ်ရှေ့အတွင်းဝန် ဇေယျသင်္ခယာ၏ 'ရွှေဘုံနိဒါန်း'တို့သည် ထီးနန်းဆိုင်ရာ ထုံးဓလေ့အစဥ်အလာများကို စုစည်းဖော်ထုတ်ထားသော မှတ်တမ်းများဖြစ်သည်။ ထို့အတူ အကြောင်းကိစ္စအမျိုးမျိုးနှင့် ပတ်သက်၍ မင်းအဆက်ဆက် ထုတ်ပြန်ခဲ့သော အမိန့်တော်မှတ်တမ်းများသည်လည်း ထင်ရှားသည်။

မင်းမှုရေးရာနှင့်ပတ်သက်သည့်မှတ်တမ်းများတွင် အသစ်ပေါ်ထွန်းလာသော မှတ်တမ်းကား ခရီးသွားမှတ်တမ်းဖြစ်သည်။ ဘကြီးတော်လက်ထက် အင်္ဂလိပ် - မြန်မာစစ်ပွဲအပြီး ကာလကတ္တားတွင် ရုံးစိုက်ရသော မင်းကြီးမဟာစည်သူ၏ 'ဘင်္ဂလားသွားစာတမ်း'၊ မင်းတုန်းမင်းလက်ထက် အင်္ဂလိပ်နှင့် ပြင်သစ်သို့ ချစ်ကြည်ရေး ခရီးထွက်ရသော ကင်းဝန်မင်းကြီး၏ 'လန်ဒန်သွားမှတ်တမ်း၊ 'ပြင်သစ်သွားမှတ်တမ်း'၊ ဦးမြိမ့်၏ 'ပူတကေ စပိန် အီတာလျံသွား မှတ်တမ်း' တို့သည် ထင်ရှားသော ခရီးသွားမှတ်တမ်းများ ဖြစ်သည်။

နိုင်ငံ့ခေါင်းဆောင်များနှင့် ပြည်သူများ၏ ကြိုးပမ်းချက်များကို မှတ်တမ်းတင်သော ရာဇဝင်နှင့် အရေးတော်ပုံကျမ်းများလည်း ဤခေတ်တွင် ဆက်လက်ထွန်းကားသည်။ ကျောက်စာပေါင်းတစ်ထောင်ကျော်ကိုးကား၍ ဘိုးတော်ဘုရား၏ အမိန့်အရပြုစုသော တွင်းသင်းမင်းကြီး၏ 'မြန်မာရာဇဝင်သစ်' သည် ထင်ရှားသည်။

> "ရှေးပညာရှိတို့ စီရင်ခဲ့သော ရာဇဝင်ကျမ်းတို့၌ ကျောက်စာသံပိုင်း စသည်တို့နှင့်မညီ၊ ပျက်စီးယိုယွင်း မသန့်မရှင်းရှိသည်ကို ငါတို့ရွှေနန်းရှင် ဆင်ဖြူများရှင်မင်းတရားသည် မြင်တော်မူ၍ ကျောက်စာသံပိုင်းစသည်တို့နှင့် ညီညွတ်အောင် မဟာစည်သူရာဇဝင်သစ်ထိုးဟု အမိန့်တော်ရှိ၍ ကျောက်စာသံပိုင်းစသည်တို့နှင့် ညှိနှိုင်းဆင်ခြင်၍ ယခုအခါ ရာဇဝင်သစ်ကို ထိုးပေအံ့"

ဟူသော ကျမ်းဦးပဋိညာဉ်စကားအရ တွင်းသင်းရာဇဝင်သစ်၏ အဆင့်အတန်းကို မှန်းဆနိုင်ပါသည်။ ဘကြီးတော်လက်ထက်ပညာရှင်များ စုပေါင်း၍မှန်နန်းဆောင်ထဲတွင် ပြုစုသော 'မှန်နန်းရာဇဝင်'၊ မုံရွေးဆရာတော်၏ 'မုံရွေးရာဇဝင်'တို့သည်လည်း ထင်ရှားသောရာဇဝင်ကျမ်းများ ဖြစ်သည်။ အရေးတော်ပုံကျမ်းများတွင် လက်ဝဲနော်ရထာနှင့် တွင်းသင်းမင်းကြီးတို့ပြုစုသော 'အလောင်းမင်းတရားကြီးအရေးတော်ပုံ' နှစ်စောင်တွေ့ရသည်။ အလောင်းမင်းတရားနှင့် ခင်ဦးစား ငချစ်ညိုတို့ ရင်ဆိုင်တွေ့ပုံကို ဖွဲ့ရာတွင်

> "ငချစ်ညိုလည်း တပ်ဆုတ်သည်ကို လိုက်၍မီလာလျှင် နင်လည်း ငချစ်ညို၊ ငါလည်း အလောင်းမင်း။ နင့်ကိုသာ ငါလိုလှ၏။ နင်ယောကျ်ားကောင်း တပ်မှန်သော် ငါသို့ချဉ်းခဲ့ဟု ဓားလက်စွဲကာ ကြိမ်းဝါးသံပလျက် နေတော်မူ၏။"

ဟု မာန်ပါပါရေးဖွဲ့ထားဟန်ကို တွေ့နိုင်ပါသည်။ ရခိုင်ဆရာတော်ရှင်ကဝိသာရကလည်း 'ဓညဝတီအရေးတော်ပုံ' ကို ပြုစုခဲ့သည်။

တရားစီရင် ဆုံးဖြတ်မှုတွင် အရေးပါသော ဓမ္မသတ်ကျမ်းများသည် ရှေးခေတ်အဆက်ဆက်နည်းတူ ကုန်းဘောင်ခေတ်တွင်လည်း ဆက်လက်ပေါ်ထွန်းခဲ့သည်။ အလောင်းဘုရားလက်ထက်ကျော်ဝန်ဘုမ္မဇေယျ၏ 'မနုကျယ်ဓမ္မသတ်'သည် မင်းဆက်သစ်လက်စွဲပြု၍ ထင်ရှားသော ဓမ္မသတ်ကျမ်းတစ်စောင်ဖြစ်သည်။ ရေးဟန်မှာ

> "လင်ကြီးကပါသားနှင့် မိထွေးတွင် မွေးသည့်သား ဝေရာသော တရားဟူသည်ကား၊ အထက်အပါ ပါရင်းဥစ္စာကို အထက်သားယူစေ။ မိထွေးပါရင်းကိုလည်း နှစ်ပါးစုံယူစေ။ လက်ထက်ပွားကို သုံးစုစု၍ နှစ်ခု နှစ်ပါးစုံသားယူစေ၊ တစ်ခု အထက်သားစားစေ။ တင်မြဲရှိလျှင်လည်း နည်းတူဆပ်စေ"

ဟူသည့် တိကျပြတ်သားသော ရေးဟန်မျိုးဖြစ်သည်။

တရားစီရင် ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်သည့် "ဖြတ်ထုံး"များတွင် ဘိုးတော်ဘုရား လက်ထက် ရေစကြိုခုံတော် ရန္တမိတ်ကျော်ထင်၏ "ရေစကြိုခုံတော်ဖြတ်ထုံး" ထင်ရှားသည်။ ထို့အတူ မင်းအားလျှောက်ထားချက်များကို မှတ်တမ်းထားသည့် "လျှောက်ထုံး"ကျမ်းများတွင်လည်း ထိုအချိန်၌ပင် ပြုစုသော ရှင်စန္ဒလင်္ကာ၏ "ဘိုးရာဇာလျှောက်ထုံးခေါ် မဏိရတနာပုံကျမ်း" သည် ထင်ရှားသည်။ ဓမ္မသတ်၊ ဖြတ်ထုံး၊ လျှောက်ထုံးများသည်လည်း မှိုင်းမြိုင်ကိုးကားဖွယ် ထုံးပုံနည်းနာ ဗဟုသုတအမျိုးမျိုးပေးသော ကျမ်းများဖြစ်သည်။ မဏိရတနာပုံကျမ်းတွင် ပုံဝတ္ထု သာဓကများဖြင့် မှတ်သားဖွယ် လျှောက်ထားပုံများကို တွေ့ရသည်။ ပုံဝတ္ထုများအပြင်

"ရှေးသူဟောင်းတို့သည် သူမစွမ်းကို ချီးမွမ်းလေလေ ဖျင်းလေလေ" ဟူ၍ ဆိုကုန်သည်။

"ဆင်ချည်သောလွန်သည် ဆင်ခြေတွင်မှ မြဲရာသည်။ ကြက်ကို ချည်သော် ကျွတ်ရာသည်။"

စသည့် သိမှတ်ဖွယ် ဆိုထုံးစကားများထည့်သွင်းထားပုံမှာ နှစ်သက်ဖွယ်ဖြစ်သည်။

ထိုခေတ်တွင် အမေးအဖြေကျမ်းများလည်း ပေါ်ထွန်းခဲ့သည်။ အလောင်းဘုရား၏ အမေးကို အတုလဆရာတော်ဖြေဆိုသော 'နန်းစဉ်ပုစ္ဆာအဖြေကျမ်း'၊ မုံရွာသီရိမာလာ၏ အမေးကို မုံရွေး ဆရာတော် ဖြေဆိုသော 'သမန္တစက္ခုဒီပနီ'၊ ဘိုးတော်ဘုရား၏အမေးကို မောင်းထောင်ဆရာတော် ဖြေသော 'အမေးတော်ဖြေကျမ်း' စသည်တို့ဖြစ်သည်။ ထိုကျမ်းများတွင် မေးသူတို့က သိလိုသမျှမေး ကြသော ဘာသာရေး၊ စာပေယဉ်ကျေးမှု၊ နက္ခတ်ဗေဒင် စသည်တို့နှင့် သက်ဆိုင်သည့် အမေးများကို ဖြေဆိုသူတို့က အကိုးအကားအထောက်အထားများဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဖြေဆိုထားသည့်အတွက် ဖတ်ရှုသူတို့အဖို့ မြန်မာမှု ဗဟုသုတများဖွယ် ဖြစ်သည်။

ထို့ပြင် မုံရွေးဆရာတော်၏ 'ပါရမီခန်းပျို့အဖြေ' သည် ရှေးကပေါ်ထွန်းခဲ့သည့် ကဗျာ လင်္ကာများကို အကျယ်ဖွင့်ပြဖြေဆိုသော ကျမ်းဖြစ်သည်။ ကုန်းဘောင်ခေတ်ဦးပိုင်းတွင် ပေါ်ထွန်းသော စိန္တကျော်သူဦးဩ၏ 'ကဝိလက္ခဏာသတ်ပုံသံပေါက်များ'ကို မင်းတုန်းမင်းလက်ထက်တွင် အကျယ်ဖွင့် သည့် ဦးဖြိုး၏ 'ကဝိလက္ခဏာဒီပနီကျမ်း' သည်လည်းကောင်း၊ ကြည့်ကန်ရှင်ကြီး၏ အမေးပုစ္ဆာ သံပေါက်များကို ထိုလက်ထက်မှာပင် ဖွင့်ပြဖြေဆိုသည့် ကျီးသဲလေးထပ်ဆရာတော်၏ 'စွယ်စုံကျော်ထင် ကျမ်း' သည်လည်းကောင်း အထူးထင်ရှားသော အဖြေကျမ်းများဖြစ်သည်။

ကုန်းဘောင်ခေတ်တွင် အကြောင်းအရာအမျိုးမျိုးနှင့်ပတ်သက်၍ အသိပညာပွားစရာ သုတ စကားပြေများ ကျယ်ကျယ်ပြန့်ပြန့်ပေါ်ထွန်းလာခြင်းမှာလည်း မှတ်သားဖွယ်ဖြစ်သည်။ ဘာသာရေး၊ မြန်မာမှု၊ နက္ခတ်ဗေဒင်၊ ဆေးကျမ်း၊ သိပ္ပံကျမ်း၊ ဘာသာစကားကျမ်း စသည်ဖြင့် အကြောင်းအရာ အမျိုးမျိုး ပါဝင်သည်။

ထိုကျမ်းများတွင် မင်းတုန်းမင်းလက်ထက် ယောအတွင်းဝန်ဦးဘိုးလှိုင်၏ ကျမ်းများသည် အရေးပါလှသည်။ ယောအတွင်းဝန်သည် ခေတ်မီသော အမြင်ဖြင့် သုတစကားပြေကျမ်းများစွာ

ပြုစုခဲ့သည်။ ခေတ်မီသော အုပ်ချုပ်ရေးစနစ်ကို ရှေးရှုသော 'ရာဇဓမ္မသင်္ဂဟကျမ်း'၊ မြန်မာကြေးနန်းရိုက်နည်းကို တီထွင်ဖော်ပြသော 'လိပိဒီပိကာကျမ်း'၊ ဥတုနှင့်အာဟာရမျှတရေးအတွက် လမ်းညွှန်သော 'ဥတုဘောဇန သင်္ဂဟကျမ်း' တို့သည် ထင်ရှားသောကျမ်းများဖြစ်သည်။

ဥတုဘောဇနသင်္ဂဟကျမ်း ရေးဟန်ကြည့်လျှင် စကားပိုမပါဘဲ ကျစ်ကျစ်လျစ်လျစ်ရေးသွားသော ဟန်မျိုးဖြစ်ကြောင်း ဤသို့တွေ့ရသည်။

"နွားနို့သည် ချိုဆိမ့်၏။ ဝမ်းမီးချက်ပြီးနောက်လည်း ချိုဆိမ့်၏။ အေး၏၊ အဆီသြဇာရှိ၏။"

ထို့ပြင် ယောအတွင်းဝန်သည် ပြင်သစ်ဘာသာတတ်သော ဖန်ချက်ဝန်နှင့် တွဲဖက်၍ ပြင်သစ်ဓာတုဗေဒကျမ်းကို 'လောကဓာတ်ဆေးကျမ်းကြီး' အမည်ဖြင့် မြန်မာဘာသာပြန်ဆိုပြီး ခေတ်မီဗဟုသုတပေးခဲ့သည်။

တိုင်းတစ်ပါးသားများနှင့် ထိတွေ့ဆက်ဆံရသည့် ထိုခေတ်တွင် ဘိုးတော်ဘုရား၏ သားတော် မက္ခရာမင်းသားကြီးက ပထမအင်္ဂလိပ်မြန်မာ အဘိဓာန်ကို ပြုစုခဲ့သည်။ ပညာရှင်များက အင်္ဂလိပ်၊ ပြင်သစ်၊ ပေါ်တူဂီ၊ ယိုးဒယား၊ တရုတ်စသည့် တိုင်းခြားဘာသာများမှ သင့်လျော်ရာရာတို့ကို မြန်မာဘာသာပြန်ဆိုနိုင်ခဲ့သည်။ ရှေးအစဉ်အဆက်တွင် ပါဠိ၊ သက္ကတတို့မှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည့် နည်းတူ ကုန်းဘောင်ခေတ်တွင်လည်း ဘာသာပြန်စာပေများ တိုးပွားခဲ့သည်။ 'အင်္ဂလိပ်မြင်းကြန်' 'ပေါ်တူဂီရာဇဝင်'၊ 'ဂန္ဓာလရာဇ်ဆေးကျမ်း' ဟူသော ကျမ်းများသည် ထင်ရှားသော သာဓကများဖြစ်သည်။

ထိုခေတ်တွင် မြန်မာဘာသာစကားကို မြန်မာ့နည်း မြန်မာဆန်ဆန် ဆန်းစစ်ဖွင့်ဆိုသော ဒုတိယ ကျော်အောင်စံထားဆရာတော်၏ "ဝေါဟာရတ္ထပကာသနီကျမ်း" စသည့် ဘာသာစကားဆိုင်ရာ ကျမ်းများ ပေါ်ထွန်းလာခြင်းမှာလည်း မှတ်သားဖွယ်ဖြစ်သည်။

မြန်မာတို့သည် အနောက်နိုင်ငံသားများနှင့် ဆက်ဆံရမှ သိပ္ပံပညာကို လေ့လာခွင့်ရကြသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသော ခရစ်ယာန်သာသနာပြုတို့ကလည်း သာသနာပြု လုပ်ငန်းအောင်မြင်ရေးအတွက် ခရစ်ယာန်ဘာသာဆိုင်ရာ ကျမ်းများသာမက အဘိဓာန်များ၊ သဒ္ဒါကျမ်းများ၊ ခေတ်မီသိပ္ပံကျမ်းများပါ ပြုစုလာကြသည်။ ခရစ်ယာန်သာသနာပြု ဆရာယုဒသန်ခေါ် ဂျပ်ဆင်၏ အဘိဓာန်သည် ထင်ရှားသည်။ အသိပညာ၊ အတတ်ပညာကျမ်းများလည်း ပေါ်ထွန်းလာသည်။ ခရစ်ယာန်သာသနာပြုများသည် အလောင်းဘုရားလက်ထက်၌ပင် ပြည်ပ၌ မြန်မာအက္ခရာ ခဲစာလုံးများ စမ်းသပ်တီထွင်ကြပြီး ဘိုးတော်ဘုရားလက်ထက်တွင် ရန်ကုန်မြို့၌ ခရစ်ယာန်ဘာသာရေးကျမ်းများ စတင်ရိုက်နှိပ်ကြောင်း သိရသည်။ ထိုမှတစ်ဖန် "လူကိုယ်ခန္ဓာ အကြောင်းစာ"စသည့် သိပ္ပံစာပေများကို ကျောင်းသားများအတွက် ရိုက်နှိပ်ထုတ်ဝေရာမှ သိပ္ပံစာပေများ ကျယ်ကျယ်ပြန့်ပြန့်

ပေါ်ထွက်လာသည့်နည်းတူ မြန်မာစာပေသည်လည်း ပေပုရပိုက်စာပေအဖြစ်မှ ပုံနှိပ်စာပေအဖြစ်သို့ ရောက်လာရသည်။

ပုံနှိပ်စာပေအဖြစ်သို့ ရောက်ပြီးနောက် ပေါ်ထွန်းလာသော စာပေပုံသဏ္ဌာန်သစ်ကား "သတင်းစာ" စကားပြေပင် ဖြစ်ပါသည်။ ၁၈၄၂ ခုနှစ်တွင် မော်လမြိုင်မြို့၌ ထုတ်ဝေသော "ဓမ္မသတင်းစာ"သည် မြန်မာဘာသာဖြင့် အစောဆုံးထုတ်ဝေသော သတင်းစာဖြစ်သည်။ ထို့နောက် ရန်ကုန်မြို့တွင် မြန်မာသံတော်ဆင့်သတင်းစာ၊ မြန်မာ့ဂေဇက်သတင်းစာ၊ မြန်မာသတင်းစာ၊ လောကီသုတပညာသတင်းစာတို့ ပေါ်ပေါက်လာသည့်နည်းတူ မန္တလေးမြို့တွင် မင်းတုန်းမင်း၏ အစီအမံဖြင့် ရတနာပုံနေပြည်တော်သတင်းစာပေါ်ပေါက်လာသည်။ ထိုသတင်းစာများတွင် ပြည်သူတို့ နေ့စဉ်ကြုံတွေ့ရသည့် ဖြစ်ရပ်များကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာသည်ကို တွေ့ရသည်။ ဤသို့ လောကအကြောင်း အလေးကဲသော သိပ္ပံစကားပြေ၊ သတင်းစာ စကားပြေများ ပေါ်ထွန်းလာခြင်းသည် ထူးခြားသော တိုးတက်ပြောင်းလဲမှုတစ်ရပ်ဖြစ်သည်။

စကားပြေထဲတွင် ကာရန်သွင်းထားသော ဇာတ်စကားများ၊ ဇာတ်ချင်းခေါ် တေးကဗျာများဖြင့် တန်ဆာဆင်ရေးဖွဲ့သည့် နန်းတွင်းဇာတ်နှင့် ပြဇာတ်များသည်လည်း ထိုခေတ်တွင် ထွန်းကားသည်။ အထူးသဖြင့် ဆင်ဖြူရှင်နှင့် ဘိုးတော်ဘုရားလက်ထက်တို့တွင် ယိုးဒယားကို တိုက်ခိုက်ပြီးနောက် ယိုးဒယားမှရရှိလာသည့် 'ရာမဇာတ်တော်ကြီး' အပါအဝင် ဇာတ်တော်ကြီးများကို မြန်မာမှုပြုကြသည်။ ဇာတ်စကားများ၊ ဇာတ်ချင်းများ ရေးဖွဲ့ကြသည်။ မြဝတီမင်းကြီး ဦးစ၏ 'အီနောင်နန်းတွင်းဇာတ်တော်ကြီး'ကို ခင်းကျင်းကပြကြသည်။ စဥ့်ကူးမင်း မိဖုရားဟောင်း သခင်မင်းမိ၊ လှိုင်ထိပ်ခေါင်တင် စသူတို့သည်လည်း နန်းတွင်းဇာတ်တော်ကြီးများရေးဖွဲ့ကြသည်။ နန်းတွင်းဇာတ်တော်ကြီးများတွင် တန်ခိုးရှင်မင်းသားကို အဓိကဇာတ်ဆောင်အဖြစ် အသားပေးကာ မင်းသမီးများ ဝိုင်းဝိုင်းလည်နေဟန် ဇာတ်လမ်းဆင်လေ့ရှိသည်။

နန်းတွင်းဇာတ်တော်ကြီးများလောက် မရှည်လျားဘဲ ညတွင်းချင်း ကပြနိုင်သော ဇာတ်များလည်း ထိုခေတ်တွင် ပေါ်ထွန်းလာသည်။ ဦးကြင်ဥနှင့် ဦးပုည‌တို့၏ ဇာတ်များဖြစ်သည်။ ဦးပုည၏ ပဒုမဇာတ်ကဲ့သို့ ဗုဒ္ဓစာပေလာ ဇာတ်တော်များကို အခြေပြုရေးဖွဲ့သော ပြဇာတ်မျိုးလည်း ရှိသည်။ ဦးကြင်ဥ၏ ပါပဟိန်ပြဇာတ်ကဲ့သို့ စာရေးသူ၏ စိတ်ကူးဖြင့် ဖန်တီးရေးဖွဲ့သော ပြဇာတ်မျိုးလည်းရှိသည်။ အလွမ်းအဆွေးအသောစုံလင်စွာ ရသမြောက်အောင် ရေးဖွဲ့သည့်အပြင် လူ့စရိုက်လူ့သဘာဝလည်း ပေါ်လွင်သည့်အတွက် ပြဇာတ်များကို အများနှစ်ခြိုက်ကြသည်။ 'ဝိဇယပြဇာတ်'တွင် ဝိဇယမင်းသားက ပင်လယ်ခရီးတွင် သဘာဝပတ်ဝန်းကျင်ရှုခင်းကို ချီးကျူးဟန်ဖွဲ့ရာ၌

> "လက်စွဲတော်နေမျိုးရို့၊ သမုဒ္ဒရာ၊ ကမ်းယံက ခွာခဲ့၊ ကန္တာကွန်းထောက်၊ မော်စွန်းကွယ်၊ ကျွန်းလယ်သို့ ရောက်ကပြီထင့်။ နှင်းသောက်တဲ့မြိုင်၊ ညှာသွယ်ဆင့်တန်း၊ နာမည်ဖြင့် ဆန်းပေလိမ့်၊ ဘယ်ပန်းခိုင်လို့၊ သိနိုင်တတ်ပြီ၊ မငုံတချို့၊ ငုံတချို့နှင့်၊ မှုန်လို့စိ၊ ရာသီလင့်ဟန် ရှိကြတယ်။"

စသည်ဖြင့် ဖွဲ့နွဲ့ထားပုံမှာ ကြည်နူးဖွယ်ကောင်းလှပါသည်။ 'ပါပဟိန်ပြဇာတ်'တွင် ဆိုးသွမ်းသော ပါပဟိန်မင်းသားကို နောင်တော်ဇေယျသိန်မင်းက လိုက်လံဖမ်းဆီးရာ၌

> "ရော- သည်တစ်ခါ။ လူမိုက်မောဟ၊ ငစောရကို၊ ဥုံဖွမမန်း၊ စံနှုန်းနေလ၊ ဘုန်းတေဇနှင့်၊ လက်ရဖမ်းတော့မည်။ ရွှေနန်းကြီးမင်္ဂလာ၊ သုံးတော်ခံဆရာက၊ ဥပမာပုံဖယောင်း၊ ချိပ်မီးထံ ပျောင်းသည့်နှယ်၊ လူစွမ်းကောင်းသူခိုး၊ ခြင်၊ ကျား၊ ကြောင် မနိုးအောင်၊ ပတ်တန်ခိုးချိန်စမ်း"

ဟူ၍ မာန်ပါပါ ပြောဆိုဟန် ဖွဲ့ထားပုံမှာလည်း အသက်ဝင်လှပါသည်။ ပြဇာတ်စာပေရေးဟန်ကို လေ့လာလျှင် ဤသို့ပင် အနုအကြမ်း စုံလင်စွာတွေ့နိုင်ပါသည်။

အင်းဝခေတ်ကတည်းက ပေါ်ပေါက်ခဲ့သော "မေတ္တာစာ"သည် ကုန်းဘောင်ခေတ်တွင် အထွန်းကားဆုံး ဖြစ်သည်။ ရှင်ဥတ္တမသမာလာ၊ ကြည့်ကန်ရှင်ကြီး၊ မုံရွေးဆရာတော်၊ ဦးပုည၊ ကျီးသဲ ဆရာတော်၊ ကင်းဝန်မင်းကြီး၊ လယ်တီဆရာတော် စသူတို့၏ မေတ္တာစာများ အဆက်မပြတ် ပေါ်ထွန်းလာသည်မှာ ကုန်းဘောင်ခေတ်ကုန်သည်အထိ ဖြစ်သည်။ အကြောင်းကိစ္စအမျိုးမျိုးနှင့် ပတ်သက်၍ သားနှင့်သမီး၊ ဆရာနှင့်တပည့်၊ လင်နှင့်မယား၊ မိတ်ဆွေသူငယ်ချင်းချင်း စသည်ဖြင့် အချင်းချင်းပေးသည့်စာ၊ ရှင်ပြုဖိတ်စာ၊ တရားနာဖိတ်စာ၊ လက်ဖက်ကြော်ငြာစာပါမကျန် မေတ္တာစာ နယ်ပယ်ထဲတွင် အကျုံးဝင်လာသည်အထိ အသုံးတွင်ကျယ်လာသည်။ အကြောင်းအရာအားဖြင့် သာမန်ပြည်သူတို့၏ ဘဝထွေထွေနှင့်ပတ်သက်သော အကြောင်းအရာများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာသည်။ အရေးအဖွဲ့မှာလည်း စကားပြေသက်သက်၊ ကာရန်ချိတ်စကားပြေ၊ ကေပိုဒ်ရတု၊ ပိုဒ်စုံရတု စသည်ဖြင့် ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ရေးဖွဲ့လာသည်။ စာသံပေသံဖြင့် ရေးသည်လည်းရှိ၍ ပုဂ္ဂိုလ်ချင်းရင်းနှီးစွာ ပြောဆိုဟန်ဖြင့်ရေးသည်လည်းရှိသည်။ ဦးပုည၏ ပြန်ပေးမေတ္တာစာမှ

> "ကယ်မပါ၊ ကြည့်ရှုပါ၊ ပြုစုပါ၊ စောင့်ရှောက်ပါ၊ မွဲသွေ့သွေ့မျက်နှာနှင့်၊ ကိုယ်ချမ်းသာရကြောင်း၊ ငယ်ငေါင်းစုတ်ပဲ့၊ နုံနဲ့သော စကားများကို၊ မေ့မှား၍ ဆိုမိလျှင်၊ လျှာတိုအောင်ရိတ်ချင်၏"

ဟူ၍ မည်သူ့ကိုမျှ အောက်ကျမခံလိုသော ဦးပုည၏ စိတ်ဓာတ်ကို ဖော်ပြနေသည့် အဖွဲ့မျိုးမှာ အရေးအသား ပြောင်မြောက်လှပါသည်။

**ကဗျာ**

ကဗျာဘက်ကဆိုလျှင် ကုန်းဘောင်ခေတ်တွင် ရှေးကပေါ်ထွန်းခဲ့သော ကဗျာပုံသဏ္ဌာန်များ ဆက်လက်ထွန်းကားသည့်နည်းတူ ကဗျာပုံသဏ္ဌာန်သစ်များလည်း ပေါ်ထွန်းလာသည်ကိုတွေ့ရသည်။

အင်းဝခေတ်က စတင်ခဲ့သောပျို့များကို ကုန်းဘောင်ခေတ်တွင်လည်း ဆက်လက်တွေ့ရသည်။ စိန္တကျော်သူဦးဩ၊ လက်ဝဲသုန္ဒရ၊ တွင်းသင်းမင်းကြီး၊ မုံရွေးဆရာတော်၊ ဦးရွှန်း၊ ဦးရွှေခြည်၊ ကင်းဝန်မင်းကြီး စသူတို့သည် ထင်ရှားသော ပျို့စာဆိုများ ဖြစ်သည်။ ကုန်းဘောင်ခေတ်ဦးတွင် စိန္တကျော်သူသည် ပြည်ရွာမင်းရေး မှုရှုပ်ထွေးသည့်ကြားက ရသည့်အချိန်ယူကာ 'ဩဝါဒထူးပျို့' ကို မိမိဆန္ဒအလျောက် ရေးဖွဲ့ခဲ့သည်။ ဇာတ်ဝတ္ထုကိုမှီးသော ပျို့မျိုးမဟုတ်ဘဲ အဆုံးအမ ဩဝါဒပေးသော ပျို့မျိုးဖြစ်သည်။

"ချုပ်ဆည်မဲ့သီး၊ မာန်စောင်ကြီးက၊ ဝေးနီးလူသူ၊ မကြည်ဖြူ၍၊ တူမပေါင်းဖော်၊ အိုအောင်သော်လည်း၊ ညှိုးလျော်ညစ်ပတ်၊ ဆင်းရဲတတ်၏။"

"ရမ္မက်ပိတ်ဆီး၊ အလိုကြီးက၊ ကိုယ်ထီးသာတည်း၊ အရနည်း၍၊ လက်ချင်းဆတ်ဆတ်၊ ဖြစ်တို့တတ်၏။"

စသည်ဖြင့် မှတ်သားလိုက်နာဖွယ် ဩဝါဒများကို ပေးထားသည်။ လက်ဝဲသုန္ဒရကလည်း စစ်ရေး အထွတ်အထိပ်ကာလဖြစ်သည့်အလျောက် 'သေနင်္ဂဗျူဟာပျို့'၊ 'ဗျူဟာစက္ကံပျို့'၊ 'နန္ဒိသေနပျို့' ဟူသော 'စစ်ရေးစစ်ရာ' ပျို့သုံးစောင်ကို ထူးထူးခြားခြားရေးဖွဲ့ခဲ့သည်။ အခြားစာဆိုများကမူ များသောအားဖြင့် ဇာတ်ဝတ္ထုများကို ပျို့ဖွဲ့ကြသည်။ မုံရွေးဆရာတော်သည် ဇာတ်ဝတ္ထုတွင် မှတ်သားဖွယ် ဗဟုသုတများ ဝေဝေဆာဆာထည့်သွင်းကာ ခမ်းခမ်းနားနား ဖွဲ့လေ့ရှိသည်။ အင်္ဂလိပ်နှင့် စတင်စစ်ဖြစ်သည့် ကာလ၌ဖွဲ့သော ဆရာတော်၏ 'မဟာသီလဝပျို့'တွင်

"ထို့ကြောင့် စင်စစ်၊ ရဲချိန်ခေတ်တွင်၊ ရဲဆစ်တည်ပြီ၊ တန်ချေပြီ"

ဟူ၍ ယခုခေတ်တွင် ရဲရမည့် ခေတ်ဖြစ်ကြောင်း ဖော်ပြကာ ဇာတိမာန်လှုံ့ဆော်သည့် အဖွဲ့မျိုး ထူးထူးခြားခြား တွေ့ရသည်။

ထိုခေတ်တွင် ပေါ်ပေါက်သော ရတုများမှာ အများအားဖြင့် ဘုန်းတော်ဘွဲ့၊ ထီးနန်း ပတ်ဝန်းကျင်ဘွဲ့၊ မေတ္တာဘွဲ့များဖြစ်သည်။ ထိုရတုများတွင် အလောင်းဘုရားလက်ထက် မြန်မာ စစ်သည်တော်တို့၏ ဘဝသရုပ်ကိုဖွဲ့သော စိန္တကျော်သူ၏ 'ခနေဖြူတွင်' ချီရတု၊ ဆင်ဖြူရှင် လက်ထက် မဲဇာတွင် မင်းဒဏ်သင့်နေရာမှ နေပြည်တော်ရွှေဘိုသို့ ရော်ရမ်းလွမ်းဆွတ်ပုံကို ရေးဖွဲ့သော လက်ဝဲသုန္ဒရ၏ 'မဲဇာတောင်ခြေ' ချီရတု၊ 'ဝေရွှန်းစန္ဒာ' ချီရတု၊ ဘိုးတော်ဘုရားလက်ထက် ဦးတိုး၏ စစ်ချီ ရတုများ စသည်တို့ ထင်ရှားသည်။ မဲဇာတွင် မင်းပြစ်မင်းဒဏ်ခံနေရသော လက်ဝဲသုန္ဒရသည်

DRBOX Copyright Protected

ဝေရွှန်းစန္ဒာချီရတုတွင် ဇနီးသားသမီးများအား လွမ်းဆွတ်ပုံကို ဖွဲ့ရာ၌

"ညွန့်ပြကျိုးဆက်၊ ဆယ်ကျော်သက်က၊ ကြင်ဖက်အတူ၊ တောင်းဆုယူသည်၊ အိမ်သူ ချောသွယ်၊ သုံးယောက်မယ်နှင့်၊ ပင်လယ်ခြားရာ၊ ခရီးကွာသို့၊ မှာလည်းမကြား၊ သွားလည်း မသင့်၊ ဖြစ်သဖြင့်လျှင်၊ ပူခွင့်ရှည်ရေး၊ ရှိချေသေး၏။ ရင်သွေးရွှေတောင်၊ သားမောင်နှမ၊ ဆင်းသိင်္ဂီတို့၊ မွေးဖရင်ခွင်၊ ရွှေလက်တင်၍၊ ယုငင်ပိုက်ဖြား၊ ဖျော်မည်များနှင့်၊ နှစ်ပါးမျက် ခြည်၊ သားနှင်းရည်သည်၊ ရွှေလည်ဆွဲချင်ရှာလိမ့်မည်။"

ဟူ၍ ရေးဖွဲ့ထားပုံမှာ ကရုဏာရသမြောက်လှသည်။

ထိုခေတ်တွင် ဖွံ့ဖြိုးလာသော ကဗျာတစ်မျိုးမှာ 'မော်ကွန်း' ဖြစ်သည်။ သက်ဆိုင်ရာ ဘုရင် တို့၏ ကြိုးပမ်းချက်များကို မှတ်တမ်းတင်သော မော်ကွန်းများသာမက ဆင်တော်ဘွဲ့၊ ကန်တော်ဘွဲ့ မော်ကွန်းများလည်းတွေ့ရသည်။ အထူးသဖြင့် ဒုတိယနဝဒေး၏ မော်ကွန်းများသည် အရေအတွက် လည်း အများဆုံးဖြစ်သည်။ ထင်လည်းထင်ရှားသည်။ 'မော်ကွန်းနဝဒေး'ဟုပင် ထင်ရှားသော ဒုတိယနဝဒေးသည် မော်ကွန်းများရေးဖွဲ့ရာတွင် ဇာတိမာန်တက်ကြွဖွယ်ရာ အနည်းနည်းအဖုံဖုံ ရေးဖွဲ့ ခဲ့သည်။ ဘကြီးတော်ဘုရား လက်ထက်တရုတ်သံအဖွဲ့ကိုကြိုဆိုပြီး ချစ်ကြည်ရေးအတွက် ဆောင်ရွက် ပုံများကို 'တရုတ်သံရောက်မော်ကွန်း'တွင် တခမ်းတနား တွေ့ရသည်။ အာသံကို တိုက်ခိုက်အောင်မြင် သည့်အကြောင်းကို ရေးဖွဲ့သော 'အာသံနိုင်မော်ကွန်း'တွင်

'ထိုးခုတ်ရေသား၊ ချိပ်ဆူပွားသည်၊ ဓားလည်းပြက်ရယ်၊ ပေရွက်နှယ်သို့' စသည်ဖြင့် မြန်မာ စစ်သည်များ သွေးပွက်ပွက်ဆူလာပုံ၊ ဓားကို ပေရွက်သဖွယ် သဘောထားကာ မကြောက်မရွံ့ ရင်ဆိုင်ပုံတို့ကို ဖွဲ့ထားပုံများမှာ အားမာန်ပါလှသည်။

ထိုခေတ်တွင် ချေင်းများလည်း ဆက်လက်ပေါ်ထွန်းသည်။ ထိုချေင်းများအနက် ဦးဖျော်၏ 'ပလိပ်စားချေင်း' ခေါ် စဉ့်ကူးမင်းရွှေနားတော်သွင်းချေင်းကို အကောင်းဆုံး၊ အစုံဆုံး ချေင်းဟု သတ်မှတ်ကြသည်။ မင်းဆက်များကို ပြည့်ပြည့်စုံစုံ ရေးဖော်ပြသည့်အပြင် ချေင်းအဖွဲ့ခံ စဉ့်ကူးမင်း ၏ ဘိုးတော်အလောင်းဘုရားနှင့် ခမည်းတော်ဆင်ဖြူရှင်တို့၏ နိုင်ငံတော်တည်ထောင်ရေး ကြိုးပမ်း ချက်များကို ဇာတိမာန်တက်ကြွဖွယ် ရေးဖွဲ့ထားသည့်အတွက် အစဉ်အဆက် လေးစားရသောချေင်း ဖြစ်သည်။ ပလိပ်စားချေင်းတွင် ရန်သူများစစ်ရှုံး၍ ကိုယ်လွတ်ပြေးရပုံကို ရေးဖွဲ့ရာ၌

"ရှပ်ရှပ်ချွံချွံ၊ ကိုယ်တော်နွံက၊ ခြေထွက်နွားရိုင်း၊ ရပ်မဆိုင်းသို့၊ မွေးတိုင်းကိုယ်နှင့်၊ သက်လွတ် ခွင့်ကို၊ ချင့်၍လွှဲသုန်း၊ ကိုယ်လွတ်ရုန်းသော်"

စသည်ဖြင့် ဖွဲ့ထားပုံမှာ သရုပ်ပေါ်လှပါသည်။

ထို့ပြင် ရှေးက ပေါ်ထွန်းခဲ့သော အိုင်ချင်း၊ အဲချင်း၊ အန်ချင်း၊ တျာချင်း၊ လူးတားစသည့် ကဗျာများကိုလည်း ထိုခေတ်တွင်ဆက်လက်တွေ့မြင်ရသည်။ ဦးယာနှင့် မယ်ခွေတို့၏ ရာသီဘွဲ့ အဲချင်းများ၊ ဦးယာ၏ ဆယ့်နှစ်ရာသီဘွဲ့ လူးတားများမှာ ထင်ရှားသည်။

ရကန်နှင့်သာချင်းသည် ကုန်းဘောင်ခေတ်တွင် ထွန်းကားသော ကဗျာပုံသဏ္ဌာန်များ ဖြစ်သည်။ ရကန်သည် တစ်ဖက်စာဆိုကို မိမိရရတိုက်ခိုက်ကန့်ကွက်ပြီး မိမိကိုယ်ကို ကိုယ်ရည်သွေးကာ ရေးဖွဲ့သော ကဗျာမျိုးဖြစ်သည်။ ရွှေတောင်နန္ဒသူ၏ ငွေတောင်ရကန်၊ မွေ့နွန်းရကန်၊ ဦးတိုး၏ ရာမရကန်၊ ကင်းဝန်မင်းကြီး၏ နေမိရကန်၊ ဦးရွှေနီ၏ ပဥ္စပါပီရကန်တို့ ထင်ရှားသည်။ ဇာတ်ဝတ္ထု တစ်ခုခုကို အခြေခံ၍ဖွဲ့သော်လည်း ဇာတ်ကြောင်းကိုအသေးစိတ်မဖွဲ့ဘဲ ကောင်းနိုးရာရာ ဇာတ်ကွက်မျှသာယူပြီး အကန်အကျောက်များ၊ ကိုယ်ရည်သွေးများဖြင့် သွက်သွက်လက်လက် ရေးဖွဲ့လေ့ရှိသည်။ အခံအအုပ် ကာရန်ယူ၍ ပေ့ါပေ့ါပါးပါး ရေးဖွဲ့သည်။ ရာမဇာတ်ကို အခြေခံ၍ဖွဲ့သော ဦးတိုး၏ 'ရာမရကန်'သည် အရေးအဖွဲ့ထိမိခြင်း၊ သရုပ်ပေါ်ခြင်းတို့ကြောင့် အကောင်းဆုံးရကန်အဖြစ် ကျော်ကြားသည်။ ရာမရကန်မှ 'သဇင်ပန်းအချီး' တွင်

> "မြို့ဝန်မင့်စာ၊ လိပ်မပါဘဲ၊ ကွယ်ရာဈေးပြင်၊ ရောင်းလို့များ မြင်မလား၊ သေချင်သေ ရှင်ချင်ရှင်၊ အင်မတန် အင်မတန်၊ ရာဇဝတ်တော်ခံရမည်။ မြတ်ပန်တော်ပန်း၊ ခိုင်လုံးလန်းကို၊ ဟိုလောင်ပန်းပွင့်၊ ဘယ်ဂုဏ်ကြောင့် ဝင့်မတုံး၊ ဘုန်းနှင့် ကံနှင့် ရွှေသဇင်"

ဟူ၍ အခြားရကန်များကို လောင်ပန်းအညံ့အဖြစ်လည်းကောင်း၊ မိမိရကန်ကို တော်ဝင်သဇင်ပန်းအဖြစ်လည်းကောင်း တင်စားကာ သိမ်သိမ်မွေ့မွေ့ ကိုယ်ရည်သွေးပုံ၊ ကန်ကျောက်ပုံကို လေ့လာနိုင်ပါသည်။ သာချင်းမှာမူ ရကန်နှင့် အဖွဲ့တူသော်လည်း အကန်အကျောက်မပါဘဲ သာယာညင်းပျောင်းစွာ ဖွဲ့သော ကဗျာမျိုးဖြစ်သည်။ ဦးအောင်ဖြိုးနှင့် ဇေယျရန္တမိတ်ဘွဲ့ရ ဦးသာအောင်တို့သည် ထင်ရှားသော သာချင်းဆရာများ ဖြစ်ကြသည်။

တေးသီချင်းများထွန်းကားလာခြင်းသည်လည်းကုန်းဘောင်ခေတ်၏ ထူးခြားချက်ဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် အီနောင်၊ ရာမစသည့် နန်းတွင်းဇာတ်တော်ကြီးများ ပေါ်ထွန်းလာသည့် အလျောက် ထိုဇာတ်ကြီးများတွင် သီချင်းများ ပါရှိလာသည်။ ကုန်းဘောင်ခေတ်၊ ညောင်ရမ်းခေတ် မတိုင်မီက ကြိုး၊ ဘွဲ့၊ သီချင်းခံများ ပေါ်ပေါက်ခဲ့သည်။ ထိုသီချင်းများကို သံစဉ်အနေအထားအရ 'သံရိုး'ဟုခေါ်သည်။ ကုန်းဘောင်ခေတ်တွင် 'သံရိုး' နှင့် တစ်မူကွဲသည့် 'သံဆန်း' အဖြစ် 'ပတ်ပျိုး၊ ယိုဒယား၊ မွန်သံ' စသည့် သီချင်းများ ပေါ်ထွန်းလာသည်။ ကုန်းဘောင် ခေတ်လယ်နှင့် ခေတ်နှောင်းပိုင်းတွင် မြဝတီမင်းကြီးဦးစ ဟူသည့် ဂီတပါရမီရှင်တစ်ဦး ပေါ်ပေါက်လာခြင်းသည် ကုန်းဘောင်ခေတ် ဂီတဖွံ့ဖြိုးရေးအတွက် အရေးပါလှသော အချက်ဖြစ်သည်။ ဦးစသည် ပတ်ပျိုးပေါင်းများစွာ ရေးဖွဲ့ခဲ့သည်။

ထို့ပြင် တိုင်းခြားတေးသံဖြစ်သော ယိုးဒယားတေးသံများသာမက တိုင်းရင်းသားတေးသံများဖြစ်သော မွန်သံ၊ ကရင်သံ၊ ထားဝယ်ဒိန်းသံတို့ကိုမှီး၍ တေးသီချင်းများ ရေးဖွဲ့ခဲ့သည်။ ထိုသီချင်းများသည် မြန်မာ့ဂီတဖွံ့ဖြိုးရေးအတွက်သာမက တိုင်းရင်းသားချစ်ကြည်ရေးအတွက်ပါ အထောက်အကူပြုသည်။

မြဝတီမင်းကြီးဦးစ၏ အရေးအဖွဲ့ပြောင်မြောက်ပုံကို 'သာဆန်းရဂုံဘွဲ့ပတ်ပျိုး' ဖြင့် သာဓက ဆောင်ရလျှင်

"သာဆန်း၊ ရဂုံဘွဲ့။ ။ ညင်းပြေပြေ၊ လေပြည်လောင်း၊ ညှာခြေစိမ်းရင့်မောင်း။ ။ ညောင်းရွက်ကယ် တည့်ကြွေလေဟန်၊ မြညှာရွှေရည်လျှံ။ ။ သင်းကျုံကျုံလေတည့် ဝင်းလျှံလျှံ။ ။ မြူးပျော်စံလေတည့်မှ၊ ကျူးကျော်ညံ၊ မြယွန်းဘုံ တိမ်ယံက၊ ဖန်လာမြူခိုး၊ ဖြိုးဖြိုးအုံညို၊ မှုန်ရီတည့်ထွေထူးဆန်း။ ။ ပန်းလေအောင်တည့်မှ၊ ကမ်းရေယဉ်သောင်။"

စသည်ဖြင့် နွေရာသီသဘာဝ ပတ်ဝန်းကျင်ရှုခင်းကို မျက်စိထဲတွင် မြင်ယောင်လာအောင်ဖွဲ့ထားသည်။

မြဝတီမင်းကြီးဦးစ ပျိုးထောင်လိုက်သည့် ယိုးဒယားသီချင်း၊ မွန်သီချင်းများကို ထိုသို့ ဖွံ့ဖြိုးလာအောင် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ဆက်လက်မြေတောင်မြှောက်ပေးသူကား ပြင်စည်မင်းသားကြီးဖြစ်သည်။ ပြင်စည်မင်းသားကြီးသည် ယိုးဒယားသီချင်း၊ မွန်သီချင်းများ အပါအဝင် တေးသီချင်းအမြောက်အမြားရေးဖွဲ့ကာ ဆန်းသစ်တီထွင်မှုများပြုခဲ့သည်။ ထိုပုဂ္ဂိုလ်ကြီး နှစ်ဦး၏အစွမ်းကြောင့် ကုန်းဘောင်ခေတ်တွင် မြန်မာ့ဂီတတိုးတက်ဖွံ့ဖြိုးလာရသည့်နည်းတူ ဂီတစာပေများလည်း ကြွယ်ဝလာရသည်။

အမျိုးသမီးစာဆိုသားအမိဖြစ်သော အနောက်နန်းမတော်မမြကလေးနှင့် သမီးလှိုင်ထိပ်ခေါင်တင်တို့သည်လည်း မြန်မာ့ဂီတသမိုင်းတွင် မှတ်တမ်းတင်လောက်သည့် ပတ်ပျိုးများရေးဖွဲ့ခဲ့ကြသည်။

ထို့ပြင်စည်တော်ဖြင့်သီဆိုရသော'စည်တော်သံ'၊ လေ့တော်သားတို့သီဆိုရသော 'လေ့တော်သံ၊ လင်ပျောက်မယားပျောက်ဟန် လွမ်းလွမ်းဆွေးဆွေးရေးဖွဲ့သော 'ရှာပုံတော်' စသည့် ကဗျာများလည်း ပေါ်ထွန်းသည်။

"စုံနံ့သာမြိုင်၊ ရဂုံတွင်းမှာလ၊ ထုံသင်းငယ်ကြိုင်၊ ဂနိုင်ဟေမ၊ နွေအစ၊ ရွှေများကလျာ၊ ဟိုခင်ကို လျှောက်ပါလို့၊ လင်ပျောက်ကိုရှာခဲ့၊ ဂန္ဓမာဝူ၊ မြေသလင်း၊ နေမင်းကပူသနှင့်၊ နန်းသူဒေဝီ၊ တွေ့နိုင်ပဲဟာမို့၊ လဲလုပြီ"

စသည်ဖြင့် ဖွဲ့သော ဦးကြော့၏ 'စုံနံ့သာမြိုင် ရှာပုံတော်ကြီး' မှာ အထူးထင်ရှားသည်။

ပါဝင်သည့် အချိုးအရေအတွက်ကို လိုက်၍အမည်မှည့်သော ဒွေးချိုး၊ တြိချိုး၊ လေးချိုး ကဗျာများလည်း ထိုခေတ်တွင် ခေတ်စားသည်။ ရာသီဘွဲ့၊ သဘာဝဘွဲ့၊ အချစ်ဘွဲ့၊ အလွမ်းဘွဲ့

စသည်ဖြင့် စုံလင်သည်။ လေးချိုးများအနက် ဖိုးသူတော်ဦးမင်း၊ လှူဦးမင်းတို့ ရေးဖွဲ့လေ့ရှိသော လေးချိုးကြီးများသည် ရှည်လျားသည်နှင့်အမျှ ရာသီသဘာဝ ပတ်ဝန်းကျင်ကို မြင်ကွင်းကျယ်ကျယ် ပုံဖော်ရေးဖွဲ့သော ကဗျာများဖြစ်သည်။ ဖိုးသူတော် ဦးမင်း၏ တပေါင်းလဘွဲ့ လေးချိုးကြီးတွင်

> "မိန်အပိုင်းပေမို့၊ တိမ်လှိုင်းမြူငွေမှာ၊ ဖြူပြေပြေ ကျန်နှင်းနှင့်၊ ဖန်ဆင်းဟန်တွေဆင့်ပါဘိ၊
> ရေးခွင့်ပြိုင်၊ ပုရစ်ကယ်ကိုက်စီ၊ အမြိုက်ကယ်ညီသည်။ ရွှေဖိထုံဝတ်၊ မုံပန်းရည်ဆွတ်ရင်လ၊
> ဘုံထွတ်ကယ်မိုးဆီ၊ ဖဂ္ဂုဏီနှင့်၊ ယုန်သီတဂူ၊ နဝင်းစံတူကြတယ်၊ နွေမူလသဘင်ကို၊ ဆယ့်နှစ်ခွင်
> ဒွါဒစက်တွင်မှ၊ သာရက်ကယ် ကုန်လွန်ဆုံးပေမို့၊ မြတ်ဘုန်းရှင်တော်မိန့်ရတယ်၊ စမ်းစိမ့်ဂနိုင်"

ဟူ၍ ခံ့ခံ့ညားညားပေါ်ပေါ်လွင်လွင် ဖွဲ့ထားပုံမှာ နှစ်သက်ဖွယ်ကောင်းလှသည်။ ရုပ်သေးစင်တွင် ရုတ်တရက်လက်တန်း ရေးဖွဲ့စပ်ဆိုလေ့ရှိသော'သံချို'ခေါ် လေးချိုးမျိုးသည်လည်း ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ခေတ်စားသည်။

သာယာကြည်နူးဖွယ် ဆိုညည်းဟန် ရေးဖွဲ့ထားသော ဦးကြင်ဥ၏ ညည်းချင်းများတွင် သဘာဝ ပတ်ဝန်းကျင်ဘွဲ့များကို ပေါ်ပေါ်လွင်လွင်တွေ့နိုင်ပါသည်။ မယ်ခွေ၏ ငိုချင်းများမှာမူ ငိုယိုပူဆွေးဟန် ဖွဲ့ထားသော၊ ကရုဏာရသမြောက်သော ကဗျာများဖြစ်သည်။

အသံအကျော့အထပ်များဖြင့် ရေးဖွဲ့ရသော 'တေးထပ်' ကဗျာမျိုးလည်း ကုန်းဘောင်ခေတ်တွင် ထွန်းကားသည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ဦးပုည၊ အချုပ်တန်းဆရာဖေ၊ ဦးကြော့၊ လှိုင်ထိပ်ခေါင်တင် စသူတို့သည် တေးထပ်အမြောက်အမြား ရေးဖွဲ့ကြသည်။ မယ်ဘွဲ့၊ မောင်ဘွဲ့၊ အလှဘွဲ့၊ သံဝေဂဘွဲ့ စသည့်အဖွဲ့အမျိုးမျိုးကို သွက်ငါသာအောင် ဉာဏ်ကွန့်ကာ အပြိုင်အဆိုင် လက်စွမ်းပြ၍ ရေးဖွဲ့လေ့ရှိကြသည်။

ဘောလယ်အရပ်မှ ပေါ်ထွက်ခဲ့သော ကျေးလက်တေးသံဖြစ်သည့် 'ဘောလယ်သံ' များသည် လှိုင်ထိပ်ခေါင်တင် လက်ထက်တွင် အဖွဲ့ပုံသဏ္ဌာန် ခိုင်မာစနစ်ကျလာပြီး 'ဘောလယ်' ကဗျာအဖြစ် ပေါ်ထွန်းလာရသည်။ လှိုင်ထိပ်ခေါင်တင်သည် မောင်တော်ကနောင်မင်းသားနှင့် ပတ်သက်၍ ပေါ်ပေါက်လာရသည့် ရင်တွင်းခံစားမှုများနှင့် မိမိဘဝဖြစ်ရပ်များကို ဘောလယ်များ ရေးဖွဲ့ခဲ့သည်။

> "စိန်ခြူးကြာညောင်၊ လရောင်လင်းပါလို့၊ မှန်ရွှေဖြူပြတင်းငယ်က၊ မယ်ခုမျှော်။ သုံးချက်
> စည်တော်၊ ရိုက်ဆော်ကာ ညှင်းတယ်လေး၊ လင်းပြန်လုနော်"

စသည့်ဖြင့် မိမိခံစားမှုကို ရေးဖွဲ့ထားပုံမှာ ကရုဏာရသမြောက်လှသည်။ ကိုယ်ရေးကိုယ်တာ အလွမ်းသီချင်းများ အရေးအဖွဲ့များသူ ဖြစ်သည်။ ကျေးလက်ရိုးရာတေးသံများကို တည်တံ့ခိုင်မာလာအောင် စွမ်းဆောင်ခဲ့သော သူ့ဆောင်ရွက်ချက်ကား အလေးထားအပ်သည့် အချက်ဖြစ်သည်။

ကုန်းဘောင်ခေတ်ဦးပိုင်းတွင်ရွှေဘိုမြောက်ဘက်တစ်ခွင်၌လယ်လုပ်သားများ 'လမိုင်းနတ်' ခေါ် လယ်နတ်ပူဇော်ရာတွင် ဗုံရှည်ပွဲများ ဆင်နွှဲရာမှ ဗုံကြီးသံများ ပေါ်ပေါက်လာသည်။ ဗုံကြီးသံများတွင် ဆင်းရဲသားလယ်လုပ်သားများ၏ ဘဝနှင့်ခံစားမှုကို ကာယကံရှင်များက ပြောပြနေဟန် ရေးဖွဲ့ထားသည့်အတွက် အသက်ဝင်လှသည်။ ဆင်းရဲသားပြည်သူတို့၏ ဘဝကိုထင်ဟပ်ပြသော တေးကဗျာများ ဖြစ်သည်။ ရာဇဝင်နှင့် ဇာတ်တော်များကိုလည်း ဗုံကြီးသံဖြင့် ဖွဲ့ဆိုကြသည်။

"လုပ်ရတယ်တဲ့ ကိုင်ရတယ်၊ မောင်ကြီးထွန်ကိုဖြုတ်ရင်၊ မျိုးနုတ်ရတယ်။ လုပ်ငန်းရယ်တဲ့ မတွင်သာ၊ နွားပြာပိန်ချိုလိမ်ကော့က၊ အားပျော့လို့ဗျာ၊ ထမင်းက ညှံ့လိုက်တာ၊ မသေရုံ ချဉ်ပေါင်ဟင်း၊ တင်းမျိုရရှာ။"

ဟူ၍ မိမိတို့ဘဝ အခြေအနေကို လှစ်ပြပုံမျိုး ပါဝင်သကဲ့သို့

"ကောက်တီနဲ့ မယ်စော၊ ရောနှောလို့ ပျိုးထောင်၊ မိုးလေကခေါင်၊ သည် ပျိုးရယ် ရေအောင်မှ၊ မယ်နှင့်မောင် အလှူပေးရမယ်၊ မိုးကူပါ့လေး။"

ဟူ၍ မိမိတို့ မျှော်လင့်ချက်ကို ဖွဲ့ပြပုံမျိုးလည်း ပါဝင်သည်။

ထိုဗုံကြီးသံများ တွင်ကျယ်ခေတ်စားသဖြင့် ဘုရင့်နန်းတော်ဘွဲ့များကိုပင် ဗုံကြီးသံဖြင့် ရေးဖွဲ့ကာ ပြည်သူတို့ နှုတ်ဖျားသို့ ရောက်အောင် ပြုလုပ်သည်အထိ အရေးပါခဲ့သည်။

ပျော်မြူးဖွယ်ကောင်းသည့် ကဗျာတစ်မျိုးကား 'တုံးချင်း' (ဒုံးချင်း) ဖြစ်သည်။ သစ်တုံးကို အခေါင်းထွင်း၍ ယမ်းထည့်ပြီး မီးရှို့ပစ်ဖောက်ရသော 'တုံးလွှတ်ပွဲ' ၌ တုံးကို စီးရသည့် အရုပ်များ ပြုလုပ်လေ့ရှိသည်။ တောင်သူကြီးရုပ်၊ ဇီးကွက်ရုပ် စသည့် အရုပ်များအကြောင်းကို ကိုယ်ရည်သွေးကာ ရွှင်ရွှင်မြူးမြူး ရေးဖွဲ့လေ့ရှိသော တုံးချင်းများလည်း ခေတ်စားသည်။ ဖိုးသူတော်ဦးမင်း၊ လူဦးမင်း၊ ဦးပုည စသူတို့ အရေးအဖွဲ့များကြသည်။

လွမ်းဆွတ်ကြည်နူးဖွယ်ရေးဖွဲ့သော 'လွမ်းချင်း' ကဗျာမျိုးတွင် ဦးကြီးနှင့်ဦးဆောင်းတို့၏ လွမ်းချင်းများ ထင်ရှားသည်။ တောသူတောင်သားတို့၏ အရိုးခံဘဝသရုပ်ကို ထင်ယောင်မြင်ယောင် ဖြစ်လာအောင် သရုပ်ဖော်ထားသော ကဗျာများဖြစ်သည်။ ကျေးလက်သံပါပါ အသက်ဝင်အောင် ရေးဖွဲ့သော ကဗျာများ ဖြစ်ပေသည်။ ဦးကြီး၏ လွမ်းချင်းတစ်ပုဒ်မှာ

"ခါတစ်လှည့်၊ လာခဲ့ပါ့ ကျုပ်တို့ဆီ၊ ရာသီရောက်ကပေါ့၊ ဖားကင်ခြောက် ကျုပ်တင်ဟာကို၊ ငရုပ်ဝါ စပ်တူထောင်းပါလို့ ညှော်ကောင်းမှ တမင်ခေါ်၊ တို့ကြီးတော် နွေကလှန်းပါတဲ့၊ ခရမ်းခြောက် ကျိုပုန်းရည်၊ တူနှစ်မည်ဆင်တဲ့ဟင်း၊ ထမင်း ပုသိမ်ဆင်နှင့်၊ ကိုရင်ကို ကျွေးချင်လှတယ်လေး။"

ဟူ၍လိုက်လှဲပျူငှာစွာဖိတ်ခေါ် ဟန်အဖွဲ့သည် တောသူတောင်သားတို့၏ သဒ္ဓါတရားထက်သန်သော စိတ်ထားကို ဖော်ပြလျက်ရှိသည်။

ထို့ပြင် 'ကရင်ပြဲသံ'ကိုယူကာ ကရင်တိုင်းရင်းသားတို့၏ဘဝကို ပျော်ရွှင်ကြည်နူးဖွယ် ရေးဖွဲ့သော သာယာဝတီဦးဝိုင်း၏ အဖွဲ့များသည်လည်း တိုင်းရင်းသားချစ်ကြည်ရေးကို အထောက်အကူပြုသည်။

လယ်သူမတို့ လုပ်ငန်းခွင်တွင် ဟန်နှင့်ကပြသီဆိုသော ဟန်ချင်းများ၊ ဂုဏ်ဖော်၍ ဖွဲ့ဆိုသော ဂုဏ်ချင်းများ၊ ကောက်စိုက်ရင်း၊ မောင်းထောင်းရင်းသီဆိုကြသော ကောက်စိုက်မအိုင်ချင်းများ၊ ကောက်စိုက်တေး၊ မောင်းထောင်းတေးများကိုလည်း ထိုခေတ်တွင်တွေ့ရသည်။ မောင်းထောင်းတေးများတွင် -

> "ပိန်းဖိနပ်တဲ့အနီထည်၊ စီးမယ်လို့ဝယ်။ ခုနှယ်ခါ မယ်မစီးသေး၊ မောင်နှင့်မယ် တကယ်ရမှ စီးပါ့မယ်လေး"

ဟူ၍ လုံမပျိုကလေး၏ မျှော်မှန်းချက်ကို ဖွဲ့သောတေးမျိုး ပါဝင်သကဲ့သို့-

> "ဟိုနားက ယောင်ပေယောင်ပေ၊ သားတစ်ယောက်အဖေ၊ ခေါင်းပေါင်းစရှည်၊ ကိုယ်နေဟန်ကြော့၊ လူပျိုပုံလာမလုပ်နဲ့၊ ရှာရှုပ်တယ်တော့။"

ဟူ၍ အချင်းချင်းကျီစယ်သည့် တေးမျိုးလည်း ပါဝင်သည်။ ရိုးရိုးနှင့် နှစ်သက်ဖွယ် ကောင်းသောတေးများဖြစ်သည်။

ဤသို့ဖြင့် အစဉ်အဆက် ထွန်းကားခဲ့သော ဓမ္မအကြောင်း၊ ရာဇအကြောင်း အလေးကဲသည့် ကဗျာများနှင့် တစ်မူကွဲကာ သာမန်ဆင်းရဲသား ပြည်သူတို့၏ ဘဝကို ထင်ဟပ်သော ကျေးလက်ရိုးရာကဗျာများ ထွန်းကားလာခြင်းသည် ကုန်းဘောင်ခေတ်၏ ထူးခြားချက်ဖြစ်သည်။ အထူးသဖြင့် ပုံကြီးသံ၊ ကောက်စိုက်တေး၊ မောင်းထောင်းတေးစသည့် ကျေးလက်ရိုးရာတေးတို့သည် ကုန်းဘောင်ခေတ်ဦးပိုင်းမှ ကိုလိုနီခေတ်အထိပင် ဆက်လက်ထွန်းကားလာကြောင်းတွေ့ရသည်။

ဤသို့ဖြင့် ကုန်းဘောင်ခေတ် မြန်မာစာပေကို ခြုံ၍ကြည့်လျှင် ရှေးကထက် စာပေပုံသဏ္ဍာန်များ ပိုမိုကွယ်ဝလာပြီး အတွေးသစ်အမြင်သစ်များလည်း ပါဝင်လာသည့်အတွက် တိုးတက်သော လက္ခဏာကို ဆောင်သည်ဟု ဆိုနိုင်ပေသည်။

## ကိုလိုနီခေတ်စာပေ (၁၈၈၅ – ၁၉၄၈)

ကိုလိုနီခေတ်သည် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှကိုလိုနီဘဝကျရောက်ရသော ၁၈၈၅ ခုနှစ် မှ မြန်မာနိုင်ငံ လွတ်လပ်ရေးရသော ၁၉၄၈ ခုနှစ်အထိ ကြာမြင့်သောခေတ် ဖြစ်သည်။

ထိုခေတ်တွင် မြန်မာတို့သည် ကိုယ့်မင်းကိုယ့်ချင်းနှင့် နေရသောဘဝမှ သူ့ကျွန်ဘဝသို့ ပြောင်းလဲ သွားရသည့်နည်းတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အပြောင်းအလဲများနှင့်လည်း ကြုံတွေ့ကြရသည်။ သူ့ကျွန်ဘဝတွင် အရင်းရှင်နယ်ချဲ့ ခြယ်လှယ်မှုဒဏ်ကို ခံလာရသည်။ အရင်းရှင်တို့၏ စီးပွားရေးလုပ်ငန်းသစ်များ ပေါ်ထွန်းလာသည်။ ဘုန်းကြီးကျောင်းတွင် ပညာသင်ရသော စနစ်မှ အင်္ဂလိပ်မြန်မာ အတန်းကျောင်းစနစ်သို့ ပြောင်းလဲလာသည်။ ပုံနှိပ်လုပ်ငန်းများတွင်ကျယ် ထွန်းကားလာသည်နှင့်အမျှ စာအုပ်စာတမ်းများသည် ပြည်သူလူထုထံသို့ ပို၍ကျယ်ကျယ်ပြန့်ပြန့် ရောက်လာသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ပေါ်ပေါက်လာပြီး စကားပြေကိုပို၍ အသုံး များလာသည်။ စာရေးသူတို့သည် မိမိတို့၏ ဘဝပတ်ဝန်းကျင်တွင် တွေ့မြင်ရသော အခြေအနေသစ် များကို အကြောင်းပြု၍ လူ့အကြောင်း၊ လောကအကြောင်းကို အရေးအဖွဲ့များလာသည့်အလျောက် ထိုခေတ်တွင် လောကအကြောင်းစာပေများ ရှေးကထက် ပိုမိုထွန်းကားလာရသည်။ ထို့ပြင် ထိုခေတ် သည် အရင်းရှင်နယ်ချဲ့ကို တွန်းလှန်၍ လွတ်လပ်ရေးအတွက် တစ်စတစ်စ တိုးတက်ကြိုးပမ်းသော လွတ်လပ်ရေးတိုက်ပွဲခေတ်ဖြစ်ပေရာ စာပေရေးဖွဲ့သူတို့သည် အမျိုးဘာသာ၊ သာသနာ၊ ပညာရေး တို့ကို ကြွေးကြော်တောင်းဆိုလာသည်။ နယ်ချဲ့ဆန့်ကျင်ရေး လွတ်လပ်ရေးဦးတည်ချက်ဖြင့် စာပေရေးဖွဲ့ လာကြသည်။

### ဝတ္ထု

စကားပြေဘက်တွင် အစဉ်အဆက်ပေါ်ထွန်းခဲ့သည့် ဘာသာပြန်ဗုဒ္ဓစာပေဝတ္ထုများနှင့် တစ်မူကွဲကာ ဒိဋ္ဌဓမ္မမြင်တွေ့ရသော လူ့ဘဝပတ်ဝန်းကျင်အကြောင်းကို အခြေပြုရေးဖွဲ့သော ‘ကာလပေါ် ဝတ္ထုများ’ ပေါ်ထွန်းလာခြင်းသည် ထိုခေတ်၏ မှတ်သားဖွယ်တစ်ရပ်ဖြစ်သည်။ ဗြိတိသျှနယ်ချဲ့ လက်အောက်တွင် အင်္ဂလိပ်စာပေနှင့် ထိတွေ့ရင်းနှီးခွင့်ရလာသော မြန်မာတို့သည် အနောက်နိုင်ငံ တွင် ထွန်းကားနေသည့် ‘နော်ဗယ်’ ခေါ် ကာလပေါ်ဝတ္ထုများကို ဖတ်ရှုလေ့လာခွင့် ကြုံလာရသည်။ အင်္ဂလိပ်ကာလပေါ်ဝတ္ထုတစ်ပုဒ်ဖြစ်သော ဒင်နီယယ်ဒီဖိုး၏ ‘ရော်ဘင်ဆင် ကရူးဆိုး’ဝတ္ထုကို ၁၉၀၂ ခုနှစ်တွင် ဦးဘိုးဇော်က တိုက်ရိုက်မြန်မာပြန်၍ ထုတ်ဝေလိုက်သောအခါ အနောက်တိုင်း ကာလပေါ် ဝတ္ထုသဘောကို မြန်မာတို့ပို၍သိလာရသည်။ မူလကပင် ဗုဒ္ဓစာပေဆိုင်ရာဝတ္ထုများ ထွန်းကားခဲ့ပြီး ဝတ္ထုဘက်တွင် ရေခံမြေခံကောင်းခဲ့သည့် မြန်မာစာပေသည် ယခုကဲ့သို့ အနောက်တိုင်း ကာလပေါ်ဝတ္ထုများနှင့် ထိတွေ့လာရာမှ အကျိုးတရားအဖြစ် မြန်မာကာလပေါ်ဝတ္ထုများ စတင် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ပြင်သစ်စာရေးဆရာ ဒူးမား၏ မွန်တီခရစ္စတိုမြို့စားကြီးဝတ္ထုကို ဂျိမ်း(စ်)လှကျော်က တစ်စိတ်တစ်ပိုင်းယူ၍ မိမိ၏ကိုယ်ပိုင်ဖန်တီးမှုများဖြည့်စွက်ကာ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်နှင့် လိုက်ဖက်အောင်ရေးဖွဲ့ခြင်းဖြင့် ၁၉၀၄ ခုနှစ်တွင် မောင်ရင်မောင် မမယ်မဝတ္ထု ပေါ်ထွက်လာသည်။ ထိုဝတ္ထုကို ပထမမြန်မာကာလပေါ်ဝတ္ထုဟူ၍ ပညာရှင်တို့ သတ်မှတ်ကြသည်။ ထိုဝတ္ထု၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ အခန်း ၁ တွင်

"ကျွန်ုပ်တို့ ဘုရားအလောင်းတော် ဇနကမင်း၏နည်း၊ အတိဒုက္ခကြုံကြိုက်သည့် အခါတွင် လုံ့လဝီရိယကို မလျှော့သောယောကျ်ားအင်္ဂါနှင့် ညီညွတ်စွာဆောင်ရွက်သည့် အကျိုးအားဖြင့် သေမည့်ဘေးမှ လွတ်ထွက်ပြီးလျှင် အချိန်သင့်တိုင် ရောက်ကာလ သူဌေးသူကြွယ်ဘဝကို ရရှိရုံမျှမက ငယ်ရွယ်စဉ်က ချစ်ခင်စုံမက်ကြပြီးနောက် နှစ်ပေါင်းများစွာကွဲကွာနေသူမိန်းမနှင့် ပြန်၍ပေါင်းသင်းရသည်များကို ဗဟုသုတအရာလိုလားသူ အမျိုးကောင်းသားသမီးတို့ သိမှတ်အပ်သည့်အတိုင်း ဖြစ်ပျက်သည့်အကြောင်းအရာ အစီအစဉ်အလျောက် အရှည်ပြဆိုပေကုန်အံ့။"

ဟူ၍ ရှင်းလင်းဖော်ပြထားသည်ကို တွေ့ရသည်။

ထိုနှစ်မှာပင် ဝန်စာရေးဦးကြီး၏ 'ချဉ်ပေါင်ရွက်သည်မောင်မှိုင်း' ဝတ္ထု ပေါ်ထွက်လာသည်။ ထိုဝတ္ထုမှာမူ အဓိကဇာတ်ဆောင် အမျိုးသားတစ်ယောက်ကို အမျိုးသမီးအများ ခြံရံသည့် ရှေးပောင်းနန်းတွင်း ဇာတ်အစဉ်အလာကိုလိုက်သော ဝတ္ထုဖြစ်သည်။ ထိုဝတ္ထုနှစ်ပုဒ်သည် မြန်မာစာပေသမိုင်းတွင် စာပေအဖွဲ့ပုံသဏ္ဌာန်သစ်အဖြစ် မှတ်တမ်းတင်ခံရသော ဝတ္ထုများဖြစ်သည်။

ထိုဝတ္ထုနှစ်ပုဒ်ပေါ်ထွက်ပြီးနောက် ကာလပေါ်ဝတ္ထုများ ဆက်တိုက်ထွက်ပေါ်လာသည်။ ၁၉၂၀ ပြည့်နှစ်အထိ ပေါ်ထွက်လာသော ဝတ္ထုများကို လေ့လာကြည့်သောအခါ ကာလပေါ်ပုံသဏ္ဌာန်ပီပီသသ မရှိသေးကြောင်း တွေ့ရသည်။ ဝတ္ထုအများစုသည် အချစ်အကြိုက်ကို အဓိကထား၍ ရေးဖွဲ့ကြသည်။ ဝတ္ထုထဲတွင် ဝတ္ထုနှင့် တိုက်ရိုက်မပတ်သက်သော ဗဟုသုတများ၊ အဆုံးအမ ဩဝါဒများ ထင်းထင်းကြီးထည့်ရေးကြသည်။ ကာရန်နဘေညှပ်၍ သီချင်းများထည့်ကာ ဇာတ်ဆန်ဆန်ရေးဖွဲ့ကြသည်။ လူ့စရိုက် လူ့သဘာဝကို ပေါ်လွင်အောင် ဖွဲ့နိုင်သော ဝတ္ထုမျိုး အလွန်နည်းပါးသည်။ ထိုသို့နည်းပါးသည့်အထဲမှ ပေါ်ထွက်လာသည့် ဦးလတ်၏ 'စံပယ်ပင်ဝတ္ထု'၊ 'ရွှေပြည်စိုးဝတ္ထု'၊ သခင်ကိုယ်တော်မှိုင်း၏ 'မှာတော်ပုံဝတ္ထု' တို့သည် လူ့စရိုက် လူ့သဘာဝပေါ်လွင်သော ဝတ္ထုများဖြစ်သည်။ ထိုဝတ္ထုများတွင် သူတော်ကောင်း အရေခြုံလျက် ကိုယ့်ယဉ်ကျေးမှုကို အထင်သေးနေသော သရုပ်ပျက်ခေတ်ပညာတတ်စရိုက်၊ လူရိုးလူအနှင့် လော်လီတတ်သော မိန်းမလည်စရိုက် အသီးသီးကို သတိပြုဆင်ခြင်ဖွယ်ဖြစ်အောင် ပေါ်ပေါ်လွင်လွင် ရေးဖွဲ့ထားသည်။ ထို့ကြောင့် ထိုဝတ္ထုများကို အစဉ်အဆက်လေးစားကြရသည်။

၁၉၂၀ ပြည့်နှစ်ပတ်ဝန်းကျင်တွင် မြန်မာ့နိုင်ငံရေးလောက၌ 'အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ' အရေးတို့ကို ဦးစားပေး၍ လှုပ်ရှားလာကြသည်။ စာပေအရာတွင်လည်း အလားတူပင် ဦးစားပေး လှုပ်ရှားရေးသားလာကြသည်။

၁၉၁၄ ခုနှစ်မှ ၁၉၁၈ ခုနှစ်အတွင်း ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါ စာနယ်ဇင်းများသည် စစ်ကြီးအတွင်းတွင် စစ်သတင်းများကို အသားပေးဖော်ပြခဲ့ကြသည်။ မြန်မာစာဖတ်ပရိသတ်များသည် မကြုံဖူးသော စစ်သတင်းများကို စိတ်ဝင်စားစွာ ဖတ်ရှုလာကြသည်။ စစ်ကြီးပြီးသွား၍ စစ်သတင်းများ မရှိကြသောအခါ စာနယ်ဇင်းများက နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတို့ကို ရေးသားတင်ပြလာကြသည်။

ဤသို့ဖြင့် စာဖတ်ပရိသတ် တိုးပွားလာခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ပထမကောလိပ် သပိတ်ကြီး ပေါ်ပေါက်လာရာမှ အမျိုးသားကျောင်းများ တည်ထောင်၍ အမျိုးသားစာပေကို ဦးစားပေး သင်ကြားခဲ့ကြသည်။ အမျိုးသားကောလိပ်တွင် ဆရာလွန်း(သခင်ကိုယ်တော်မှိုင်း)၊ ဒီးဒုတ်ဦးဘချို၊ ဦးဖိုးကျားစသည့် မျိုးချစ်ပညာရှင်များက မြန်မာစာပေနှင့် မြန်မာရာဇဝင်တို့ကို သင်ကြားပို့ချပေးကြသည်။ ဤသို့ဖြင့် အမျိုးသားလှုပ်ရှားမှုသည် မြန်မာစာပေတိုးတက်ရေးကို အခြေပျိုးပေးခဲ့သည်။

၁၉၂၀ ပြည့်နှစ်ဝန်းကျင်တွင် ကာလပေါ် ဝတ္ထုပုံသဏ္ဌာန် ပီပီသသဖြစ်လာသည်။ ဗဟုသုတ အဆုံးအမများထည့်ခြင်း၊ ဇာတ်ဆန်ခြင်းဟူသော လက္ခဏာများ နည်းပါးသွားပြီး ဝတ္ထုပီသလာသည်။ ဇာတ်လမ်းဇာတ်ဆောင်တို့ ပို၍ပုံပေါ်လာသည်။ ဝတ္ထုများကို နိုင်ငံရေး၊ လူမှုရေးရည်ရွယ်ချက်များဖြင့် အလေးအနက် ရေးဖွဲ့လာကြသည်ကို တွေ့ရသည်။ ထိုကာလတွင် သူရိယ၊ မြန်မာ့အလင်း၊ ဒဂုန်၊ ကဝိမျက်မှန်စသော မဂ္ဂဇင်းများ ပေါ်ထွက်နေပြီဖြစ်ရာ ထိုသတင်းစာ မဂ္ဂဇင်းများတွင် ဝတ္ထုတို အဖွဲ့များလည်း ပါဝင်လာသည်။ ဝတ္ထုရှည်များလည်းပို၍ တွင်ကျယ်လာသည်။ ထိုကာလတွင် လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် နတ်ရှင်နောင်၊ တပင်ရွှေထီး၊ ဗညားနွဲ့ စသော သမိုင်းနောက်ခံဝတ္ထုများဖြင့် ဇာတိမာန်လှုံ့ဆော်ပေးသည်။ ခင်မြင့်ကြီး၊ သန်းသန်း၊ တင်တင်မြစသော အချစ်ဝတ္ထုများကိုလည်း 'အနုအယဉ် လှတစ်ခွင် သူ့အပြင်မရှိ' ဟု ထိုခေတ်က ချီးကျူးရလောက်အောင် နုနုယဉ်ယဉ် ဖွဲ့နွဲ့ ရေးသည်။

မြန်မာကာလပေါ်ဝတ္ထုကို ဆန်းသစ်စေသူကား ပီမိုးနင်းဖြစ်သည်။ ပီမိုးနင်းသည် ဝတ္ထုရှည်ရော ဝတ္ထုတိုကိုပါ ရေးဖွဲ့သည်။ ပီမိုးနင်း၏ ဝတ္ထုများတွင် 'ပွဲစားကြီးသားအဖနှင့် မြမြ'၊ 'နေညိုညို'၊ 'ချစ်ပန်းနွယ်' စသည်တို့ ထင်ရှားသည်။ အချို့မှာ အနောက်တိုင်း ဝတ္ထုများကို မှီငြမ်းပြုသော ဝတ္ထုများ ဖြစ်သည်။ ဇာတ်ဆောင်များနေရာတွင် ခေတ်ပညာတတ် အရာရှိများ၊ ကုန်သည်ပွဲစားများ ပါဝင်လာကြသည်။ သူ့ဝတ္ထုများတွင် အုပ်ချုပ်သူတို့ ယဉ်ကျေးမှုလေ့ မေ့လျော့နေပုံ၊ လူကုံထံတို့ တရားပျက်ပုံ၊ တောသူတောင်သားအား လူရှုပ်လူပွေများက လိမ်ညာလှည့်စားတတ်ပုံတို့ကို ပြပြင်ရေး

ရည်ရွယ်ချက်ဖြင့် ရေးဖွဲ့သည်ကို တွေ့ရသည်။ ထို့ပြင် လူငယ်တို့ ကိုယ်ကျင့်တရား ကောင်းမွန်ရေး၊ လူကြီးများ မျိုးချစ်စိတ်ထက်သန်ရေးများကိုလည်း ဝတ္ထုများတွင် အလေးပေး လှုံ့ဆော်သည်။

ရွှေဥဒေါင်းသည် 'ရန်ကြီးအောင်'ခေါ် ပင်ကိုရေးဝတ္ထုဖြင့် စာပေလောကသို့ စတင်ဝင်ရောက်လာပြီးအနောက်တိုင်းဝတ္ထုများကိုမှီငြမ်းပြုသောဝတ္ထုများစွာရေးသားခဲ့သည်။ 'ရတနာပုံ'၊ 'ရူပနန္ဒီ' 'ရူပကလျာဏီ' စသည်တို့ ဖြစ်သည်။ ရွှေဥဒေါင်းသည် မှီငြမ်းပြုဝတ္ထုများ၏ ရှေ့ဆောင် ဖြစ်သည်။ သူရိယမဂ္ဂဇင်းတွင် လစဉ်ရေးခဲ့သော ရွှေဥဒေါင်း၏ 'စုံထောက် မောင်စံရှား' ဝတ္ထုများ ဆိုလျှင် မှီငြမ်းပြုထားသည်ဟုပင် မထင်ရလောက်အောင် မြန်မာမှုပြုထားသော ဝတ္ထုများဖြစ်သည်။ ရွှေဥဒေါင်း၏ ဝတ္ထုများသည် လူငယ်များစွန့်စားလိုစိတ်၊ ယောကျ်ားကောင်းပီသလိုစိတ်များ ထက်သန်လာအောင် လှုံ့ဆော်ပေးသောဝတ္ထုများ ဖြစ်သည်။

ဇေယျ၏ 'မြတ်လေးရွှေစားဗိုလ်'၊ သူရိယဦးသိမ်းမောင်၏ 'ရဲမြန်မာ'၊ ရွှေစကြာ၏'နားခံတော်'၊ ဒဂုန်ခင်ခင်လေး၏ 'ရွှေစွန်ညို' စသည့်ဝတ္ထုများလည်း ပေါ်ထွက်လာသည်။ ထိုဝတ္ထုများသည် ဇာတိမာန် လှုံ့ဆော်ပေးသော သမိုင်းနောက်ခံဝတ္ထုများ ဖြစ်သည်။

၁၉၃၀ ပြည့်နှစ်ကျော်ပိုင်းတွင် တစ်မတ်တန်ဝတ္ထုများ၊ တစ်မူးတန်ဝတ္ထုများ တွင်ကျယ်ခေတ်စားလာသည်။ တစ်မတ်တန်ဝတ္ထုခေတ်တွင် မြမျိုးလွင်သည်လည်းကောင်း၊ တစ်မူးတန်ဝတ္ထုခေတ်တွင် တက်ထွန်း၊ ဉာဏ၊ ရဲထွတ်စသူတို့သည်လည်းကောင်း ထင်ရှားသည်။ ထိုဝတ္ထုများကြောင့် စာဖတ်ပရိသတ် တိုးပွားလာခဲ့ရသည်။

၁၉၃၀ ပြည့်နှစ် နောက်ပိုင်းတွင် ဂန္ထလောကမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ တိုးတက်ရေးမဂ္ဂဇင်းတို့၌လည်း လူ့စရိုက်သဘာဝကိုပေါ်လွင်အောင် ရေးဖွဲ့သောဝတ္ထုများ ပါဝင်လာသည်။ ခေတ်ကို စမ်းသပ်သည့်အနေဖြင့် 'ခေတ်စမ်း' ဟု အမည်ပေးထားသော စာပေလှုပ်ရှားမှုတစ်ခုသည် ထိုကာလတွင် ရန်ကုန်တက္ကသိုလ်ရှိ စာပေအသိုင်းအဝိုင်းမှ ပေါ်ပေါက်လာရာ ထိုလှုပ်ရှားမှုသည် မြန်မာဝတ္ထုတိုနှင့် မြန်မာကဗျာဖွံ့ဖြိုးရေးအတွက် အရေးပါခဲ့သည်။ ထိုလှုပ်ရှားမှုတွင် ပါဝင်သူများသည် ဂန္ထလောကမဂ္ဂဇင်း၊ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်းစသည်တို့၌ နောင်အခါ ခေတ်စမ်းပုံပြင်ဟု အမည်တွင်လာမည့် ဝတ္ထုတိုများကို ရေးဖွဲ့ကြသည်။ သိပ္ပံမောင်ဝသည် အမှုထမ်းဘဝနှင့် လှည့်လည်ရစဉ် တွေ့ကြုံရသော အတွေ့အကြုံများကို အခြေပြု၍ လူအမျိုးမျိုး ဘဝအထွေထွေကို ဝတ္ထုတိုများ ရေးဖွဲ့ပြသည်။ ထိုဝတ္ထုတိုများတွင် ဝါကျတိုများကို အသုံးများသည်။ ဇော်ဂျီ၏ဝတ္ထုတိုများသည် လူ့စရိုက် လူ့သဘာဝ ပေါ်လွင်သည်။ မင်းသုဝဏ်၏ ဝတ္ထုတိုများတွင်မူ အလွမ်းသန်သော သဘောကို တွေ့ရသည်။ မောင်ထင်သည် ကိုဒေါင်းဝတ္ထုတိုများကို အသောအထေ့များဖြင့် အာဝဇ္ဇန်းရွှင်ရွှင် ရေးဖွဲ့သည်။ လူ့စရိုက် လူ့သဘာဝပေါ်လွင်သော ဝတ္ထုတိုများ ဖြစ်သည်။ ပန်းထိမ်လင်မယား

သတ်ကြပုတ်ကြသည့် ရန်ပွဲတွင် ပါဝင်စွက်ဖက်မိသည့် ကိုဒေါင်းကို သရုပ်ဖော်ရာ၌ . .

"ပန်းထိမ်လင်မယားတို့ ထွေးလုံးရစ်ပတ်နှင့်၊ လေးထပ်ကျောင်းထိပ်သို့ ရောက်လုနီးသည်နှင့် တစ်ပြိုင်နက် လက်တစ်ဖက်ကားလောက်လေး၊ လက်တစ်ဖက်ကား ခမောက်ကို စွဲကိုင်လျက်၊ ခါးပိုက်ထောင်တွင် လောက်စာလုံးအပြည့်နှင့် ကိုယ်ရောင်ကိုယ်ဝါမည်းမှောင်စွာ ထွက်ပေါ်လာသည်ကား သိကြားမင်း ထင့်"

"ဟုတ်ပေလိမ့်မည်။ သိကြားမင်း လူယောင်ဖန်ဆင်း၍ လူပြည်သို့ သက်ဆင်းခြင်း ဖြစ်ပေမည်။ သို့သော် အသေအချာရှုစမ်းပါရစေဦး။ သိကြားမင်းက ဘယ်သူနှင့် တူသလိုလို ရှိလိုက်ပါဘိ။ အလို လက်စသတ်တော့ ကိုဒေါင်းပါလား ကရို့"

ဟူ၍ မြူးမြူးရွှင်ရွှင် သရုပ်ဖော်ထားပုံကို လေ့လာနိုင်သည်။

တိုးတက်ရေးမဂ္ဂဇင်းမှ အမျိုးသားပညာဝန်ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုများသည် ပြုပြင်ရေးသဘောဆောင်ပြီး အရေးအဖွဲ့ပြေပြစ်သည့်အတွက် အများနှစ်သက်ကြသည်။ ဖေယျ၊ ဉာဏ၊ ရန်အောင်၊ ဇဝန၊ ဒဂုန်ခင်ခင်လေး စသူတို့ကလည်း ဝတ္ထုတိုများ ရေးဖွဲ့ကြသည်။

ထိုအချိန်မှာပင် မဟာဆွေသည် နိုင်ငံရေး၊ လူမှုရေး၊ ရည်ရွယ်ချက်များဖြင့် ဝတ္ထုရှည်၊ ဝတ္ထုတိုများကို ထက်ထက်မြက်မြက် ရေးဖွဲ့သည်။ ဒိုးမေမေ၊ သူပုန်ကြီး၊ စစ်ထွက်သူ၊ သူပုန့်အိမ် ဝတ္ထုများသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားစိတ်ဓာတ်ကို လှုံ့ဆော်သောဝတ္ထုများ ဖြစ်သည်။ ထို့ပြင် နတ်ကိုးကွယ်မှု ဆန့်ကျင်ရေးရည်ရွယ်ချက်ဖြင့် ရေးဖွဲ့သော ပျို့တောင်ပြုး၊ မြင်းပွဲဆန့်ကျင်ရေး ရည်ရွယ်ချက်ဖြင့် ရေးဖွဲ့သော စနေဂြိုဟ်စသည့် ပြုပြင်ရေးဝတ္ထုများလည်း ရေးဖွဲ့သည်။ သူရိယမဂ္ဂဇင်းတွင် မဟာဆွေ ပါဝင်ရေးဖွဲ့သော စာရသက်ပြင်းဝတ္ထုများတွင်လည်း နယ်ချဲ့ဆန့်ကျင်ရေးသဘောများ ပါဝင်သည်။

၁၉၃၇ ခုနှစ်တွင် တို့ဗမာအစည်းအရုံးဝင် သခင်လူငယ်များနှင့် တိုးတက်သော နိုင်ငံရေး အမြင်ရှိသည့်ပုဂ္ဂိုလ်များ တည်ထောင်သည့် နဂါးနီစာအုပ်အသင်း ပေါ်ပေါက်လာသည်။ ထို အသင်းက နိုင်ငံရေးသဘောတရားစာအုပ်များ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး စာအုပ်များ၊ အတ္ထုပ္ပတ္တိများ၊ ဝတ္ထုများနှင့် ပြဇာတ်များကိုလည်း ထုတ်ဝေဖြန့်ချိခဲ့သည်။ နိုင်ငံခြားစာပေများကို ဘာသာပြန်၍ ထုတ်ဝေခဲ့သည်။ ၁၉၃၉ ခုနှစ်မှစ၍ နဂါးနီဂျာနယ်ကို ထုတ်ဝေခဲ့သည်။ နဂါးနီစာအုပ်အသင်းသည် မြန်မာစာပေလောကကို နိုင်ငံရေးအသိအမြင်နှင့် ကမ္ဘာ့စာပေအမြင်များ ရရှိစေခဲ့သည်။

နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေး၊ ပြုပြင်ရေးရည်ရွယ်ချက်များဖြင့် ရေးဖွဲ့သော သိန်းဖေ(မြင့်)၏ ဝတ္ထုများသည်လည်း ထင်ရှားလှပါသည်။ သိန်းဖေ(မြင့်)၏ 'တက်ဘုန်းကြီး' ဝတ္ထုသည် သာသနာသန့်ရှင်းရေး ရည်ရွယ်ချက်ဖြင့်ရေးသော ဝတ္ထုဖြစ်သည်။ ဝတ္ထုရေးသူပင် 'တက်ဘုန်းကြီး သိန်းဖေ'ဟု အမည်တွင်ရသည်အထိ နာမည်ကျော်သော ဝတ္ထုဖြစ်သည်။ 'တက်ခေတ်နတ်ဆိုးဝတ္ထု'

တွင်မူ ကာလသားရောဂါတိုက်ဖျက်ရေးကို ဦးတည်သည်။ ဒုတိယကျောင်းသားသပိတ်ကို နောက်ခံပြု ရေးဖွဲ့သော 'သပိတ်မှောက်ကျောင်းသားဝတ္ထု'မှာမူ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားရေးစိတ်ဓာတ်ကို အလေးအနက် လှုံ့ဆော်ပေးသော ဝတ္ထုဖြစ်သည်။ သိန်းဖေ(မြင့်)သည် ဝတ္ထုရှည်များအပြင် 'မင်းတိုင်ပင်'၊ 'ငါ့လင်နှင့် ငါ့ငွေ'၊ 'သီချင်းဆို၍ ငိုရသည်' စသည့်ဝတ္ထုတိုများကို ရေးခဲ့သည်။ လူ့စရိုက်ပေါ်လွင်သည့် အပြင် ပြုပြင်ရေးသဘောများ ပါဝင်သောဝတ္ထုတိုများ ဖြစ်သည်။ ဇဝန၏ 'ကောလိပ်ကျောင်းသား'၊ သခင်ဘသောင်း၏ 'ပန်းသာမစာဥ'၊ ရန်အောင်၏ 'အညာသားလေး'၊ ရွှေလင်းယုန်၏ 'သူ' စသည့် ဝတ္ထုများသည်လည်း ထင်ရှားသောဝတ္ထုများဖြစ်သည်။

၁၉၃၀ ပြည့်နှစ်နောက်ပိုင်းတွင် ပေါ်ပေါက်သော ဝတ္ထုအများအပြားသည် ထိုကာလတွင် တဖြည်းဖြည်းအရှိန်မြင့်မားလာနေသော နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေးလှုပ်ရှားမှုများနှင့် လိုက်ဖက်စွာ အမျိုးသားစိတ်ဓာတ်ကို သွေးထိုးလှုံ့ဆော်ပေးခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်တွင် အင်္ဂလိပ်တော်လှန်ရေးကို ဦးတည်သည့် မင်းဆွေ၏ 'ဒါး' (ဓား) ဝတ္ထုထွက်ပေါ်လာသည်။ အချစ်ဇာတ်လမ်းဖြစ်သော်လည်း မြန်မာ့သမိုင်းတွင် ထင်ရှားသော မင်းကြီးရန်နောင်ထံမှ ဆွေစဉ်မျိုးဆက် ဆက်ခံရရှိသော ယိမ်းနွဲ့ပါးဓားကို အမှီမ်းတင်ကာ အမျိုးသားရေးစိတ်ဓာတ် လှုံ့ဆော်ထားပုံမှာ နှစ်သက်ဖွယ်ဖြစ်သည်။

ထိုကာလတွင် အမျိုးသမီးတစ်ဦးအိမ်ထောင်ထိန်းသိမ်းမှု ဘဝရုန်းကန်မှုကို သရုပ်ဖော်သော ဂျာနယ်ကျော်မမလေး၏ 'သူမ' ဝတ္ထုလည်း ပေါ်ထွက်လာသည်။

စစ်ပြီးသောအခါ စစ်အတွေ့အကြုံ တော်လှန်ရေးအတွေ့အကြုံများ ပူပူနွေးနွေး ကြုံခဲ့ရ သူတို့သည် ထိုအတွေ့အကြုံများကို အခြေခံ၍ ဝတ္ထုများရေးဖွဲ့လာကြသည့်အတွက် စစ်ပြီးခေတ်ဝတ္ထု များသည် ထူးခြားဆန်းသစ်လာသည်။ ရဲလင်းထွန်း၏ 'တကယ့်အရေးတော်ပုံ တပ်သား'၊ မြဒေါင်း ညို၏ 'လွတ်လပ်မှ အမျှဝေပါ'၊ ဘုန်းကြွယ်၏ 'ပြောက်ကျားတပ်သား' စသည့်ဝတ္ထုများတွင် တော်လှန် ရေးအတွေ့အကြုံများ ပါဝင်ပေသည်။ မဟာဆွေက 'ကိုးသန်းရှင်' ဝတ္ထုဖြင့် လယ်သမားဘဝကို သရုပ်ဖော်သည်။ ဇဝနက 'ရွှေဝါဆန်' ဝတ္ထုဖြင့် ဆန်၏အရေးပါပုံကို ဖော်ကျူးသည်။ မောင်ထင်၏ 'ငဘ' ဝတ္ထုကား ဂျပန်ခေတ် လယ်သမားဘဝကိုပေါ်လွင်စွာ ဖော်ပြနိုင်သည့် လယ်ယာဝတ္ထုကောင်း တစ်ပုဒ် ဖြစ်သည်။ စစ်အတွင်း ဖက်ဆစ်ဂျပန်တို့ ညှဉ်းပန်းမှုအမျိုးမျိုးကို အလူးအလဲခံရသော လယ်သမားကြီးငဘကို သရုပ်ဖော်ရာတွင် ထေ့သံ ငေါ်သံ သရော်သံများဖြင့် ရေးဖွဲ့ပြထားပုံမှာ အသက် ဝင်လှသည်။ လူ့စရိုက်လူ့သဘာဝ ပေါ်လွင်သော ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်သည်။

"ငဘသည် ဗြိတိသျှခေတ်နှင့် ဂျပန်ခေတ်အတွင်း မြန်မာနိုင်ငံ၌ရှိသော တောင်သူ လယ်သမား တို့၏ဘဝကို တင်ပြသော ဝတ္ထုဖြစ်သည်။ ငဘ၏ဘဝသည် ဒုက္ခအတိပြီး၏။ စာရေးသူသည်

ထိုဒုက္ခကို မျက်မြင်ဒိဋ္ဌဖြစ်အောင် ဖွဲ့ထားသည်။"

ဟူ၍ စာရေးသူက မိမိ၏ ရည်ရွယ်ချက်ကို ဖော်ထုတ်ပြဖူးသည်။

စစ်အတွင်းက တော်လှန်ရေးအတွေ့အကြုံရှိခဲ့သော စာပေသမားလူငယ်များသည် စစ်ပြီးချိန်တွင် စာပေလောကသို့ ဝင်ရောက်လာကြသည်။ ပြည်သူ့စာပေသဘောတရားများ၊ စာပေသစ်သဘောတရားများ ဆွေးနွေးကြသည်။ စာပေကို ပြည်သူ့စာပေအမြင်ဖြင့် ဝေဖန်ဆန်းစစ်လာကြသည်။ စစ်ပြီးခေတ်တွင် ပေါ်ထွက်သည့် တာရာမဂ္ဂဇင်းသည် ထိုလူငယ်များ၏ ခေတ်မီတိုးတက်သော လက်ရာများစုဝေးရာ မဂ္ဂဇင်းဖြစ်သည်။ တိုးတက်သော စာပေအမြင်ဖြင့် အလုပ်သမား၊ လယ်သမား၊ မြို့နေဆင်းရဲသားများအကြောင်း ရေးဖွဲ့သော ဝတ္ထုတိုများကို စစ်ပြီးစတွင် တွေ့လာရသည်။ မန်းတင်၏ 'ကိုဖိုးလုံး' ဝတ္ထုများသည် ထိုကာလတွင် ပေါ်ပေါက်သော လယ်သမားဘဝ သရုပ်ဖော်ဝတ္ထုတိုများဖြစ်သည်။ ဤသို့ဖြင့် ကိုလိုနီခေတ်တစ်လျှောက်လုံးတွင် မြန်မာဝတ္ထုရှည်၊ ဝတ္ထုတိုများသည် တစ်စတစ်စ ဖွံ့ဖြိုးလာရသည်။

## ပြဇာတ်

ကိုလိုနီခေတ်ဦးပိုင်းတွင် ထွန်းကားနေသော စာပေပုံသဏ္ဌာန်တစ်မျိုးမှာ 'ပြဇာတ်' ဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် ဦးကြင်ဥနှင့် ဦးပုညတို့၏ ပြဇာတ်များ ပေါ်ပေါက်ပြီးနောက် ပြဇာတ်ကပြမှုသည် မြန်မာတစ်နိုင်ငံလုံး ပျံ့နှံ့သွားသည်။ အများနှစ်ခြိုက်ကြသည်ကို အကြောင်းပြု၍ ဦးကြင်ဥနှင့် ဦးပုညတို့၏ အစဉ်အလာကိုလိုက်သော ပြဇာတ်များ အောက်မြန်မာနိုင်ငံ၌ ထွန်းကားလာသည်။ ဗြိတိသျှလက်အောက်သို့ အောက်မြန်မာနိုင်ငံရောက်ရှိသော ၁၈၅၃ ပြည့်နှစ်နောက်ပိုင်းတွင် ပြဇာတ်ရေးဆရာများက ပြဇာတ်အမြောက်အမြား ရေးသားလာကြသည်။ ပုံနှိပ်လုပ်ငန်းသည် ဖွံ့ဖြိုးလာပြီဖြစ်၍ ပြဇာတ်များသည် တောကြိုအုံကြားမကျန် ပြည်သူထံသို့ ပျံ့နှံ့သွားခဲ့သည်။

ဦးခိုင်၏ 'မဟာဇနကပြဇာတ်'၊ ဦးပုတ်နီ၏ 'ကုမ္ဗာရ ပြဇာတ်'၊ ဆတိုင်မှတ် ဦးကူး၏ 'လှုံ့မောင်နှမ ပြဇာတ်'တို့သည် အစောဆုံးပုံနှိပ်ပြဇာတ်များအဖြစ် ၁၈၇၅ ခုနှစ်တွင် တစ်အုပ်ပြီး တစ်အုပ် ပေါ်ထွက်လာသည်။ နောက်ပိုင်းတွင် ပြဇာတ်ပေါင်းများစွာ အရှိန်အဟုန်နှင့် ဆက်လက် ပေါ်ထွက်လာသည်။ မော်လမြိုင် ဆရာရော၊ ပုဇွန်တောင်ဆရာခ၊ ပဲခူးဦးဆုသာ၊ ဆင်ဖြူကျွန်း ဆရာသင် စသူတို့၏ ပြဇာတ်များလည်း ထင်ရှားသည်။ ပြဇာတ်ဆရာများမှာ သဘင်ပညာလည်းတတ်၊ စာပေလည်း နှံ့စပ်သည့်အတွက် အရေးအဖွဲ့ပြောင်မြောက် ကောင်းမွန်ကြသည်။ ၎င်းတို့ရေးလိုက်သော ပြဇာတ်များကို သဘင်သည်များက ကပြကြသည်။

မော်လမြိုင်ဆရာရော၏ သထုံရာဇဝင် ပြဇာတ်လာ မောင်က နှမကို ခေါ်ပုံ၌

"ငယ်ရွယ်စဉ်က၊ မိခင်ကဖွား၊ နတ်ရွာငယ် ချစ်သောကြောင့်၊ ပစ်ကာသွား၊ မောင်အားလက်တွင်၊

ဝါးဖတ်ကလေး၊ နေ့စဉ်ရယ်ကျွေးလို့၊ မွေးသည့်အင်ကြောင့်၊ သက်လျှင်မခြား၊ သွင်မှုပပ၊ ယဉ်မှုရယ်ခပါတဲ့၊ နှမများရယ်။”

ဟု ယဉ်ယဉ်ကျေးကျေးခေါ်ဟန် ဖွဲ့ထားပုံကို ကြည့်လျှင်ပင် အရေးအဖွဲ့စွမ်းရည်ကို အကဲခတ်နိုင်လောက်သည်။

ပြဇာတ်ရေးဖွဲ့ရာတွင် ဇာတ်နိပါတ်၊ ဗုဒ္ဓဝင်၊ မဟာဝင်၊ မြန်မာ့သမိုင်းဖြစ်ရပ်၊ မြို့ရွာသမိုင်း၊ မျက်မှောက်ခေတ်ဖြစ်ရပ်စသည်ဖြင့် အမျိုးစုံရေးဖွဲ့ကြသည်။ ဆတိုင်မှတ်ဦးကူး၏ ‘ဘူရိဒတ်ပြဇာတ်’၊ ဆရာလွန်း၏ ‘သီရိဓမ္မာသောကမင်းကြီးပြဇာတ်’၊ ပုဇွန်တောင် ဆရာခ၏ ‘စလေ ငခွေးပြဇာတ်’၊ ဦးကျော်၏ ‘တောင်ငူရာဇဝင်ပြဇာတ်’၊ ဆရာလွန်း၏ ‘ရွှေတိဂုံဘုရားအမှုးကို ကျားအဖူးတက်သော ပြဇာတ်’ဟူသော ထိုခေတ်ပြဇာတ်အမည်များကို ကြည့်ရုံဖြင့် ဖွဲ့သည့်အကြောင်းအရာများကို သိနိုင်သည်။

၁၉၃၀ ပြည့်နှစ်ဝန်းကျင်တွင်မူ အနောက်တိုင်းပြဇာတ်များကို အကြောင်းပြု၍ ခေတ်သစ်ပုံသဏ္ဌာန်ဖြင့်ပြဇာတ်များပြန်လည်ပေါ်ထွန်းလာသည်။ ပြင်သစ်ပြဇာတ်ဆရာ ‘မိုလယဲ’၏ အခြားပြဇာတ်တစ်ပုဒ်ကို ‘ဆရာဝန်ပါပဲ’ ဟူသော အမည်ဖြင့် သခင်ဘသောင်းက မြန်မာမှုပြု ပြန်ဆိုသည်။ မိုလယဲ၏ အခြားပြဇာတ်တစ်ပုဒ်ကို ‘မဟာဆန်ချင်သူ’ ဟူသော အမည်ဖြင့် ဇော်ဂျီက မြန်မာမှုပြု ပြန်ဆိုသည်။ ‘ဆရာဝန်ပါပဲ’ ပြဇာတ်တွင် သမားတု သမားယောင်များ ညာဝါးပြီး စားပေါက်ချောင်နေပုံများကိုလည်းကောင်း၊ ‘မဟာဆန်ချင်သူ’ ပြဇာတ်တွင် မဟာဆန်သည့်ရောဂါစွဲကပ်ပြီး စိတ်ကြီးဝင်နေသူအား ညာလှိုင်းပြီး စားပေါက်ချောင်နေကြပုံကိုလည်းကောင်း ပိုင်ပိုင်နိုင်နိုင် သရော်ထားသည်။ ရေးဖွဲ့ပုံမှာ ရှေးပြဇာတ်များကဲ့သို့ ကာရန်ချိတ် စကားပြေမဟုတ်တော့ဘဲ ခေတ်စကားပြေသန့်သန့်နှင့် ဖြစ်လာသည်။ စကားပြောခန်းများပို၍ အသက်ဝင်လာသည်။

မဟာဆန်ချင်သူပြဇာတ်တွင် စိတ်ကြီးဝင်နေသည့် ဆီကုန်သည် ဦးရွှေနှောင်းအား သဂြိုဟ်ဆရာက ညာလှိုင်းကာ စကားသံများ ရွတ်ဆိုပုံကို သင်ပြဟန်ရေးဖွဲ့ရာ၌

“သဂြိုဟ် ။ ။ ဟော ‘န’ ကိုဆိုစမ်း။ လက်ဦးပါးစပ်ကို ဖွင့်လိုက်။ နောက်ပြီး လျှာထိပ်နဲ့ အာထိပ်ကို ထိပြီးလွှတ်လိုက်၊ နှာခေါင်းထဲကတောင် လေထွက်လာသေးတယ်။

နှောင်း ။ ။ န. . . န. . . န. . . ။ ဟုတ်သဗျို့၊ မှန်လိုက်တာ ဆရာရယ်၊ အမေတို့ အဖေတို့ ကျွန်တော်တို့ကို ဒါတွေ မသင်ခဲ့ဘူးဗျ။”

စသည်ဖြင့် သရော်သံပါပါ ရေးဖွဲ့ထားပုံကို တွေ့နိုင်သည်။

ဇော်ဂျီသည် တစ်ခန်းရပ်ပြဇာတ်ခေါ် တစ်ခန်းတည်းနှင့် ပြီးသည့် ပြဇာတ်တိုများလည်း ရေးခဲ့သည်။ ရွှေမောင်းသံပြဇာတ်တွင် အလောင်းဘုရားခေတ်ကို နောက်ခံပြုလျက် မွန်မြန်မာ

ချစ်ကြည်ရေးကိုပြသည့် အောင်လံတော်ပြဇာတ်၌ သုံးရောင်ခြယ် ဒေါင်းအလံကို သရုပ်ဖော်၍ လွတ်လပ်ရေးစိတ်ဓာတ်ကို လှုံ့ဆော်သည်။ သိပ္ပံမောင်ဝကလည်း 'တင့်တင့်' အမည်ဖြင့် ပြုပြင်ရေး သဘောပါသော ပြဇာတ်များရေးဖွဲ့ခဲ့သည်။ သာသနာသန့်ရှင်းရေး၊ ခေါင်းဆောင်များ သိက္ခာရှိရေး၊ တိုင်းရင်းသားချစ်ကြည်ရေး၊ အိမ်ထောင်ရေးစသည်တို့ကို ဖော်ညွှန်းသော ဦးနု၏ ပြဇာတ်များသည်လည်း ထင်ရှားသည်။

စစ်ပြီးခါနီးတွင် အင်္ဂလန်သို့ လွတ်လပ်ရေးသွားတောင်းသော နန်းရင်းဝန်ဦးစောကို သိန်းဖေမြင့်က တစ်ကောင်ကြွက် ကလောင်အမည်ဖြင့် 'ဘိလပ်သွား ဦးစော' ပြဇာတ်ရေးကာ ထိထိမိမိ သရော်ခဲ့သည်။

စစ်အတွင်း ဂျပန်ခေတ်တွင် ဦးဉာဏက 'မြန်မာသစ်ပြဇာတ်' ရေးပြီး 'မြန်မာသစ်ရေး' အတွက် သတိပေးခဲ့သည်။ မြန်မာဟောင်းနေလျှင် သူတစ်ပါးအစော်ကားခံရမည်ဖြစ်ကြောင်း၊ မြန်မာသစ်ဖြစ်ရန် လိုအပ်ကြောင်း၊ တိုင်းပြည်ကို အသက်ပေးကာကွယ်ရန် လိုအပ်ကြောင်း သတိပေးသည်။ မောင်ထင်ကလည်း နိုင်ငံလွတ်လပ်ရေးအတွက် အသက်ပေးသွားသော အာဇာနည်တို့၏ မိခင်များကိုဖော်ညွှန်းလျက် ဆရာစံအရေးတော်ပုံကိုနောက်ခံပြုကာ 'အာဇာနည် မိခင်' ပြဇာတ်ကို ရေးဖွဲ့သည်။ တော်လှန်ရေးအတွက် လမ်းခင်းပေးသောပြဇာတ်ဖြစ်သည်။ 'ဘာအရေးကြီးဆုံးလဲ' ပြဇာတ်ဖြင့်လည်း သရော်ဖွယ်အမူအကျင့်များကို ထိထိမိမိ သရော်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေး၊ ဆိုရှယ်လစ်နိုင်ငံတည်ထောင်ရေးကို ဦးတည်သော သိန်းဖေမြင့်၏ 'ခေတ်သစ်ဆန်းပြီ' ပြဇာတ်သည်လည်း စစ်အတွင်းက ပေါ်ပေါက်သော ပြဇာတ်ဖြစ်သည်။ ဂျပန်ခေတ် မြန်မာနိုင်ငံကို နောက်ခံပြု ရေးဖွဲ့ထားသည်။ စစ်ပြီးခေတ်တွင် အင်္ဂလိပ်ပြန်လာပြီး ခြယ်လှယ်ရန် ကြိုးပမ်းပုံကို ဇေယျာမောင်က 'စက္ကူဖြူပြဇာတ်' ဖြင့် ဖော်ထုတ်ပြပြီး နိုင်ငံရေး မျက်စိဖွင့်ပေးသည်။

ကလေးပြဇာတ်များကို အများဆုံးရေးသားသူမှာ ဒေါက်တာမောင်ဖြူး ဖြစ်သည်။ ကလေးစာပေ ထွန်းကားရေးကို စိတ်ဝင်စားသော ဒေါက်တာမောင်ဖြူးသည် ကျောင်းခန်းထဲတွင် ကလေးများ ပျော်ပျော်ရွှင်ရွှင် ကပြနိုင်ရန် ရည်ရွယ်၍ ပြဇာတ်တိုကလေးများ ရေးဖွဲ့သည်။

ဤသို့ဖြင့် ကိုလိုနီခေတ်တွင် ပြဇာတ်ပုံသဏ္ဌာန်မှတစ်သွင်ပြောင်းကာ ခေတ်သစ်ပြဇာတ်များ ပေါ်ထွန်းလာရသည်။ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် အမျိုးသားစိတ်ဓာတ်လှုံ့ဆော်ရေးတွင် ထိရောက်လှသော ပြဇာတ်များ၏ အရေးပါပုံကို ဂရုပြုဖွယ် ဖြစ်သည်။

ကိုလိုနီခေတ်တွင် ပုံနှိပ်လုပ်ငန်း ထွန်းကားလာသည်နှင့်အမျှ စာအုပ်စာတမ်းများ ပုံနှိပ်ထုတ်ဝေလာကြရာ အသိပညာဗဟုသုတများဖွယ် စကားပြေကျမ်း အမြောက်အမြားကို ပြည်သူတို့ ဖတ်ရှုလေ့လာခွင့် ရလာကြသည်။ စာနယ်ဇင်းများတွင်လည်း ဆောင်းပါးအရေးအသား တွင်ကျယ်လာပြီး အသိပညာဗဟုသုတပေးသည့် ဆောင်းပါးများစွာ ပေါ်ထွက်လာသည်။ ကိုလိုနီခေတ် အတန်း

ကျောင်း ပညာရေးစနစ်နှင့် ခရစ်ယာန်သာသနာပြုတို့၏ အားထုတ်မှုများကို အကြောင်းပြု၍ မြန်မာဖတ်စာ၊ ပထဝီဝင်၊ သိပ္ပံစသည့် ကျောင်းသုံးစကားပြေစာအုပ်များလည်း ပေါ်ထွန်းလာသည်။ 'မြန်မာနိုင်ငံ သုတေသနအသင်း'၊ 'မြန်မာပြည်ပညာပြန့်ပွားရေးအသင်း' တို့ ပေါ်ပေါက်လာပြီး စာအုပ်စာတမ်းများ ထုတ်ဝေကြသည့်အတွက် တိမ်မြုပ်နေသော ရှေးဟောင်းစာပေများ ပေါ်ထွက်လာသည့်နည်းတူ စာသစ်ပေသစ်များလည်း ပေါ်ထွက်လာသည်။ ဤသို့သော အခြေအနေများကို အကြောင်းပြု၍ ဝတ္ထုပြဇာတ်မဟုတ်သော 'စကားပြေအထွေထွေ' သည်လည်း ဝတ္ထုပြဇာတ်တို့နည်းတူ အင်နှင့်အားနှင့် ထွန်းကားလာရသည်။

**စကားပြေ**

အောက်မြန်မာနိုင်ငံ ဗြိတိသျှလက်အောက်ကျရောက်နေချိန်ကပင် စတင်ပေါ်ထွန်းလာသော သတင်းစာ စကားပြေသည်လည်း ဆက်လက်ထွန်းကားသည်။ ထိုခေတ်တွင် သူရိယ၊ မြန်မာ့အလင်း၊ ပညာ့အလင်း၊ ဟံသာဝတီစသည့် သတင်းစာများအပြိုင်အဆိုင် ပေါ်ထွန်းလာသည့်အလျောက် သတင်း၊ သတင်းဆောင်းပါး၊ ခေါင်းကြီးစသည့် သတင်းစာစကားပြေ အရေးအသားများ ထွန်းကားလာသည်။ ဗန္ဓုလ၊ ဒီးဒုတ်စသည့် ဂျာနယ်များ ပေါ်ထွန်းလာသော အခါတွင်လည်း အလားတူ အရေးအသားများ ပို၍တွင်ကျယ်လာသည်။

စကားပြေအရေးအသားရှင်းလင်းပြတ်သားသော လယ်တီဆရာတော်၏ ဒီပနီကျမ်းများသည် ထိုခေတ်တွင် ထွန်းကားသည်။ ဗုဒ္ဓတရားသဘောများကို ရှင်းလင်းဖွင့်ဆိုသော ကျမ်းများဖြစ်သည်။ လယ်တီဆရာတော်သည် ဒီပနီကျမ်းများပြုစုရာ၌ မည်သို့သဘောထားကြောင်း ဥတ္တမပုရိသဒီပနီလာ အောက်ပါအဆိုအမိန့်က ဖော်ပြလျက်ရှိသည်။

> "ပါဠိသံ ကျမ်းသံနှင့်ပြောနေလျှင် စကားကြီးခန့်၏။ ပြောနေကျ မြန်မာစကားမျိုး မဟုတ်၍ အသိဉာဏ် တန်းခနဲ စိုက်ခနဲမသွား။ ယောင်ဝါးကြီးဖြစ်နေကြ၏။ ထို့ကြောင့် ဤစာအုပ်မှာ သဘောပြောခန်းတွင် မြန်မာပြောချည်း လာလတ္တံ့။"

ထိုအဆိုအမိန့်နှင့်အညီ ဆရာတော်သည် စာဖတ်ပရိသတ်အများနားလည်အောင် ရှင်းရှင်းလင်းလင်း ရေးသားလေ့ရှိသည်။

ဦးအောင်နှင့် စာတော်ပြန်ဆရာသိန်းတို့၏ ဦးပေါ်ဦးလျှောက်ထုံး၊ အယူတော်မင်္ဂလာလျှောက်ထုံး၊ သင်္ဂဇာစကားပုံပေါင်းချုပ်စသော ကျမ်းများသည်လည်း တွင်ကျယ်ခေတ်စားသော ကျမ်းများဖြစ်သည်။ ပုဂံဝန်ထောက်ဦးတင်၊ ဦးမောင်မောင်တင် စသည့် ပုဂ္ဂိုလ်များကလည်း စာပေယဉ်ကျေးမှုဆိုင်ရာကျမ်းများ ပြုစုကြသည်။ ထိုအချိန်တွင် 'မစ္စတာမောင်မှိုင်း' (သခင်ကိုယ်တော်မှိုင်း) ၏ ဋီကာဆောင်းပါးများ ခေတ်စားလာသည်။ မစ္စတာမောင်မှိုင်းသည် မြန်မာ့ဇာတိမာန်ငုပ်လျှိုး

မေးမိုန်နေချိန်တွင် 'ဗိုလ်ဋီကာ'၊ 'ဒေါင်းဋီကာ'၊ 'မျောက်ဋီကာ'၊ 'ခွေးဋီကာ'၊ 'ဘိုင်းကောက်ဋီကာ' စသည့် ဋီကာဆောင်းပါးရှည်ကြီးများကို သူရိယသတင်းစာ စသည်တို့၌ အဆက်မပြတ်ရေး၍ မြန်မာများကို ဇာတိမာန်လှုံ့ဆော်ပေးခဲ့သည်။ နိုင်ငံရေးအသိအမြင်ကျယ်လာအောင် မျက်စိဖွင့်ပေးခဲ့သည်။ ထိုဆောင်းပါးတွင် ယောဂီဆရာကြီး မစ္စတာမောင်မှိုင်းနှင့် တပည့်၊တပည့်မများ ပြောဆိုဆွေးနွေးဟန်ဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေးနှင့်ပတ်သက်၍ ရေးသားလမ်းညွှန်ခဲ့သည်။ ရေးဟန်မှာ စကားပြောတစ်လှည့် ကဗျာတစ်လှည့်ဖြစ်ပြီး အလွန်လူကြိုက်များသည့် ရေးဟန်ဖြစ်သည်။ ဆရာကြီး၏ဋီကာဆောင်းပါးများသည် လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အရေးပါလှသည့် လက်နက်များ ဖြစ်သည်။

ထိုခေတ်တွင်လောကီလောကုတ္တရာဆိုင်ရာ ကျမ်းပေါင်းများစွာ ပြုစုခဲ့သူတစ်ဦးမှာ လယ်တီပဏ္ဍိတဦးမောင်ကြီးဖြစ်သည်။ လယ်တီပဏ္ဍိတဦးမောင်ကြီးသည် ဝတ္ထုများသာမက ပါဠိ၊သက္ကတစာပေများကို အခြေပြုကာ ဘာသာရေး၊ လူမှုရေး၊ စာပေယဉ်ကျေးမှုဆိုင်ရာကျမ်းများလည်း ပြုစုသည်။ ထိုကျမ်းများတွင် မြန်မာများ၏ ဘဝအခြေအနေ တိုးတက်ရာတိုးတက်ကြောင်းအတွက် လမ်းညွှန်ထားသည်ကို တွေ့ရသည်။ ဆရာကြီး၏ နီတိ (လမ်းညွှန်) ကျမ်းများသည် မှတ်သားလိုက်နာဖွယ်များဖြင့် ပြည့်ဝနေသော ကျမ်းများဖြစ်သည်။

ပီမိုးနင်း၏ လမ်းညွှန်ကျမ်းများသည်လည်း ထိုခေတ်တွင် အထူးထင်ရှားသော ကျမ်းများ ဖြစ်သည်။ စာပေအဖတ်အရှုများပြီး အတွေးသစ် အမြင်သစ်ရှိသော ပီမိုးနင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေယဉ်ကျေးမှုဆိုင်ရာ ကျမ်းပေါင်းများစွာ ပြုစုခဲ့သည်။ 'နိုင်ငံရေးအခြေပြုကျမ်း'၊ 'ထူးချွန်ရေး'၊ 'အရင်းမစိုက်လှေထိုးလိုက်'၊ 'သားဂုဏ်ရည်'၊ 'သမီးဂုဏ်ရည်'၊ 'ငွေကလောင်ကျမ်း'၊ 'သုခချမ်းသာ စိတ်ပညာ' စသည့် နာမည်ကျော်ကျမ်းပေါင်းများစွာတွင် ခေတ်မီတိုးတက်သော အယူအဆတို့ကို ရှင်းလင်းပြတ်သားသော စကားပြေဖြင့် ရေးသားထားသည်။ ပီမိုးနင်း၏ရေးဟန်သည်

> "လှဲလျှင်လဲ၏။ ထူလျှင်ထ၏။ ထလျှင်ထောင်၏။ သွားလျှင်ရောက်၏။ တက်လျှင်မြင့်၏။
> ဆင်းလျှင်ကျ၏။ လုပ်လျှင်ဖြစ်၏။ ပျက်အစဉ်ပြင်ခဏ"

ဟူသောစကားကို သေသေချာချာ ဆင်ခြင်ကြလေဟူသည့် 'ကမ္ဘာ့အလင်းကျမ်း'လာ ရေးဟန်မျိုးကဲ့သို့ သွက်လက်ဖျတ်လတ်သော ရေးဟန်မျိုးဖြစ်သည်။

အမျိုးသားပညာဝန် ဦးဖိုးကျား၏ 'ပုသိမ်ရာဇဝင်နှင့် ဦးထွန်းရှိန်၏ အတ္ထုပ္ပတ္တိ'၊ '၃၇ မင်း'၊ 'မဟာယာနဂိုဏ်း'၊ 'အလောင်းတော်ကဿပ' စသည်တို့သည်လည်း အသိပညာပွားစရာကျမ်းများဖြစ်သည်။ ထို့အတူ မော်ဘီဆရာသိန်းကလည်း အဖတ်အမှတ်အစုအဆောင်းကောင်းသူပီပီ သိမှတ်ဖွယ်များနှင့်ပြည့်ဝနေသော ကျမ်းများစွာပြုစုခဲ့သည်။ 'ပါးစပ်ရာဇဝင်'၊ 'အရှုးလွယ်အိတ်'၊ 'ဟင်းလေးအိုး'

စသည်တို့ ထင်ရှားသည်။ ထို့ပြင် ထိုခေတ်တွင် မြန်မာဘာသာစကားဆိုင်ရာ ကျမ်းပေါင်းများစွာ ပြုစုခဲ့သော ပညာအုပ်ဦးဖိုးစိန်၏ သဒ္ဒါဆိုင်ရာ၊ ကဗျာဖွဲ့နည်းဆိုင်ရာ ကျမ်းများသည်လည်း မှတ်သားဖွယ်ဖြစ်သည်။ သဒ္ဒါ၊ လင်္ကာ၊ ကဗျာဖွဲ့နည်းဆိုင်ရာ အခြားကျမ်းများကိုလည်း ပညာရှင်တို့ ပြုစုခဲ့ကြသည်။

ထိုခေတ်တွင် ဦးကျော်ဒွန်းက 'မြန်မာစာညွှန့်ပေါင်းကျမ်း' များဖြင့်လည်းကောင်း၊ ဦးထွန်းဖေက 'မြန်မာစာနိဒါန်း' ဖြင့်လည်းကောင်း၊ ဦးဖေမောင်တင်က 'မြန်မာစာပေသမိုင်း' ဖြင့်လည်းကောင်း၊ မြန်မာစာပေ၏ အတိတ်အစဉ်အလာကို အထင်အရှားမှတ်တိုင်ထူခဲ့သည်။ ထို့ပြင်ထိုခေတ်က ပေါ်ထွန်းသည့် ဒဂုန်၊ သူရိယ၊ ဂန္ထလောက၊ ကြီးပွားရေး၊ တိုးတက်ရေးစသည့် မဂ္ဂဇင်းများတွင် ဘာသာစာပေယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများစွာကို တွေ့နိုင်သည်။ ထိုဆောင်းပါးများတွင် စာပေဝေဖန်ရေး၊ စာပေအယူအဆ၊ စာပေသဘောတရား ဆိုင်ရာဆောင်းပါးများ အမြောက်အမြား ပါဝင်လာသည်။

တစ်အုပ်ချင်းအလိုက်၊ စာရေးသူအလိုက်၊ စာအမျိုးအစားအလိုက်ဝေဖန်သော ဆောင်းပါးများအပြင် အဓိပ္ပာယ်အကောက်အယူနှင့် ပတ်သက်၍သော်လည်းကောင်း၊ စာပေအယူအဆနှင့် ပတ်သက်၍သော်လည်းကောင်း ဆွေးနွေးငြင်းခုံသော ဆောင်းပါးများလည်း ခေတ်စားလာသည်။ ထိုဆောင်းပါးများသည် စာပေဝေဖန်ရေး စကားပြေအဖြစ် အရေးပါသော ဆောင်းပါးများဖြစ်သည်။

ကြီးပွားတိုးတက်ရေးနှင့် ပတ်သက်သည့်ကျမ်းများ ပေါ်ပေါက်လာရာ၌ ဦးထွန်းလှ၏ 'ဘာလဲဟဲ့ လောကခံ'၊ ဦးဗဂျိုင်၏ 'တိုးတက်ကြီးပွားရေး'၊ ပဥ္စရူပ်ဦးခ၏ 'ချွေတာခြင်း' စသည်တို့ထင်ရှားသည်။ အသိအမြင်ကျယ်ပြန့်ရေးအတွက် အထောက်အကူပြုသော သိပ္ပံမောင်ဝ၏ 'အောက်စဖို့တက္ကသိုလ် ခရီးသွားမှတ်တမ်း'၊ ကမ္ဘာလှည့်မောင်ခင်၏ 'မှတ်တမ်း'စသည့် ပြည်ပခရီးသွားမှတ်တမ်းများ ပေါ်ထွက်လာခြင်းမှာလည်း မှတ်သားဖွယ်ဖြစ်သည်။

နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေးအတွက် စိတ်အားတက်ကြွလာအောင် လှုံ့ဆော်ရာတွင် 'တို့ဗမာအစည်းအရုံး' ၏ 'နိုးကြားရေးစာတမ်း' သည် အရေးပါလှသည်။ တိုင်းခြားစာပေများကို မြန်မာဘာသာပြန်ရန် လှုံ့ဆော်သော ဘာသာပြန်ရေးစာတမ်းတွင်

"ဘာသာပြန်ရေးသည် မိုးပေါ်ကကြယ်မှိုခက်ရမည်လော။ မိုးပေါ်ကကြယ်ပင် ဖြစ်လင့်ကစား လာကြလော့။ ယခုပင် ငါတို့ဆွတ်ခူးကြကုန်အံ့။ ခက်သောအလုပ်သည် လွယ်သောအလုပ်ကို လုပ်ရခြင်းထက် ပျော်မွေ့ဖွယ်ကောင်း၏။ ချွေးနှဲစာသည် ပို၍ချိုမြိန်၏။"

စသည်ဖြင့် တက်တက်ကြွကြွ လှုံ့ဆော်ထားသော ရေးဟန်ကို လေ့လာနိုင်သည်။ ထို့အတူ နဂါးနီစာပေလှုပ်ရှားမှုသည်လည်း အရေးပါလှသည်။ ခေတ်မီတိုးတက်သော အမြင်ရှိသည့် လူငယ်များက 'နဂါးနီစာအုပ်အသင်း' ဟူ၍ တည်ထောင်ပြီး စာပေများပြုစုထုတ်ဝေကာ မြန်မာပြည်သူလူထုအား နိုင်ငံရေးအသိအမြင် ကျယ်ပြန့်လာအောင် ဆောင်ရွက်ပေးရာတွင် မောင်စိုး၏ 'ဆိုရှယ်လစ်ဝါဒခေါ်

ဆင်းရဲသားဝါဒ'၊ ကိုဗဟိန်း၏ 'ဓနရှင်ဝါဒ'၊ သခင်ဗိုလ် ၏ 'ကားလ်မတ်စ်ဝါဒ' စသည့် စာအုပ်များဖြင့် နိုင်ငံရေးအသိအမြင်ပေးသည်။ အခြားသော နိုင်ငံများ၏ အမျိုးသားရေးကြိုးပမ်းကြပုံများကို ဘာသာပြန် ထုတ်ဝေကာ အားကျဖွယ်ဖြစ်အောင် နည်းပေးလမ်းပြလုပ်သည်။ သိန်းဖေမြင့်၏ 'ဆရာလွန်း အတ္ထုပ္ပတ္တိ' ကဲ့သို့ စံနမူနာယူဖွယ် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများလည်း ထုတ်ဝေသည်။ 'မြန်မာ့အရေး' ဟူသော စာအုပ်မျိုးဖြင့်လည်း လက်ငင်းဖြေရှင်းရမည့် ပြဿနာများကို ညွှန်ပြသည်။ ဒေါက်တာ လှရွှေ၏ 'ဇနီးမောင်နှံ ရာသက်ပန်'ကဲ့သို့ ခေတ်မီဗဟုသုတပေးသော စာအုပ်များလည်း ထုတ်ဝေ သည်။ ထိုစာအုပ်များအပြင် 'နဂါးနီသတင်း စာစောင်'၊ 'စနေ နဂါးနီဂျာနယ်' တို့ဖြင့်လည်း နိုင်ငံရေး အသိအမြင် ဖြန့်ဖြူးပေးသည်။ ဤသို့ဖြင့် နဂါးနီစာပေများသည် လွတ်လပ်ရေးကြိုးပမ်းမှု အရှိန်အဟုန် မြင့်မားနေသည့် ၁၉၃၀ ပြည့်နှစ်ကျော်ကာလတွင် လိုက်ဖက်စွာပေါ်ထွက်လာကာ လွတ်လပ်ရေး ကြိုးပမ်းမှုအတွက် များစွာအထောက်အကူပြုသော စာပေများဖြစ်သည်။

စစ်အတွင်းတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ပေါ်ပေါက်လာပြီး နတ်တော်လဆန်း တစ်ရက်နေ့ကို စာဆိုတော်နေ့ဟူ၍ သတ်မှတ်ကျင်းပခဲ့သည်။ 'စာရေးဆရာစာစောင်' စသည့် စာအုပ်စာတမ်း အနည်းအကျဉ်းသာ ပေါ်ထွက်ခဲ့သည်။ စစ်ကြီးအပြီးတွင်မှ စာအုပ်များ အရှိန်အဟုန် ဖြင့် ထွက်လာသည်။ စစ်ပြီးခေတ်တွင် ပေါ်ထွက်လာသည့် 'တာရာမဂ္ဂဇင်း' မှ စကားပြေများသည် ထူးခြားဆန်းသစ်သည်။ 'စာပေသစ်' ဟူသော ကြွေးကြော်သံဖြင့် ပေါ်ထွက်လာသော မဂ္ဂဇင်း ဖြစ်သည်နှင့်အညီ စာပေအနုပညာသည် ပြည်သူ့ဘဝကို ထင်ဟပ်သရုပ်ဖော်ရုံမက ပြည်သူကို ရှေ့ဆောင် လမ်းပြနိုင်ရမည်ဟူသော ခံယူချက်ဖြင့်ရေးသားသော စာပေအနုပညာဆိုင်ရာ ဆောင်းပါးများ၊ စာပေ ဝေဖန်ရေးများ၊ ဘာသာပြန်ဆိုချက်များ၊ စာပေအနုပညာနှင့် ပတ်သက်သည့် အတ္ထုပ္ပတ္တိများ စသည်တို့ ပါဝင်လာသည်။

**ကဗျာ**

ဤသို့ဖြင့် ဝတ္ထု၊ ပြဇာတ်နှင့် စကားပြေအထွေထွေတို့ တစ်ဖက်က ထွန်းကားလာစဉ် ကဗျာ သည်လည်း တစ်စတစ်စ တိုးတက်ပြောင်းလဲလာသော အသွင်သဏ္ဌာန်ဖြင့် တစ်ဖက်က ထွန်းကား သည်ကို တွေ့ရသည်။

မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးဆုံးရှုံးပြီးနောက် ကိုလိုနီခေတ်အတွင်းတွင် လွတ်လပ်ရေးဆုံးရှုံး ရသည့်ဘဝကို နာကြည်းမှုဖြင့် ဖော်ထုတ်သည့် ကဗျာများ ပေါ်ပေါက်လာသည်။

DOBE BOX Copyright Protected

"ထီးသုဥ်းနန်းသုဥ်း၊ မြို့သုဥ်းသုည
သုဥ်းသုံးဝဖြင့်၊ သုဥ်းရပြန်လှစ်
သုညခေတ်ဝယ်၊ ဖြစ်လာရလေ
တို့တတွေသည်၊ သေသော်မှတည့် ပြော်ကောင်း၏"

ဟူ၍ ခံစားမှုကို နာနာကြည်းကြည်း ဖော်ထုတ်လိုက်သော ဆီးဘန်နီဆရာတော်၏ ကေပိုဒ်ရတုသည် ထင်ရှားသည်။ ဦးကြော့၊ အချုပ်တန်းဆရာဖေ၊ မန်လည်ဆရာတော်တို့လည်း ရေးဖွဲ့ခဲ့ကြသည်။

မောင်းထောင်ဦးကျော်လှကလည်း မိမိခေတ် ပြည်သူတို့၏ ဘဝသရုပ်ထင်ဟပ်သည့် သံချိုများ၊ ဇာတိမာန်လှုံ့ဆော်သည့် သံချိုများ ရေးဖွဲ့သည်။ 'ကောက်စိုက်သမ ရှစ်ဦးတွဲ့'၊ 'ဝံသာနု အထည်တွဲ့'၊ 'ဝိတိုရိယ ဘုရင်မကြီး နတ်ရွာစံကိန်းရှိကြောင်းတွဲ့' စသည်တို့ ဖြစ်သည်။ ထူးခြား ထက်မြက်သော ကဗျာများ ဖြစ်သည်။

"ကိုယ့်အဝတ် ကိုယ်ရှိသေလို့
မိန်းမတွေ အငြိမ်းမနေကြစမ်းပါနှင့်
ရက်ကန်းမှာ ဗိုင်းဝါအလုပ်ကိုဖြင့်
အများတကာကို အားမနာလို့ မဟုတ်ပါဘု
အသွားအလာ၊ ခါးဗလချာ မစုတ်ရအောင်လို့ကွယ်
အားထုတ်ဖို့ကောင်း"။

ဟူ၍ ဝံသာနုအထည်တွဲ့သံချိုတွင် တိုင်းရင်းဖြစ်အထည်များ ရက်လုပ်ဝတ်ဆင်ကြရန် တိုက်တွန်း ထားသည်။

ကိုလိုနီခေတ်ဦးတွင် ထိုသို့ အမျိုးသားရေးသဘောဆောင်သည့် ကဗျာများ အတန်အသင့် ပေါ်ထွန်းခဲ့သော်လည်း ကုန်းဘောင်ခေတ်နှောင်းပိုင်းက ခေတ်စားခဲ့သော ရာသီတွဲ့၊ တောတွဲ့၊ တောင်တွဲ့၊ မယ်တွဲ့၊ မောင်တွဲ့ စသည့်ကဗျာတို့ ထိုခေတ်မဂ္ဂဇင်းများတွင် ခေတ်စားနေသည်။ လူ့အကြောင်း၊ လောကအကြောင်းကို အလေးအနက်ဖွဲ့သည့် ကဗျာမျိုးမဟုတ်ဘဲ စကားအလှအပကို အသားပေးဖွဲ့သည့် ကဗျာမျိုးများ ဖြစ်သည်။

ထိုအချိန်တွင် မစ္စတာမောင်မှိုင်း၏ လေးချိုးကြီးများ ထူးထူးခြားခြား ပေါ်ပေါက်လာသည်။ မစ္စတာမောင်မှိုင်းသည် ဋီကာဆောင်းပါးများတွင် မြန်မာမင်းများအကြောင်း၊ မြန်မာရာဇဝင်အကြောင်း၊



DBEROX Copyright Protected

မြန်မာစာပေ ယဉ်ကျေးမှုအကြောင်း စသည်တို့ကို ဂုဏ်ယူဝင့်ကြွားဖွယ် လေးချိုးကြီးများရေးဖွဲ့လျက် မြန်မာ့ဇာတိမာန်ကို လှုံ့ဆော်ပေးသည်။ ထို့ပြင် မျက်မှောက်ပြည်သူလူထု၏ ဘဝအခြေအနေနှင့် လွတ်လပ်ရေး ကြိုးပမ်းမှုများကိုလည်း လေးချိုးများဖွဲ့ကာ အားပေးခဲ့သည်။ 'ပုဂံခေတ်ဘွဲ့'၊ 'အလောင်းမင်းတရားဘွဲ့'၊ 'ဗိုလ်လရောင်ဘွဲ့'၊ 'ဘိလပ်သွား ကိုယ်စားလှယ်တော်များဘွဲ့'၊ 'ဆရာတော် ဦးဥတ္တမဘွဲ့၊ 'ဂဠုန်ဆရာစံဘွဲ့' စသည့် လေးချိုးကြီးများတွင် ဆရာကြီး၏ ဇာတိမာန်လှုံ့ဆော်ချက်များကို တွေ့နိုင်သည်။ ကိုလိုနီခေတ် အထက်အညာမှ ယာသမားတို့၏ ဆင်းရဲသောဘဝကိုဖွဲ့သည့် 'အညာမင်္ဂလာဆောင်' လေးချိုးကြီးသည်လည်း ထင်ရှားသည်။ ဆရာကြီး၏ လေးချိုးကြီးများသည် မြန်မာ့ကဗျာလမ်းကြောင်းတွင် ကဏ္ဍသစ်တစ်ရပ် ဖြစ်သည်။ ပုဂံခေတ်ဘွဲ့တွင်

"တရားမဆိတ်မည့် ဓမ္မက္ခန်အလင်းတွေနှင့်၊ ငါးကျိပ်ငါးတန် ပုဂံသနင်းရယ်တို့၊ ကြငှန်းနဝင်းသာခိုက်တွင်မှ အထိုက်အလျောက် မြန်ပြေကမ္ဘာမှာနော်ကွယ်၊ နန်းခင်းရာ ရိုက်စိုက်ဆောက်စံနေရာလေ့"

ဟု လည်းကောင်း၊ ဗိုလ်လရောင်ဘွဲ့တွင်

"အခေါင်မမြန်း အမှောင်သန်းသမို့ အောင်ပန်းညို့ရရှာတဲ့၊ အောင်ဆန်းတို့ ရွှေလရောင်အဘိုး"။

ဟု လည်းကောင်း ဘိလပ်သွား ကိုယ်စားလှယ်ဘွဲ့များတွင်

"ကြော် ပြေအမှုပေမို့ ငွေခရုငယ်နှင့်၊ ဇေယျတုပါကွဲ့၊ သပြေနုချိန် တင်ရန် ပန်းတွေကလဲ မျှားလိုက်ပါဘိသနှင့်၊ ဖေ ပု ရှိန် အင်္ဂလန်နန်းမြေသွားတို့မှာဖြင့်၊ အားမြောက်ဖွယ် ကြိုလွယ်ဖန်လွယ်နှင့် အန္တရာယ်ရန်စွယ်မောင်းပါလို့ မြန်နယ်ကို ပြန်လွယ်ကြောင်းတွေနှင့်၊ ဆုတောင်းကာ ပတ္တနာဆင်တဲ့ပြင်"

ဟု လည်းကောင်း ဂဠုန်ဆရာစံဘွဲ့တွင်

"ရဂုံစံ ချစ်စရာ တပည့်တို့မှာဖြင့်
ဦးအရဟံ သစ္စာကတိတွေနှင့်
ဂဠုန်သရဏ် ဂစ္ဆာမိကြပေတော့"

ဟုလည်းကောင်း ရေးဖွဲ့ကာ ဇာတိမာန် လှုံ့ဆော်ထားသည်။

ထိုသို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများ ထွန်းကားနေစဉ် နောင်အခါ 'ခေတ်စမ်းကဗျာ'ဟု အမည်တွင်လာမည့်ကဗျာသစ်များသည် ခေတ်စမ်းစာပေ လှုပ်ရှားမှုနှင့်အတူ ပေါ်ထွန်းလာသည်။ ပထမတွင် ဂန္ထလောကမဂ္ဂဇင်း၌ အင်္ဂလိပ်ကဗျာမှ မြန်မာကဗျာသို့ ဘာသာပြန်သည့်ပြိုင်ပွဲ ပြုလုပ်ရာ ထိုပြိုင်ပွဲကိုအကြောင်းပြု၍ ဘာသာပြန်ကဗျာကောင်းများ ပေါ်ပေါက်လာသည်။ ထိုပြိုင်ပွဲကြောင့် အင်္ဂလိပ်ကဗျာဆရာတို့၏ တွေးပုံကြံပုံ ရေးဖွဲ့ပုံများကို ဂရုပြုမိလာရပြီး

DREBOX Copyright Protected

မြန်မာကဗျာဖွဲ့ရာတွင်လည်း အကြောင်းအရာနယ်ပယ် ကျယ်ပြန့်ရေး၊ ပုံသဏ္ဌာန်သစ်များပေါ်ပေါက်ရေး အတွက် ရှေ့ရှုဦးတည်လာသည်။ ထိုဘာသာပြန်ကဗျာများသည် ခေတ်စမ်းကဗျာပေါ်ပေါက်လာရန် ရှေ့က လမ်းခင်းပေးသကဲ့သို့ ရှိသည်။ မကြာမီမှာပင် ဂန္ထလောကမဂ္ဂဇင်း၊ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်းတို့တွင် 'ခေတ်စမ်းကဗျာ' ဖြစ်လာမည့် ကဗျာသစ်များကို ဖွဲ့လာကြသည်။ ဘဝပတ်ဝန်းကျင်ကို ထိတွေ့ခံစားရာမှ ပေါ်ပေါက်လာသော အသိတရားကို အခြေပြုကာ ဒိဋ္ဌဓမ္မ အကြောင်းအရာများကို အလေးပေးဖွဲ့ဆိုလာကြခြင်း ဖြစ်သည်။ ဖွဲ့ဆိုရာတွင် လေးလုံးစပ်အဖွဲ့နှင့် သံချိုအဖွဲ့တို့ကို ပြန်လည်ဆန်းသစ်ကာ တွင်တွင်ကျယ်ကျယ် အသုံးပြုလာသည့်အပြင် စကားဝေဆာ လှပမှုကို အဓိကမထားဘဲ အများနားလည်လွယ်သော စကားများဖြင့် ရေးဖွဲ့သည်။ ဤသို့ဖြင့် ထိုကဗျာ မျိုးသည် အကြောင်းအရာတွင်လည်းကောင်း အရေးအဖွဲ့တွင်လည်းကောင်း ရှေးကဗျာများမှ လမ်းခွဲ ထွက်လာသည်ကို တွေ့ရသည်။

'ခေတ်စမ်းကဗျာ' စာအုပ်တွင် ပါဝင်ဖွဲ့ဆိုသော ကဗျာဆရာများမှာ မောင်မောင် (တက္ကသိုလ် မောင်သန့်စင်)၊ မောင်သိန်းဟန် (ဇော်ဂျီ)၊ မောင်ဝန် (မင်းသုဝဏ်)၊ မောင်တိုးအောင် (ကုသ)၊ မောင်ညွန့်၊ ခင်စောမူ၊ မောင်ဘသောင်း၊ စောမောင်မောင်တို့ ဖြစ်ကြသည်။ ရှေးဟောင်း ကဗျာဟန် ဖြင့် ဖွဲ့ဆိုသောကဗျာများ ပါဝင်သကဲ့သို့ တီထွင်ဆန်းသစ်ဖွဲ့ဆိုသော ကဗျာများလည်း ပါဝင်သည်။

ခေတ်စမ်းကဗျာများတွင် ဇော်ဂျီနှင့် မင်းသုဝဏ်တို့၏ ကဗျာများထင်ရှားသည်။ ခေတ်စမ်း ကဗျာဆရာများက နယ်ချဲ့လက်အောက်ရှိ မြန်မာတို့ စည်းလုံးညီညွတ်ကြရန် သတိပေးသည်။ တက်သစ်စ လူငယ်များ၏အင်အားကို မျှော်လင့်သည်။ ဇာတိမာန်ကို လှုံ့ဆော်သည်။ လူ့ဘဝကို ဆင်ခြင်သုံးသပ်သည်။ လူ့ဘဝ၏ ကောင်းကွက်လှကွက်များကို ဖော်ထုတ်သည်။ ဘဝကို ရဲရဲရင်ဆိုင်ရန် အားပေးသည်။ မြန်မာ့ယဉ်ကျေးမှုထုံးဓလေ့များ၏ အလှအပများကို ဖော်ကျူးသည်။

"ထလော့မြန်မာ၊ မြန်မာထလော့
အားမပျော့နှင့်၊ မလျှော့လုံ့လ
သူကစ၍၊ ငါကအားလုံး
လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်နှင့်
စွမ်းဆောင်ကြလေ၊ ဆောင်ကြလေလော့"။

ဟု 'တို့တိုင်းပြည်' ကဗျာဖြင့် မြန်မာတို့ကို နှိုးဆော်သည်။

"အဟောင်းပျက်လျှင်၊ အသစ်ပြင်လော့
အမြင်ကျယ်၍၊ ပညာမွေ့လော့
ယနေ့လူငယ်၊ နောင်ဝယ်လူကြီး
သင်လည်းတစ်ဦး၊ သားထူးသားမြတ်

ဖြစ်အပ်ရာသည်၊ ရှေ့သို့ရည်၍
ငိုမည်မတ၊ သစ်ါရဟု
စိတ်ကမစော
လောလောဆယ်ဆယ်၊ ဒုက္ခနယ်ကို
ကယ်တင်နိုင်ကြပါစေသတည်း”။

ဟူ၍လည်း ‘အိုတက်လူတို့’ ကဗျာဖြင့် လူငယ်တို့၏တာဝန်ကို လမ်းညွှန်သည်။

“စည်တော်ကို ရည်မျှော်မှန်းကာပ
ရောင်နီမှာ အောင်စည်ရွှမ်းရအောင်
သပြေညို ရွှေဘိုပန်းရယ်နဲ့
လှမ်းကြစို့လေး”။

ဟူ၍ ‘သပြေညို’ ကဗျာဖြင့် အမျိုးသားစိတ်ကို လှုံ့ဆော်သည်။

“စိတ်ရင်းဖြူစင်ကြည်နဲ့
မြေဆီကို အတန်မြည်းကာပ
မြေသီးကို နာနာခဲပါလို့
ရဲတော့မည် မာန်ကိုဆင်လိုက်ပေါ့
ချာန်ခင်သူ ချာန်ကစားသလိုပါ
မြေခင်သူ မြေမှာတွားကာဖြင့်
အားသစ်မယ်လေး”။

ဟု ‘တိမ်လွှာ’ ကဗျာဖြင့် လူ့ဘုံမှာ လူသားပီပီ ရဲရဲနေရန် အားပေးလှုံ့ဆော်ထားသည်။

ထို့အတူ ‘ပြောသံ’ ကဗျာတွင် ရှင်လောင်းလှည့်ပွဲတွင် တွေ့ရသည့် မောင်ရင်လောင်းနှင့် ကွမ်းတောင်ကိုင်တို့၏ ချစ်ဖွယ်၊ သနားဖွယ်အမူအရာသည်လည်းကောင်း၊ ‘တစ်ခုသောသကြံန်ခါ’ ကဗျာတွင် မြန်မာတို့၏ ရွှင်မြူးတက်ကြွသော အမူအရာကိုလည်းကောင်း ဖော်ကျူးခဲ့ကြသည်။ ဤသို့ဖြင့် ခေတ်စမ်းကဗျာများသည် မြန်မာကဗျာလမ်းကြောင်းတွင် ကဏ္ဍသစ်တစ်ရပ် ဖြစ်ခဲ့သည်။

ကလေးများ ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုနိုင်စေရန် ရည်ရွယ်ရေးဖွဲ့သည့် မင်းသုဝဏ်၏ ကလေးကဗျာသစ်များသည်လည်း ခေတ်စမ်းစာပေလှုပ်ရှားမှု၏ စာပေသစ်တစ်ရပ်အဖြစ် ပေါ်ထွန်းခဲ့သည်။

ဤသို့လျှင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများနှင့် ခေတ်စမ်းကဗျာများ ပေါ်ထွန်းနေချိန်တွင် စာနယ်ဇင်းများ၌ မယ်ဘွဲ့၊ မောင်ဘွဲ့၊ သဘာဝဘွဲ့၊ အလွမ်းဘွဲ့စသည့် ကဗျာများသည်လည်း ရတု၊ တေးထပ်၊ လေးချိုးစသည့် ပုံသဏ္ဌာန်များဖြင့် ရေးဖွဲ့လျက်ပင် ရှိနေသေးသည်ကို တွေ့ရသည်။ ဤသို့နှင့်ပင် ဒုတိယကမ္ဘာစစ်ကာလသို့ ရောက်ခဲ့သည်။

စစ်အတွင်းပေါ်ထွက်သည့် စာရေးဆရာစာစောင်တွင် မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း လုံ့စွပ်တိုက်ပွဲဘွဲ့ကဗျာ၊ ဗိုလ်ချုပ်အောင်ဆန်းဘွဲ့ကဗျာ စသည့်စစ်အတွင်းကာလကို ထင်ဟပ်သည့် ကဗျာအနည်းအကျဉ်းတွေ့ရသည်။

ရှေ့ပိုင်းတွင်ဖော်ပြခဲ့သည့်အတိုင်း စစ်ပြီးချိန်တွင် စစ်အတွင်းက အတွေ့အကြုံသစ်များကို အကြောင်းပြု၍ ကဗျာလမ်းကြောင်းတွင်လည်း တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။ ကဗျာဆရာများသည် နိုင်ငံ၏ အရေးအခင်းများကို ပို၍ရေးဖွဲ့လာကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြဿနာများကို လူတန်းစားအမြင်ဖြင့် ရှုမြင်ရေးဖွဲ့လာကြသည်။ အလုပ်သမားများ၏ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတိုက်ပွဲများကို ချီးကျူးရေးဖွဲ့လာကြသည်။ စိတ်လှုပ်ရှားမှုများကိုလည်း ပေါ်လွင်အောင် ဖော်ထုတ်ရေးဖွဲ့လာကြသည်။

"မိုးကုပ်ကုပ်ဝယ်

အိုရှုတ်တရက်၊ မျဉ်းဖြူစက်၍

ကွဲအက်ကြောင်းရာ၊ ဟဟလာပြီး

မိုးပြာကိုဖြတ်၊ ပတ္တမြားရည်

စီးလည်အဟုန်၊ နီမြန်းကုန်သည်

အရုဏ်ပေါ်စ ဝိုးတဝါး"

ဟူသည့် 'မတ်လတော်လှန်ရေး' ကဗျာအဖွင့်ကို ကြည့်လျှင် အရုဏ်တက်စမြင်ကွင်းကို တော်လှန်ရေး သရုပ်သကန်အဖြစ် ရေးဖွဲ့ထားဟန်ကို တွေ့နိုင်သည်။ အရေးအဖွဲ့ပိုင်းတွင် ခေတ်စမ်းကဗျာဟန်အတိုင်း ရေးဖွဲ့မှုမျိုးရှိသည့်နည်းတူ စကားသုံးပုံ၊ ကာရန်ယူပုံ ထူးခြား ဆန်းသစ်အောင် တီထွင်ရေးဖွဲ့မှုမျိုးလည်း ရှိလာသည်။ ထိုအချိန်တွင် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားရေးအတွက် စာပေလက်နက်ကို ကိုင်စွဲလာခဲ့သော ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ကဗျာများ ဆက်လက်ဖွဲ့ဆိုဆဲ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးသောအခါ ဆရာကြီးသည် 'အာဇာနည်ဗိမာန်ဘွဲ့ လေးချိုးကြီး' ရေးဖွဲ့ခဲ့သည်။

ကိုလိုနီခေတ် မြန်မာကဗျာလမ်းကြောင်းတွင် 'တေးကဗျာ' များ၏ အခန်းကဏ္ဍကို လေ့လာကြည့်သင့်သည်။ ထိုခေတ်တေးသီချင်းများတွင် အချစ်ဘွဲ့၊ အလွမ်းဘွဲ့၊ သဘာဝဘွဲ့ စသည်တို့သာမက

မြန်မာ့ယဉ်ကျေးမှုကို ဖော်ကျူးသော သီချင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေးလှုံ့ဆော်သော သီချင်းများ အမြောက်အမြား ပါဝင်သည်။ ဦးစိန်မြမောင်ရေးဖွဲ့ပြီး ဦးရွှေညာမောင်သီဆိုသော 'တို့မြန်မာသီချင်း' သည် မြန်မာ့ဇာတိမာန်ကို လှုံ့ဆော်ပေးသည့် နိုင်ငံတော်သီချင်းတစ်ပုဒ်ဖြစ်သည်။ ထိုသီချင်းမှ

> "ကမ္ဘာမကြေ မြန်မာတစ်တွေ ဒါတို့ပြေ ဒါတို့မြေ ဒါငါတို့ပြေ၊ တို့မြန်မာ-တို့မြန်မာပြေကို တိုင်းရင်းသားအကုန်အစင် တို့ပြေလို့မှတ်ထင် တို့ဝတ္တရားပင် တို့မြန်မာသခင်"

ဟူသော အပိုဒ်

> "အမျိုးသားရေး ကြိုးပမ်းကြပါ။ တို့မြန်မာဟေ့ - တို့မြန်မာ၊ ဩော်အမျိုးသားရေး ကြိုးပမ်းကြပါ။ တို့မြန်မာဟေ့- တို့မြန်မာ၊ အရှေ့က နေဝန်းထွက်သည့်ပမာ၊ တို့ခေတ်ကိုတော့ ရောက်မည်မလွဲပါ။ တို့မြန်မာဟေ့ တို့မြန်မာ၊ မြန်မာပြည် တစ်ဝှမ်းအကုန်၊ တို့အိမ်မှတ်ပါ တို့ယာမှတ်ပါ။ အဲဒါ တို့မြန်မာ"

ဟူသော အပိုဒ်များတွင် ဇာတိမာန်လှုံ့ဆော်ထားပုံကို တွေ့နိုင်သည်။ ထိုသို့ အသစ်အသစ် ပေါ်ထွန်းလာသည့် တေးသီချင်းများတွင် စာသားအရေးအဖွဲ့များ ကောင်းမွန်ပြောင်မြောက်သော တေးသီချင်းများလည်း အမြောက်အမြား ပါဝင်သည်။ စာပေရှုထောင့်က ကြည့်မည်ဆိုလျှင် ထိုတေးစာသားများသည်လည်း မြန်မာ့စာပေသမိုင်းတွင် မှတ်တမ်းတင်ထိုက်သော စာပေများဖြစ်သည်။

ဤသို့ဖြင့် ကိုလိုနီခေတ်တွင် မြန်မာ့စာပေသည် ပြောင်းလဲလာသောခေတ်ကို နောက်ခံပြုလျက် တိုးတက်ပြောင်းလဲလာသော အသွင်ဖြင့် ထွန်းကားလာခဲ့သည်။ ခြုံ၍ကြည့်လျှင် ကိုလိုနီခေတ် စာပေလမ်းကြောင်းသည် အမျိုးသားရေး၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကြောင်းတစ်သားတည်း တိုးတက်ဖြစ်ထွန်းလာသည့်သဘောကို တွေ့ရသည်။ စာပေပြုစုသူအများအပြားသည် နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးရည်ရွယ်ချက်များဖြင့် ဝတ္ထု၊ ပြဇာတ်၊ ကဗျာစသည့် စာပေအမျိုးမျိုး ရေးဖွဲ့ခဲ့ကြသည့်အလျောက် မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ကိုလိုနီခေတ်မြန်မာစာပေသည် အရေးပါသော အခန်းကဏ္ဍမှ နေရာယူလျက် ရှိနေပေသည်။

## လွတ်လပ်ရေးခေတ်စာပေ (၁၉၄၈ – ယနေ့အထိကာလ)

မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်မှ ယနေ့အထိကာလကို လွတ်လပ်ရေးခေတ်ဟု သတ်မှတ်ကြသည်။ လွတ်လပ်ရေးခေတ်တွင် မြန်မာစာပေကဏ္ဍသည် ရှေ့တန်းသို့ရောက်လာခဲ့သည်။ မြန်မာဝတ္ထု၊ ပြဇာတ်၊ ကဗျာ၊ စကားပြေအထွေထွေ အရေးအသားတို့သည် ကိုလိုနီခေတ်နှင့် နှိုင်းစာလျှင် တိုးတက်ဖွံ့ဖြိုးလာသည်။ မြန်မာစာပေဖွံ့ဖြိုးရေးကို ရှေးရှုသော စာပေဗိမာန်ဆု၊ အမျိုးသားစာပေဆု၊ ရှမဝတစ်ထောင်ဆုစသည့် စာပေဆုများ ပေါ်ပေါက်လာခြင်း၊ စာပေဆိုင်ရာ အသင်းအဖွဲ့အမျိုးမျိုး ပေါ်ပေါက်လာခြင်း၊ စာနယ်ဇင်းများ အင်နှင့်အားနှင့် ပေါ်ပေါက်လာခြင်း၊ စာပေရေးရာဟောပြောဆွေးနွေးမှုများ ပိုမိုများပြားလာခြင်းတို့သည် စာပေဖွံ့ဖြိုးမှုအတွက် အရေးပါသော အထောက်အကူပြုချက်များဖြစ်သည်။

### ဝတ္ထုရှည်

လွတ်လပ်ရေးရခါစကာလတွင် စစ်အတွေ့အကြုံ၊ လွတ်လပ်ရေးကြိုးပမ်းမှု အတွေ့အကြုံတို့ကို နောက်ခံပြုရေးဖွဲ့သော ဝတ္ထုရှည်များ ပေါ်ထွက်လာခဲ့သည်။ သာဓကအားဖြင့် သိန်းဖေမြင့်၏ 'အရှေ့က နေဝန်းထွက်သည့်ပမာ' ကဲ့သို့သော ဝတ္ထုများဖြစ်သည်။ ဝတ္ထုရေးသားမှု အတတ်ပညာသည်လည်း ကိုလိုနီခေတ်ကထက် အဆင့်မြင့်လာခဲ့သည်။ ထို့အတူ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်တို့ကို သရုပ်ဖော်ထားသော ဝတ္ထုများလည်း ပေါ်ထွက်လာခဲ့သည်။

ထိုကာလတွင် စာပေဆိုင်ရာအယူအဆသစ်များလည်း ပေါ်ထွက်လာခဲ့သည်။ ၁၉၄၉-၅၀ ပြည့်နှစ်ခန့်တွင် 'အနုပညာသည် ပြည်သူ့အတွက်' ဟူသော တိုးတက်သောအမြင်ရှိသည်ဟု ခံယူကြသည့် စာပေသမားအုပ်စုနှင့် 'အနုပညာသည် အနုပညာအတွက်' ဟူသော အစဉ်အလာ လက်ခံသူတို့၏ ပဋိပက္ခအကျိုးသက်ရောက်မှုကို ထိုခေတ်ဝတ္ထုရှည်များတွင် တွေ့ရှိနိုင်သည်။ တစ်နည်းအားဖြင့် လက်ဝဲစာရေးဆရာနှင့် လက်ယာစာရေးဆရာတို့၏ အယူအဆ မတူညီမှုကို ထိုခေတ်ဝတ္ထုများတွင် တွေ့ရှိနိုင်သည်။ လွတ်လပ်ရေးရပြီးနောက် ပေါ်ထွက်လာသော ဝတ္ထုများတွင် နိုင်ငံနှင့်လူမျိုး တိုးတက်ရာတိုးတက်ကြောင်းအတွက် ပြုပြင်သင့်သည့်အတွေးအခေါ်များ၊ လုပ်ဆောင်ချက်များကို ပြုပြင်ရေးရည်ရွယ်ချက်ဖြင့်ရေးဖွဲ့သော ဝတ္ထုများသည် ကဏ္ဍတစ်ရပ်အဖြစ် ထင်ရှားပါသည်။ "စာပေသစ်၊ ပြည်သူ့စာပေ" ကြွေးကြော်သံများနှင့်အတူ ပြည်သူတို့၏ ဘဝအမျိုးမျိုးကို အာရုံပြုရေးဖွဲ့လာကြသည်။

၁၉၄၈ ခုနှစ်တွင် ရေးဖွဲ့သော မင်းအောင်၏ 'မိုးအောက်မြေပြင်' ဝတ္ထုသည် အညာကျေးလက်မှ မြေရှင်များ၏ ဖိနှိပ်မှုကိုခံရသော လယ်သမားများဘဝကို ကျေးလက်ပြုပြင်ရေး ရည်ရွယ်ချက်ဖြင့် ရေးဖွဲ့သောဝတ္ထုဖြစ်သည်။ လွတ်လပ်ရေးခေတ်တွင် ပထမဆုံးချီးမြှင့်သည့် စာပေဗိမာန်ဆုကို ဦးဦးဖျားဖျားရသည့် ဝတ္ထုဖြစ်သည်။ မင်းရှင်၏ 'မေ့ဘူးကွယ့်သက်လှယ်ရယ်' (၁၉၄၈) သည် လုပကောင်းမွန်သော

အချစ်ဝတ္ထုတစ်ပုဒ်အဖြစ် သတ်မှတ်ခြင်းခံရသည်။ ထို့ပြင် ကြည်အေး၏ ပထမဆုံးလုံးချင်းဝတ္ထုဖြစ်သော 'မိ' သည် ၁၉၄၈ ခုနှစ်တွင် ထွက်ပေါ်ခဲ့သည်။

ဗန်းမော်တင်အောင်၏ 'ဒေါက်တာရေချမ်း' (၁၉၅၀) သည် ဒိဋ္ဌလောကနှင့် ကင်းကွာပြီး စာအုပ်ပုံထဲတွင် ခေါင်းမြှုပ်နေသော ပညာရှိများကို သရော်သည်။ ထူးခြားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ တက်တိုး၏ 'မင်းမှုထမ်း'(၁၉၅၀ )သည် ဗျူရိုကရေစီစနစ်ဆိုးအောက်တွင် ကျင်လည်လှုပ်ရှားရသော အမှုထမ်းဘဝကိုရေးဖွဲ့သောဝတ္ထုဖြစ်ပြီး ၁၉၅၀ ပြည့်နှစ်အတွက် စာပေဗိမာန်ဆုရဝတ္ထုဖြစ်သည်။

တင့်တယ်၏ 'ကမ္ဘဖလ' (၁၉၅၁) တွင် ကံ၏ ဆန်းကြယ်ခြင်းကို ရေးသားထားသည်။ တပ်နှင့်ပြည်သူ ကြည်ဖြူရေး ရည်ရွယ်ချက်ဖြင့်ရေးသော ဝတ္ထုတစ်ပုဒ်မှာ ၁၉၅၁ ခုနှစ် စာပေဗိမာန်ဆုရ သာခု၏ 'တပ်ထဲက မြတ်ကိုကို' ဖြစ်သည်။

ဂျာနယ်ကျော်မမလေး၏ 'ကမ္ဘာမြေဝယ်' (၁၉၅၂) တွင် မြေရှင်များ၏ ဖိနှိပ်မှုအောက်၌ လယ်ငှားလုပ်နိုင်ရေးအတွက် ရုန်းကန်လှုပ်ရှားရသော လယ်သမားဘဝကိုသရုပ်ဖော်သည်။ သခင်မြသန်း၏ 'မမိုးဇွေ' (၁၉၅၂) တွင် ငွေရှင်ကြေးရှင်တို့၏ဒဏ်ကို အလူးအလဲခံရသော အိမ်စေတို့၏ ဘဝကိုဖွဲ့သည်။

ရှုမဝမဂ္ဂဇင်းတိုက်က ရှုမဝတစ်ထောင်ဆုဟူ၍ ချီးမြှင့်ရန် ၁၉၅၂ ခုနှစ်တွင် စတင် အကောင်အထည်ဖော်သည်။ လုံးချင်းဝတ္ထု၊ ဝတ္ထုရှည်တို့တစ်ခါမျှ ရေးသားထုတ်ဝေခြင်းမပြုဖူးသေးသော ကလောင်သစ်များအတွက် ရည်ရွယ်သောဆုဖြစ်သည်။ ရှုမဝတစ်ထောင်ဆုကို ၁၉၅၃ ခုနှစ်တွင် စတင် ချီးမြှင့်ရာ ပထမဆုံးချီးမြှင့်ခံရသည့် ဝတ္ထုမှာ ငွေလင်း၏ 'ဤယမုန်' ဖြစ်သည်။ အညာကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် ရေးဖွဲ့သည်။ စိန်စိန်၏ 'သားလိမ္မာ' (၁၉၅၄) သည် ရှုမဝ တစ်ထောင်ဆုရသော ဝတ္ထုဖြစ်သည်။ မူရင်းရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးနှင့် ကျေးလက်ပညာရေး တိုးတက်မှုပင် ဖြစ်သည်။ စိန်စိန်၏ပွဲဦးထွက် အောင်မြင်မှုလက်ရာဖြစ်သည်။

ပြည့်စုံ၏ 'ပန်းရုံ' (၁၉၅၅) သည် ပန်းရုံဆိုသော မိန်းမငယ်တစ်ယောက်၏ အချစ်ရေး အဆင်မပြေမှုများ၊ ဘဝအခက်အခဲများကို ရေးဖွဲ့သော ဝတ္ထုဖြစ်သည်။ ပန်းရုံ၏ အရင်းခံမှာ ညှိုးပန်းတစ်ပွင့် ဖြစ်သည်။ ပြည့်စုံသည် 'ညှိုးပန်းတစ်ပွင့်'ဝတ္ထုမှ ပန်းရုံ၏ဘဝကို 'ပန်းရုံ' အမည်ဖြင့် ဝတ္ထု ဆက်ရေးခြင်းဖြစ်သည်။ မောင်သိန်း၏ 'သိကြားစေ' သည် (၁၉၅၆) တွင် ရှုမဝတစ်ထောင်ဆုရသော ဝတ္ထုဖြစ်သည်။ ရုန်းကန်လှုပ်ရှားရသော စာရေးစာချီဘဝကို သရုပ်ဖော်ထားသည်။

မူဝံ၏ 'ငွမ်းပုံ' (၁၉၅၇) မှာ ဒုတိယကမ္ဘာစစ် မဖြစ်မီကာလ လယ်ယာမြေစနစ်ကို နောက်ခံ ပြုလျက် လယ်သမားဘဝကို သရုပ်ဖော်ထားသော ဝတ္ထုဖြစ်သည်။ ဘဝကိုရုန်းကန်ရင်း အကျဉ်း ထောင်သို့ အကြိမ်ကြိမ်ရောက်ရသော လူငယ်တစ်ဦး၏ ဘဝဖြစ်ရပ်များကို လူထုဦးလှက 'လေနှင့်အတူ'

(၁၉၅၇) တွင် ရေးဖွဲ့သည်။ အောင်လင်း၏ 'ပစ်တိုင်းထောင်' (၁၉၅၈) တွင် ဘတ်စကားသမားများ၊ ဆိုက်ကားသမားများ၊ မိန်းမပျက်များ၏ ဘဝကိုတွေ့ရသည်။ ဗန်းမော်တင်အောင်၏ 'မြိုင်' (၁၉၅၈) တွင် အရင်းရှင်လူတန်းစားနှင့် အလုပ်သမား လူတန်းစား၏ဘဝကို အားပြိုင်ရေးဖွဲ့သည်။ ခင်နှင်းယု၏ 'မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်' (၁၉၅၈) ဝတ္ထုတွင် ပုဂံဘုရားကျွန်များ၏ဘဝကို သရုပ်ဖော်ထားသည်ကို တွေ့ရသည်။

အရေးအဖွဲ့ထူးခြားသောဝတ္ထုတစ်ပုဒ်မှာ ဒေါင်းနွယ်ဆွေ၏ 'ကလျာမိမိမုန်း' (၁၉၆၀) ဖြစ်သည်။ လင်္ကာစကားပြေ နှစ်ထွေရောဟုခေါ်သော စကားပြေတစ်ကျော့၊ ကဗျာတစ်ကျော့ပုံဖြင့် ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ကဗျာပိုင်းတွင် မိန်းမလှအဖွဲ့များကို အနုစိတ်ခြယ်မှုန်းရေးဖွဲ့ထားသည်။ စာပေနံ့စပ်၍ ကဗျာအရေးအဖွဲ့ ပြောင်မြောက်သော ထိပ်တန်းကဗျာဆရာတစ်ယောက်၏ ကဗျာ အသွေးအရောင်လွှမ်းသော ဝတ္ထုတစ်ပုဒ်အဖြစ် တစ်မူထူးခြားပါသည်။

မြသန်းတင့်၏ 'အမှောင်ရိပ်ဝယ်' (၁၉၆၁) နှင့် 'ဆယ်ကြိမ်မြောက်အလည်ရောက်ခြင်း' (၁၉၆၁) တွင် ထောင်အကြိမ်ကြိမ်ကျခဲ့သော လူရွယ်တစ်ဦး၏ဘဝကို ရေးဖွဲ့ထားသည်။ အောင်လင်း၏ 'အရိုင်းစံပယ်' (၁၉၆၁) တွင် မြန်မာ့ယဉ်ကျေးမှုထိန်းသိမ်းရေး၊ မြန်မာ့ဂီတမြှင့်တင်ရေး၊ သရုပ်ပျက်ယဉ်ကျေးမှု ဆန့်ကျင်ရေးတို့ကို အခြေပြုလျက် ဂီတပညာရှင်တစ်ဦး၏ မေတ္တာဇာတ်လမ်းကို ရေးဖွဲ့သည်။

တင်မောင်မြင့်၏ 'ရေနံ့သာဦး' (၁၉၆၀) မှာ ရေနံချောင်းမြို့နှင့် ရေနံလုပ်ငန်းကို နောက်ခံပြု ရေးဖွဲ့ထားသည့် မေတ္တာဇာတ်လမ်းဖြစ်သည်။ ပဉ္စမအကြိမ်မြောက် ရှုမဝတစ်ထောင်ဆုရ ဝတ္ထုဖြစ်သည်။ ဒေါက်တာထွန်းရွှေ၏ 'သက်ဝေမေကျော့' (၁၉၆၁) သည် ဆရာဝန်ဘဝကို ဖော်ပြသော ဝတ္ထုဖြစ်သည်။

ဤသို့ ကျေးလက်ဘဝ၊ မြို့နေအမှုထမ်းဘဝ၊ တပ်မတော်သားဘဝစသည့် ပြည်သူ့ဘဝများကို အလေးအနက်အာရုံပြုပြီး ပိုမိုကောင်းမွန်စေလိုသော စေတနာ၊ ပြုပြင်ရေးရည်ရွယ်ချက်တို့ဖြင့် ရေးဖွဲ့သော ထိုဝတ္ထုများသည် လွတ်လပ်ရေးခေတ်ဦးပိုင်း ပြုပြင်ရေးဝတ္ထုများအဖြစ် နေရာယူလျက်ရှိသည်။

ထိုကာလတစ်လျှောက်လုံးတွင် အပျော်ဖတ်ဝတ္ထုများ၊ ဘဝသရုပ်ဖော်နှင့် အတွေးအခေါ် အသိအမြင်တို့ကို ရင့်ကျက်စေသော ဝတ္ထုများပါ အမျိုးအစား ပေါင်းစုံပေါ်ထွက်ခဲ့သည်။ ထိုကာလ စာနယ်ဇင်းလောက၌ တာရာ၊ သွေးသောက်၊ ရှုမဝ၊ မြဝတီ၊ တာရာ၊ စုံထောက်(မိုးဝေ)၊ ငွေတာရီ စသောမဂ္ဂဇင်းကြီးများသည် မြန်မာဝတ္ထုတို၊ ဝတ္ထုရှည်ဖွံ့ဖြိုးမှုကဏ္ဍ၌ အရေးပါသော မဂ္ဂဇင်းကြီးများအဖြစ် ရပ်တည်ခဲ့ကြသည်။ ဘာသာပြန်နှင့် မှီငြမ်းပြုဝတ္ထုများလည်း ထွက်ပေါ်ခဲ့ရာ မြန်မာ့ဝတ္ထု

DRE BOX Copyright Protected

ကဏ္ဍအတွက် အထောက်အကူရစေခဲ့သည်။ ဤကာလဝတ္ထုများတွင် တိုးတက်သူနှင့် ရှေးရိုးသမားတို့၏ ပဋိပက္ခများ၊ အပျော်ဖတ်ဝတ္ထုနှင့် ဘဝသရုပ်ဖော်ဝတ္ထုတို့ အတွေးအခေါ် ကွဲပြားခြားနားချက်များ၊ အရင်းရှင်နှင့် ဆိုရှယ်လစ်ဝါဒီတို့၏ ဆန့်ကျင်မှုများစသည့် ဝိရောဓိလက္ခဏာများ ပြည့်နှက်နေသော်လည်း ယင်း ဝိရောဓိများကပင် မြန်မာဝတ္ထု ဖွံ့ဖြိုးမှုကို တွန်းအားပေးနိုင်ခဲ့ကြောင်း တွေ့ရပေသည်။

**ဝတ္ထုတို**

လွတ်လပ်ရေးခေတ်တွင် ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို ထင်ဟပ်ရေးဖွဲ့သော ဝတ္ထုတိုများပေါ်ပေါက်လာသည်။ စစ်ပြီးခေတ်တွင် ပေါ်ပေါက်သော မဂ္ဂဇင်းများတွင် ဝတ္ထုတိုများ လစဉ်အများအပြား ထည့်သွင်းခြင်းဖြင့် ဝတ္ထုတိုမှာ အရှိန်အဟုန်ဖြင့် တိုးပွားလာသည်။

စစ်ကြိုခေတ်ကတည်းက ဝတ္ထုတိုများ ရေးသားခဲ့သော စာရေးဆရာကြီးများသည်လည်း စစ်ပြီးခေတ်မဂ္ဂဇင်းများတွင် ဆက်လက်ရေးသားကြသည့်အတွက် ပီမိုးနင်း၊ ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ မဟာဆွေ၊ ဇဝန၊ မောင်ထင်၊ ဒဂုန်တာရာ၊ သိန်းဖေမြင့်၊ မန်းတင် စသည့် စာရေးဆရာကြီးများ၏ ဝတ္ထုတို များကို မဂ္ဂဇင်းများတွင်တွေ့ရသည်။ စစ်ပြီးခေတ်တွင်ရေးသော စာရေးဆရာအသစ်များလည်း ပါဝင်ရေးသားကြသည်။ ပီမိုးနင်းနှင့် ရွှေဥဒေါင်းတို့သည် မြန်မာစာပေလောကတွင် ဝတ္ထုလမ်းကြောင်းကို စတင်တီထွင်ခဲ့သူများထဲတွင် ပါဝင်သည်။

သိန်းဖေမြင့်၏ ဝတ္ထုတိုများတွင် လွတ်လပ်ရေးရပြီးနောက် တိုင်းပြည်မအေးချမ်းသည့်ကာလ ထောင်တွင်းသရုပ်ကို ပုံဖော်သည့် ‘အားလုံးကောင်းပါသည်ခင်ဗျာ’နှင့် ‘ငွေစိန်လှေလှော်ရင်း တက်ကျိုးခြင်း’ ဝတ္ထုတိုများ ထင်ရှားသည်။ တက္ကသိုလ်ဆရာတစ်ဦး အမြင်အာရုံတစ်ခုကြောင့် စိတ်အခြေအနေ အမျိုးမျိုးပြောင်းလဲရပုံကိုဖွဲ့သော ‘ဆရာအိုပြဿနာ’ ဝတ္ထုတိုသည် စိတ်သရုပ်ဖော်ဝတ္ထုအဖြစ်ထင်ရှားသည်။

မန်းတင်သည် ‘မောင်ပြုံးချို’ ဟူသော ဇာတ်ဆောင်ကို အဓိကဇာတ်ဆောင်ပြု၍ ‘မြို့ပိုင်မောင်ပြုံးချို’၊ ‘နယ်ပိုင်မောင်ပြုံးချို’ ဝတ္ထုများဖြင့် မြို့ပိုင်၊ နယ်ပိုင် အတွေ့အကြုံကို သရုပ်ဖော်သည်။ လယ်သမားကိုဖိုးလုံးကို အဓိက ဇာတ်ဆောင်ပြုသော ‘ကိုဖိုးလုံး’ ဝတ္ထုတိုများလည်း ထင်ရှားပါသည်။ ဒဂုန်တာရာသည် လူတန်းစားအမျိုးမျိုး၏ ဘဝကိုထင်ဟပ်ရေးဖွဲ့ခဲ့ရာ ဗျူရိုကရက်အရာရှိများ၊ တော်လှန်ရေး ရဲဘော်များ၊ မျိုးချစ်လူငယ်များ၊ တောခိုကွန်မြူနစ်များ၊ ဓနရှင်များစသည့် ဇာတ်ဆောင်များ ပါဝင်ပြီး ၁၉၆၁ ခုနှစ်တွင် ‘စပယ်ဦး ဝတ္ထုတိုများ’ အမည်ဖြင့် စုစည်းထုတ်ဝေခဲ့သည်။

လူတန်းစားဘဝအထွေထွေကို ရေးဖွဲ့သောဝတ္ထုတိုများတွင် အောင်စိုး၏ အညာခလေ့ သရုပ်ဖော်ဝတ္ထုတိုများ ထင်ရှားပါသည်။ အညာကျေးလက်မှ တောင်ယာသမားတို့၏ဘဝကို သရုပ်ဖော်

သောဝတ္ထုတိုများဖြစ်သည်။ မြေပဲစိုက်ခင်း၊ ရက်ကန်းစင်၊ ယွန်းထည်လုပ်ငန်း၊ ဘုရားပွဲ၊ လှည်းပြိုင်ပွဲ၊ အညာလှေကြီး၊ ပုဂံရုပ်ကြီးခွက် စသည့်အညာဓလေ့ပုံရိပ်များကို မြင်ယောင်လာစေရုံမက အညာအငွေ့အသက် ရိုက်ခတ်လာအောင်ရေးဖွဲ့သော ဝတ္ထုတိုများဖြစ်သည်။ ထိုပုံရိပ်များနှင့်အတူ အေးချမ်းပျော်ရွှင်စွာလှုပ်ရှားနေကြသော အညာသူ အညာသား တို့၏ အမူအရာကို ကြည်နူးဖွယ် သရုပ်ဖော်ထားပါသည်။ 'လှည်းယဉ်ကြော့ကြော့'၊ 'ကောက်သင်းကောက်' အမည်များဖြင့် အညာဓလေ့ဝတ္ထုတိုများကို စုစည်းထုတ်ဝေထားပါသည်။

ထိုကာလတွင် ထူးထူးခြားခြားပေါ်ထွက်လာသော ဘဝသရုပ်ဖော်ဝတ္ထုတိုတစ်မျိုးမှာ ကြယ်နီ၏ တံငါဘဝသရုပ်ဖော်ဝတ္ထုတိုများ ဖြစ်သည်။ ကြယ်နီသည် သူမွေးဖွားကြီးပြင်းရာ ဖျင်းဘွဲ့ရွာမှ ရွာသားများနှင့်လက်ပွန်းတတီးနေထိုင်ပြီးလက်တွေ့မျက်မြင်လေ့လာရသောအကြောင်းအရာများကို ရေးဖွဲ့ရာတွင် ကိုဒေါင်းစိန်နှင့် မယ်စိန်ဟူသော တံငါသည် လင်မယားကို ပင်တိုင်ထား၍ ရေးဖွဲ့သည်။ 'ကိုတံငါ'၊ 'ဖားပါလျှင် တစ်ကောင်ပေးပါ'၊ 'ငါးရစ်တက်ချိန်'၊ 'မိုးဦးကျ'၊ 'ပိုက်သမား' စသည့် ဝတ္ထုတိုများဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တို့က တံငါလက်စွဲဥပဒေဖြင့် တံငါသည်များကို ဖိနှိပ်သည်။ အင်စပက်တော်ကလည်း နှိပ်စက်သည်။ ငွေရှင်ကြေးရှင်များကလည်း ခေါင်းပုံဖြတ်သည်။ သို့ဖြင့် တံငါသည်ရေလုပ်သားများ အောက်တန်းနောက်တန်းကျနေရသည်။ ကြယ်နီသည် ထိုအဖြစ်များကို သူ့ဝတ္ထုတိုတွင် ပြောင်မြောက်စွာ သရုပ်ဖော်ရေးဖွဲ့သည်။

လယ်သမားဘဝသရုပ်ဖော်ဝတ္ထုအဖြစ် ဆင်ဖြူကျွန်းအောင်သိန်း၏ 'ကိုဆေးရိုးဝတ္ထုတိုများ' ထင်ရှားပါသည်။ ကိုဆေးရိုး၊ မကျီးဒန်နှင့် သားသမီးများကို ဇာတ်ဆောင်ပြု၍ရေးဖွဲ့သော ဝတ္ထုတိုများဖြစ်သည်။ ဘဝကိုဆင်းရဲပင်ပန်းစွာရုန်းကန်နေရသော မြန်မာ့လယ်သမား လူတန်းစားဘဝကို ထင်ဟပ်ပြသော ဝတ္ထုတိုများဖြစ်သည်။

လူထုဦးလှ၏ 'ထောင်နှင့်လူသား' ဝတ္ထုတိုများသည် စာရေးသူထောင်ထဲတွင် ဆုံတွေ့ခဲ့ရသော အကျဉ်းသားများ၏ ဘဝဖြစ်ရပ်များကို အခြေပြု၍ စိတ်ဝင်စားဖွယ် ရေးဖွဲ့ထားသော သရုပ်ဖော် ဝတ္ထုများဖြစ်သည်။ မင်းသူရိန်၊ ရန်အောင်မောင်မောင်စသည့် စာရေးဆရာများသည်လည်း မိမိတို့၏ ထောင်ဝန်ထမ်းအတွေ့အကြုံများကို အခြေပြု၍ ထောင်ဝတ္ထုများ ရေးသားကြပါသည်။ မောင်သင်၏ 'ဆရာ့ဇာတ်လမ်းစုံ' ဝတ္ထုတိုများမှာ ဆရာဝန်တစ်ဦး၏ ဆေးပညာဗဟုသုတများကို အခြေပြု၍ ဆရာဝန်နှင့်လူနာ ဆက်ဆံရာတွင် တွေ့ကြုံရသည့် ဖြစ်ရပ်များကို ရေးဖွဲ့ထားသောဝတ္ထုတိုများဖြစ်သည်။ ပထမဆုံးစာပေဗိမာန်ဝတ္ထုတိုပေါင်းချုပ်ဆုရစာအုပ်ဖြစ်သည်။

ဂျာနယ်ကျော်မမလေးသည် ၁၉၄၈ ခုနှစ်တွင် 'ရွှေမငြိုး' အမည်ဖြင့် ဝတ္ထုတိုများကို စုစည်းထုတ်ဝေခဲ့သည်။ နောက်ပိုင်းရေးသည့် ဝတ္ထုတိုများကိုမူ 'တွေးတစိမ့်စိမ့်' အမည်ဖြင့် ၁၉၆၃ ခုနှစ်တွင် စုစည်းထုတ်ဝေသည်။ 'ခေမာရီ'၊ 'ကာဖိ'၊ 'မြက်ကလေးတစ်ပင်'၊ 'အဝယ်နှင့်အရော်'၊ 'တွေးတစိမ့်စိမ့်'၊ 'သည်

အပူ' စသော ဝတ္ထုတိုများဖြစ်သည်။ မြို့နေလူတန်းစား ဘဝသရုပ်ဖော်သော ဝတ္ထုများကို အများဆုံး တွေ့ရသည်။ စရိုက်သဘာဝ ပေါ်လွင်သည်။

ခင်နှင်းယု၏ ဝတ္ထုတိုများသည်လည်း အရေးအဖွဲ့ ကောင်းမွန်ပြီး စရိုက်သဘာဝပေါ်လွင်သော ဝတ္ထုတိုများဖြစ်သည်။ 'ရွှေတမာ၊ ဘိန်းစား ရေချမ်း၊ ခံပွင့်၊ အတက်နှင့် အဆင်း၊ တန်ခိုးတော်ရှင်၏ ကျလေသောမာန' စသည့် ဝတ္ထုတိုများကို စုစည်း၍ 'ကြေးမုံရိပ်သွင်' အမည်ဖြင့် ထုတ်ဝေသည်။ ၁၉၆၀ ပြည့်နှစ်တွင် စာပေဗိမာန်ဝတ္ထုတိုဆု ချီးမြှင့်ခံရသည်။

ဟာသဝတ္ထုများ တောက်လျှောက်ရေးခဲ့သော ဆရာသော်တာဆွေသည် ၁၉၅၃ ခုနှစ်မှစ၍ မိမိဘဝ အတွေ့အကြုံများကို အခြေပြုသော ဘဝသရုပ်ဖော် ဝတ္ထုများရေးဖွဲ့ခဲ့သည်။ မိမိကျင်လည်ခဲ့ရသော မြင်းလှည်းသမားဘဝ၊ မိမိဆုံစည်းရသော ဘဝအခြေမလှသည့် မိန်းကလေးများဘဝ စသည့် ဘဝအထွေထွေကို ရေးဖွဲ့သည့် 'ကြုံခဲ့ရသည်'၊ 'ကျီးလန့်စာစား'၊ 'မိရွှေနီ'၊ 'ကျွန်တော်ဘယ်က လာသနည်း' စသည့် ဝတ္ထုတိုများကို 'ဘဝထိုထို' အမည်ဖြင့် စုစည်းထုတ်ဝေသည်။ ၁၉၆၁ ခုနှစ်တွင် စာပေဗိမာန်ဝတ္ထုတိုဆုရသည်။

ရှုမဝမဂ္ဂဇင်းတွင် 'လမ်းပေါ်မှာ'ဟု ကဏ္ဍတစ်ခုဖွင့်ပြီး လမ်းပေါ်ကလူအမျိုးမျိုး၏ ဘဝကို သရုပ်ဖော်သော ဆရာမင်းရှင်၏ ဝတ္ထုတိုများကို 'လမ်းပေါ်မှာ' အမည်ဖြင့် စုစည်းထုတ်ဝေသည်။ 'ပီတိ၊ မရှိခိုးနိုး၊ ငိုပွဲ၊ ရောင်းခါစ၊ မြေနီကုန်းကားဆိပ်၊ အသက်တစ်ချောင်း၊ ရှာလပတ်ရေတစ်ပုံးနှင့် မြူရဲ' စသည့်ဝတ္ထုတိုများဖြစ်သည်။ ၁၉၆၂ ခုနှစ်အတွက် စာပေဗိမာန်ဝတ္ထုတိုဆုရသော စာအုပ်ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်လွန် နှစ်များတွင်မူ ရသမြောက်သည့် ဝတ္ထုရှည်များ အထွက်နည်းလာသည်။ မဂ္ဂဇင်းဝတ္ထုတိုများနှင့် ၎င်းတို့ကို ပေါင်းချုပ်၍ ထုတ်ဝေသော ဝတ္ထုတိုပေါင်းချုပ်များ အထွက်များလာသည်။ စာဖတ်သူများ နှစ်သက်အားပေးသော ဝတ္ထုများဖြစ်သည်။ အကြောင်းအရာစုံလင်ပြီး အရေးသွက်သွက်နှင့် ထက်ထက်မြက်မြက်ရှိကြသောကြောင့် ထိုကာလကို ဝတ္ထုတိုရွှေခေတ်ဟုပင် အချို့က မှတ်ချက်ပြုခဲ့ကြသည်။ ဤကာလတွင် မြန်မာဝတ္ထုတို ပုံစံသစ်များ၊ အတွေးအခေါ်သစ်များလည်း ထွက်ပေါ်လာသည်။ မဂ္ဂဇင်းများတွင် တစ်မျက်နှာဝတ္ထုတိုကဏ္ဍ ခေတ်စားလာသည်။ သတင်းခေတ်နှင့် အညီ မဂ္ဂဇင်းများပေါ်သို့ သတင်းများနေရာယူလာရာ ဝတ္ထုတို၏အခန်းကဏ္ဍသည် နေရာကျဉ်းလာသည်ကို ပြသော သာဓကတစ်ရပ်ဟုလည်း ဆိုနိုင်ပါသည်။

ဝတ္ထုတိုရေးဖွဲ့ကြသော စာရေးဆရာများအနက် ဒဂုန်တာရာ၊ ကြည်အေး၊ သိန်းဖေမြင့်၊ လင်းယုန်သစ်လွင်၊ ကျော်အောင်၊ မင်းကျော်၊ မောင်သာရ၊ နတ်နွယ်၊ နိုင်ဝင်းဆွေ၊ မြသန်းတင့်၊ တက္ကသိုလ်ဘုန်းနိုင်၊ ခင်နှင်းယု၊ ဂျာနယ်ကျော်မမလေး၊ မိုးမိုး(အင်းလျား)၊ မစန္ဒာ၊ နေဝင်းမြင့်၊ ချစ်ဦးညို၊ ခင်ခင်ထူး၊ ဂျူး စသော စာရေးဆရာတို့သည် ထင်ရှားလူကြိုက်များသော ဝတ္ထုရေးဆရာများ ဖြစ်ကြသည်။

ဤသို့ဖြင့် လွတ်လပ်ရေးခေတ်ဦးပိုင်းမှ မျက်မှောက်ခေတ်တိုင် ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့်အတူ ပေါ်ပေါက်လာသောဝတ္ထုတိုများသည် ကျေးလက်မှာ ရော၊ မြို့ပြမှာပါ ဆင်းရဲပင်ပန်းစွာ ရုန်းကန်လှုပ်ရှားရသော အခြေခံလူတန်းစားများ၏ဘဝကို စာနာစိတ်ဖြင့် အနီးကပ်ရှုမြင်ပြီး အသေးစိတ်သရုပ်ဖော်ရေးဖွဲ့သောဝတ္ထုတိုများ ဖြစ်ကြသည်။ လူ့သဘော သဘာဝနှင့် လူ့ပတ်ဝန်းကျင်ကို ပေါ်လွင်စွာဖော်ကျူးနိုင်သဖြင့် မြန်မာစာပေသမိုင်းတွင် တစ်ခန်း တစ်ကဏ္ဍ ရပ်တည်နိုင်ခဲ့သည်။

**ပြဇာတ်**

လွတ်လပ်ရေးခေတ်တွင် ကိုလိုနီခေတ်နှောင်းပိုင်းက အားနည်းခဲ့သော ပြဇာတ်စာပေလည်း ပြန်လည် ထွန်းကားခဲ့ပါသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံလွတ်လပ်ရေး၊ အမျိုးသားရေး ဦးတည်ချက်များဖြင့် ပြဇာတ်များ ဖန်တီးခဲ့ကြသည်။လွတ်လပ်ရေး ကြိုးပမ်းမှု၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေးတို့ကို ဦးတည်သော ပြဇာတ်စာပေများ ဖွံ့ဖြိုးလာသည်နှင့်အမျှ လူ့အဖွဲ့အစည်း၊ လူ့ဓလေ့၊ လူ့စရိုက်တို့ကို သရုပ်ဖော်သော ပြဇာတ်စာပေများလည်း ရှင်သန်လာ သည်။

ရှေးပြဇာတ်များ ကပြကြရာ၌ နိပါတ်ဇာတ်တော်၊ ရာဇဝင်၊ သမိုင်း၊ ဒဏ္ဍာရီစသည်တို့ကို အခြေခံ၍ ကပြကြရပြီး ပြည်သူလူထု၏ ဘဝကိုသွယ်ဝိုက်၍သာလျှင် ထင်ဟပ်ဖော်ပြနိုင်ပေသည်။ ဤခေတ်တွင်မူ ပြဇာတ်သည် များသောအားဖြင့် မျက်မှောက်ခေတ်ပြည်သူလူထု၏ဘဝကို တိုက်ရိုက် ထင်ဟပ် ဖော်ပြလေ့ရှိသည်။ ပြည်သူလူထု၏ ဘဝနှင့် နီးစပ်ဟပ်မိသော နေ့စဉ်အကျွမ်းဝင်တွေ့ကြုံ နေရသည့် ဇာတ်လမ်းဇာတ်ကွက်များကို အနုပညာတန်ဆာဆင်၍ ပြဇာတ်များကို ဖန်တီးတင်ဆက် ကြသည်။

၁၉၄၈ ခုနှစ်မှစ၍ မဂ္ဂဇင်းစာစောင်အမျိုးမျိုးတွင် ပြဇာတ်များတွေ့ရသည်။ ထိုပြဇာတ်များ တွင် ပတ်ဝန်းကျင်၌ တွေ့ရမြင်ရသော အမြင်မတော် အကြားမတော်သည့် ပြုပြင်ဖွယ်ရာများကို ဟာသမြောက်စွာသရော်၍ ရေးဖွဲ့ထားသည်ကိုတွေ့ရသည်။ ခေတ်အရိပ်ထင်ဟပ်သော ပြဇာတ်များ ဖြစ်သည်။

အောင်ဗလသည် ၁၉၄၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကျော်ကာလအထိ တစ်ခန်းရပ်ပြဇာတ်များ၊ ပြဇာတ်တိုများ ရေးသားခဲ့ရာ ပြဇာတ် ၂၂ ပုဒ်ကို 'အောင်ဗလ၏ ပြဇာတ်တိုများ' အမည်ဖြင့် စာအုပ် ထုတ်ဝေခဲ့သည်။

မာန်အောင်ပီယသည် ၁၉၅၂ ခုနှစ်ခန့်မှစ၍ မဂ္ဂဇင်းများတွင် ပြဇာတ်များရေးဖွဲ့ခဲ့ရာ ပြဇာတ် ၁၂ ပုဒ်ကို စုစည်းထုတ်ဝေခဲ့သည်။ မက်ထရစ်စာမေးပွဲဖြေမည့်ကျောင်းသူသည် လိမ်ရောင်းသော မေးခွန်းအတုကို အားကိုးပြီး စာမကျက်မိသောကြောင့် ရေတိမ်နစ်ရပုံ၊ စာရေးဆရာချင်း စာမူခိုးချ

တတ်ပုံ၊ ဖောက်ပြန်သော လင်နှင့်မယားစသည်ဖြင့် အမြင်မတော် အကြားမတော်သည့် ဖြစ်ရပ်များကို ပုံဖော်ထားသည်။

ထိုကာလတွင်ရန်ကုန်ဘဆွေ၏ ပြဇာတ်များပေါ်ထွက်လာသည်။ 'သူတော်စင်' ပြဇာတ်တွင် ဘာသာရေးကို ခုတုံးလုပ်၍ အထက်ဂိုဏ်းယောင်၊ ဝိဇ္ဇာယောင်ယောင်နှင့် မိန်းကလေးများကို ဖျက်ဆီးနေသော လူယုတ်မာများ၏ အမူအကျင့်ကို ဖော်ပြထားသည်။ 'နဝဒေး' ပြဇာတ်မှာမူ မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက ၁၉၅၈ ခုနှစ်တွင် စီစဉ်ကပြသော ပြဇာတ်ဖြစ်သည်။

အောင်လင်း၏ စာရေးဆရာ 'ကိုဒေါနပြဇာတ်'သည် ၁၉၅၈ ခုနှစ်တွင် စာဆိုတော်နေ့အတွက် ရေးသားပြီး စာရေးဆရာများ ကပြသောပြဇာတ်ဖြစ်သည်။

ဝန်ကြီးချုပ်ဦးနုသည် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ရင်း ပြဇာတ်များကို ရေးဖွဲ့ခဲ့သည်။ ဦးနု၏ထင်ရှားသောပြဇာတ်မှာ 'လူထုအောင်သံ' ပြဇာတ်ဖြစ်သည်။ ၁၉၆၁ ခုနှစ်တွင် 'သကအလ' ပြဇာတ်ကိုရေး၍ အကျင့်ပျက် အာဏာပိုင်များ လက်တွင် ပါလီမန်ဒီမိုကရေစီစနစ် မတည်မြဲနိုင်ပုံကို ထောက်ပြသတိပေးသည်။

နိုင်ငံခြားပြဇာတ်တစ်ပုဒ်ကို မှီငြမ်းပြုသော မြန်မာပြဇာတ်နှစ်ပုဒ်ပေါ်ထွက်ခဲ့သည်မှာ မှတ်သားဖွယ်ဖြစ်သည်။ Stanely Houghton ၏ The Dear Departed ပြဇာတ်ကို သခင်ဘသောင်းက 'ထိုက်သူစံ' အမည်ဖြင့်မှီငြမ်းပြု၍ ခင်မောင်ရီက 'မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ'အမည်ဖြင့် ပြဇာတ်ရေးသားသည်။

တိုင်းတစ်ပါးသားယဉ်ကျေးမှုကို အထင်ကြီးပြီး အမျိုးသားယဉ်ကျေးမှုကို အလေးမထားသည့်အတွက် အရှက်ရပုံကိုသရော်သော မောင်လင်းယုန်(ရှမ်းပြည်) ၏ 'ဟေဇယ်ရှက်တယ်မာမီရယ်' ပြဇာတ်မျိုးကို တွေ့ရသည်။

နိုင်ငံတော်အစိုးရသည် ပြဇာတ်စာပေ ထွန်းကားရေးအတွက် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ပြဇာတ်စာပေစာတမ်းကို ဖတ်ကြားခြင်း၊ ကျောင်းသုံးစာအုပ်များတွင် ပြဋ္ဌာန်း၍ သင်ကြားစေခြင်း၊ ရေဒီယိုမှနေ၍ ပြဇာတ်များကို ဇာတ်လမ်းအသွင်ဖြင့် အသံသွင်း၊ လွှင့်ထုတ်ပေး ခြင်း၊ စာပေဗိမာန်စာမူဆု၊ အမျိုးသားစာပေဆုများတွင် ပြဇာတ်စာပေကို ဆုတစ်ဆုအဖြစ် ချီးမြှင့်ခြင်းများဖြင့် ပြဇာတ်စာပေတိုးတက်ရန် ကြိုးစားခဲ့ပါသည်။ လုပ်သားဂျာနယ်တွင်လည်း ပြုပြင်ရေး ရည်ရွယ်ချက်ပါသော ပြဇာတ်များတွေ့ရသည်။ လုပ်သားဂျာနယ် ပြဇာတ်များသည် ပြဇာတ်စာပေ တိုးတက်ရေးအတွက် တစ်ခန်းတစ်ကဏ္ဍ အရေးပါသည်။ ပရိသတ်အထူးနှစ်သက်သော ပြဇာတ်များဖြစ်သည်။

၁၉၄၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း ပေါ်ပေါက်ခဲ့သော မြန်မာပြဇာတ်များတွင် မြန်မာပြဇာတ်ရေးဆရာတို့၏ ပင်ကိုရေးပြဇာတ်များ နည်းပါးနေသည်ကို လေ့လာတွေ့ရှိရပါသည်။ ရေးသားထုတ်ဝေ

ခဲ့သော ပြဇာတ်အများစုတွင်လည်း ပြဇာတ်များကို ဝါဒဖြန့်စည်းရုံးသိမ်းသွင်းရေးလက်နက်တစ်ခု အဖြစ် အသုံးပြုခဲ့ကြသည်ကို တွေ့ရပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ပြဇာတ်စာပေသည် စာပေလောကအလယ်တွင် မျက်နှာငယ်လျက် ပရိသတ်စိတ်ဝင်စားမှုနည်းနေသည့် အဖြစ်ကိုရောက်ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ လွတ်လပ်ရေးခေတ်တွင် ပြဇာတ်စာပေပေါ်ထွန်းမှု အားနည်းသည်ဟု ဆိုနိုင်သော်လည်း ပေါ်ထွက်သမျှ ပြဇာတ်များက လူထုအတွင်း ဝင်ရောက် ဖျော်ဖြေကာ အသိပညာ ပေးနိုင်ခဲ့ပါသည်။

**စကားပြေအထွေထွေ**

လွတ်လပ်ရေးခေတ်တွင် ဝတ္ထု၊ ပြဇာတ်များသာမက စကားပြေပုံသဏ္ဍာန် အမျိုးမျိုးဖြင့် သုတ၊ ရသစာပေများ ပေါ်ထွက်လာခဲ့ပါသည်။ အတ္ထုပ္ပတ္တိ၊ ခရီးသွားမှတ်တမ်း၊ ဘာသာရေးဆိုင်ရာ၊ စာပေဝေဖန်ရေးစသည်ဖြင့် အမျိုးအစားများစွာပေါ်ထွက်လာခဲ့ပါသည်။ ရှင်ဇနကာဘိဝံသ၏'တစ်ဘဝ သံသရာ'၊ ရွှေဥဒေါင်း၏ 'တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' စသော ပုဂ္ဂိုလ်ရေးဆိုင်ရာ အတ္ထုပ္ပတ္တိများလည်း ထင်ထင်ရှားရှားပေါ်ထွက်လာခဲ့သည်။ ဒဂုန်တာရာ၏ 'ရောဝတီယန်စီဘော်လဂါ'၊ ကမ္ဘာလှည့်တင်တင်စိန်၏ 'ပြောပြစမ်းချင် သီရိလင်္ကာတစ်ခွင်'စသော ခရီးသွားမှတ်တမ်းများလည်း ပေါ်ထွက်လာခဲ့သည်။ ရှင်ဇနကာဘိဝံသ၏ 'ကိုယ်ကျင့် အဘိဓမ္မာ'၊ သုခ၏ 'မင်္ဂလသုတ်' စသော ဘာသာရေးဆိုင်ရာစာအုပ်များလည်း ပေါ်ထွက်လာခဲ့သည်။ ဒဂုန်တာရာ၏ 'စာပေ သဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု'၊ ဇော်ဂျီ၏ 'ရသစာပေအဖွင့်နှင့် နိဒါန်း'စသော စာပေနှင့် အနုပညာဆိုင်ရာ ဝေဖန်ရေးသဘောတရားစာအုပ်များလည်း ပေါ်ထွက်လာခဲ့သည်။

လွတ်လပ်ရေးခေတ်တွင် ရသစာတမ်းအမျိုးအစားလည်းဖွံ့ဖြိုးလာသည်။ ဇေယျ၊ တိုက်စိုး စသော စာရေးဆရာကြီးများက ရသစာတမ်းကို စတင်ရေးသား လမ်းဖောက်ခဲ့ကြပါသည်။ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း မြန်မာရသစာတမ်း(အက်ဆေး)ကို အများဆုံးရေးသူတို့မှာ တက္ကသိုလ် လောကဝန်းကျင်မှ စာရေးဆရာများဖြစ်ကြသည်။ ခေတ်စမ်းစာပေ၏ မှတ်တိုင်များဖြစ်သော ဇော်ဂျီနှင့် မင်းသုဝဏ်တို့က ဦးဆောင်၍ အက်ဆေးကို စာပေအမျိုးအစားတစ်ခုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည် နိုင်အောင် ကြိုးပမ်းပေးခဲ့သည်။

'ကံ့ကော်မြိုင်စာတမ်း' (၁၉၆၃) တွင် တက္ကသိုလ်ဝန်းကျင်မှ စာရေးဆရာများဖြစ်ကြသော ဇော်ဂျီ၊ မင်းသုဝဏ်၊ မင်းယုဝေ၊ နွယ်စိုး၊ တိုက်စိုး၊ အောင်သင်း၊ မောင်ဖေသန်း၊ တင်မိုး၊ မောင်ဇော်၊ တက္ကသိုလ်ဝင်းမွန်တို့ ပါဝင်ရေးသားခဲ့ကြသည်။ ကံ့ကော်မြိုင် စာတမ်းမှအစပြု၍ အက်ဆေးကို စာပေအနုပညာ အမျိုးအစားတစ်ခုအဖြစ် လက်ခံခဲ့ကြပြီးနောက် အက်ဆေးစာအုပ်များ တစ်အုပ်ပြီး တစ်အုပ် ထွက်ပေါ်လာခဲ့သည်။

စိတ်ပင်လယ်စာတမ်း (၁၉၆၅) တွင် သိန်းသန်းထွန်း၊ ထင်လင်း၊ မင်းကျော်၊ တက္ကသိုလ်မြစိမ်း၊ မောင်ကိုယု၊ မောင်ဇော်၊ တက္ကသိုလ်မင်းမော်၊ မောင်ခင်မင်(ဓနုဖြူ)၊ အောင်သင်း စသည့် စာရေးဆရာများ၏ ရသစာတမ်း(အက်ဆေး) များပါဝင်သည်။

လင်္ကာရည်ကျော်၊ ဒေါက်တာစိုးလွင်စသော ဆရာဝန်စာရေးဆရာများကလည်း ကျန်းမာရေး အသိပညာပေးဆိုင်ရာစာအုပ်များကို ရေးသားလျက်ရှိပါသည်။ လွတ်လပ်ရေးခေတ်သည် ခေတ်မီဖွံ့ဖြိုး တိုးတက်လာသော ခေတ်ဖြစ်သကဲ့သို့ စကားပြေအမျိုးအစားစုံလင်စွာ ထွက်ပေါ်လာခဲ့သည်ဟု ဆိုရပေမည်။

စကားပြေ အထွေထွေကျမ်းများတွင် ဆေးကျမ်း၊ ဗေဒင်ကျမ်းနှင့် လက္ခဏာကျမ်းများလည်း ပါဝင်ပါသည်။ သက်ဆိုင်ရာပညာရှင်တို့က မိမိတို့တတ်ကျွမ်းသောပညာကို စကားပြေဖြင့် ရေးသား ပြုစု၍ ပညာဖြန့်ဝေကြပါသည်။ ဖတ်ရှုလေ့လာသူများအတွက်လည်း အကျိုးများနိုင်သည့် ကျမ်းများ ဖြစ်ပါသည်။ တိုင်းရင်းဆေးနှင့် အနောက်တိုင်းဆေးပညာ နှစ်ရပ်လုံးကို အများဖတ်ရှုနားလည်နိုင်မည့် စကားပြေဖြင့် ဖြန့်ဝေသောစကားပြေအမျိုးမျိုးပေါ်ထွက်လာခဲ့သည်။

**ကဗျာ**

လွတ်လပ်ရေးရပြီးစ မြန်မာကဗျာကဏ္ဍတွင် ဒုတိယကမ္ဘာစစ်ကြီးနှင့် အမျိုးသားလွတ်မြောက် ရေး တိုက်ပွဲသမိုင်း စသည့်အကြောင်းအရာများအပြင် လောလောလတ်လတ် ကြုံတွေ့နေရသည့် ပြည်တွင်း ပဋိပက္ခများ၏ အနိဋ္ဌာရုံများကို အရင်းခံသော အကြောင်းအရာများ၊ ငြိမ်းချမ်းရေးကို လိုလား တောင့်တသည့် ဆန္ဒကို ပဓာနပြုသော အကြောင်းအရာများကို ဦးစားပေးဖွဲ့ဆိုခဲ့ကြောင်း တွေ့ရ သည်။

လွတ်လပ်ရေးရစမှာပင် မအေးချမ်းနိုင်သော တိုင်းပြည်အခြေအနေကို ဆရာကြီးသခင် ကိုယ်တော်မှိုင်းက 'သူပုန်ဓားပြတွေက တပူပူထလို့မို့၊ အပူခကြရှာတဲ့ လူထုသတ္တဝါတွေ ခမျာတွေ ဆရာအထွေထွေ သနား သနားပြီး' ဟူ၍ သံဝေဂတမ်းချင်း လေးချိုးကြီးတွင် ထင်ဟပ်ရေးဖွဲ့ပြခဲ့ပါ သည်။

'၁၉၄၈ ခုနှစ် လွတ်လပ်ရေးနေ့တွင်' ကဗျာ၌ ဇော်ဂျီက လွတ်လပ်ရေးကြိုးပမ်းမှုခရီးတွင် နိုင်ငံအတွက် သွေးစက်နှင့် မျက်ရည်များစီးခဲ့ရပုံကို ပြန်သတိရပြီးဆွေးမိပုံကို ရေးဖွဲ့ပြသည်။ မင်းသုဝဏ် ကလည်း 'အိုးဝေ ဆုတောင်း' ကဗျာတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပုံကို ဘုရားလောင်း ဥဒေါင်းမင်းက 'ဥဒေတယံဂါထာ'ဖြင့် ညွတ်ကွင်းမှ လွတ်မြောက်ပုံနှင့် တင်စားပြီးရေးဖွဲ့သည်။ 'ပျဉ်းမငုတ်တို'ကဗျာ သည် မင်းသုဝဏ်၏ ထင်ရှားသော ကဗျာဖြစ်သည်။ လောကဓံကို ကြံ့ကြံ့ခံ၍ ရင်ဆိုင်ကာ ရွက်ဟောင်း ညှာကြွေ ရွက်သစ်ဝေ၍ လေပြည်ထဲတွင် ငယ်ရုပ်ဆင်နေသော ပျဉ်းမငုတ်တိုကြီး၏ အားမာန်ကို လေးစား စိတ်ဖြင့် ရေးဖွဲ့ထားခြင်းဖြစ်သည်။

ဒဂုန်တာရာသည် စစ်ပြီးချိန်တွင် 'မတ်လတော်လှန်ရေး'ကဗျာဖြင့် ဖက်ဆစ်လှုပ်ရှားမှုကို ရေးဖွဲ့သည့်နည်းတူ လွတ်လပ်ရေးခေတ်တွင် 'နှင်းယွန်းဟေမန်'ကဗျာဖြင့် တော်လှန်ရေး၏ နိမိတ်ပုံများကို ဖွဲ့သည်။ 'ချိုးဖြူသို့ပန်ကြားချက်' ကဗျာသည် ကမ္ဘာ့ငြိမ်းချမ်းရေး ကော်မတီဥက္ကဋ္ဌပါမောက္ခ ကျူရီက ညီလာခံတက်ရန်ဖိတ်ကြားရာ ပြန်လည်ပေးပို့သော သဝဏ်လွှာဖြစ်ကြောင်းသိရသည်။

စစ်ပြီးခေတ်တွင် ကဗျာအများအပြားရေးဖွဲ့သော ဇွေတာရီသည် အမျိုးသားရေးကဗျာ အများအပြားရေးဖွဲ့သည်။ 'ဘဝသစ်' ကဗျာတွင် အင်သစ်အားသစ်နှင့် နိုင်ငံသစ်တည်ထောင်၍ ဘဝခရီးသစ်ဖန်တီးရန် တိုက်တွန်းရေးဖွဲ့သည်။ 'ပါတော်မူခဲ့ဖူးပြီ' ကဗျာတွင် မညီမညွတ်၍ မင်းပါဆုံးပြီး ကျွန်ဖြစ်ခဲ့ရပုံ၊ တစ်ပြည်လုံး စည်းလုံးညီညွတ်၍ လွတ်လပ်ရေးရခဲ့ရပုံများကို ဖော်ညွှန်းထားသည်။ ဒေါင်းနွယ်ဆွေ၏ 'စစ်နှင့်ပြည်သူ'ကဗျာတွင် စစ်၏အနိဋ္ဌာရုံများနှင့် ကမ္ဘာသူကမ္ဘာသားများက ငြိမ်းချမ်းရေး တောင်းဆိုကြပုံကိုရေးဖွဲ့သည်။ ပြည်တွင်းစစ်ကြောင့် အပြစ်မဲ့လူသားများသေကြရပုံကို မင်းယုဝေက 'လက္ခယ်ချိန်' ကဗျာတွင် သရုပ်ဖော်ထားပါသည်။

ထို့ပြင် ကိုလိုနီခေတ်တွင် မင်းသုဝဏ်နှင့် ဒေါက်တာမောင်ဖြူးတို့ ဖောက်လုပ်ခဲ့သော ကလေး ကဗျာလမ်းကြောင်းသည် လွတ်လပ်ရေးရပြီးချိန်တွင် အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးလာပါသည်။ မင်းသုဝဏ်၏ 'မောင်ထွေးဖို့ ကဗျာများ'ကို နာမည်ပြောင်းလိုက်သော 'မောင်ခွေးဖို့ ကဗျာများ' သည် လွတ်လပ်ရေးခေတ်တွင် ကလေးများ ပျော်ပျော်ရွှင်ရွှင်ရွတ်ဆိုစရာ ကဗျာများအဖြစ် ဆက်လက်ပြီး အသက်ဝင်နေသည်။

လွတ်လပ်ရေးရပြီး အစောပိုင်းကာလတွင် ပေါ်ပေါက်သော ကလေးကဗျာများမှာ မင်းယုဝေနှင့် ဇွေတာရီတို့ ဇနီးမောင်နှံ၏ ကလေးကဗျာများဖြစ်သည်။ မင်းယုဝေ၏ 'ဘဝမာလာ' ကဗျာများတွင် 'ကြယ်လူပြောင်၊ နာရီ၊ တရောဝိဇ္ဇာ၊ ဗေဒင်ဆရာ၊ မိုးမခပင်၊ လည်ဆွဲ၊ ဖား၊ ဥသြရေ'ဟူသည့် ကလေးကဗျာများ ပါဝင်သည်။ ဇွေတာရီ၏ 'ရတနာ' ကဗျာများတွင် 'မိုးကြိုးတေး၊ ကိုထွေးအမှာ၊ စာဆိုကလေး' ကဗျာများ ပါဝင်သည်။

နုယဉ်သည် လွတ်လပ်ရေးမတိုင်မီကပင် ကလေးကဗျာများရေးဖွဲ့ခဲ့ရာ လွတ်လပ်ရေးခေတ်တွင် ပေါ်ထွက်သော 'မယ့်သည်းချာ' ကဗျာများသည် သီးသန့်စာအုပ်ဖြစ်သည်။ နုယဉ်သည်'က-ကယားမယ် လှမျိုးကွယ်' အစချီ ကကြီးခခွေး လင်္ကာကိုလည်း ရေးဖွဲ့ခဲ့သည်။

ထိုကာလတွင် စာနယ်ဇင်းများ၌ ကလေးစာပေများကို နေရာပေး၍ ထည့်သွင်းလာကြရာ ကလေးကဗျာများလည်းပါဝင်လာသည်။ မင်းသုဝဏ်၊ နုယဉ်၊ တက္ကသိုလ်နန္ဒမိတ်၊ မောင်ယဉ်နွယ်၊ ထွဏ်းနေနွယ်၊ ဗန်းမော်ညိုနွဲ့၊ မြင့်သူ၊ ကြည်အောင်၊ ဗန္ဓုရဝင်း၊ မောင်သက်လွင်၊ ကောက်လှိုင်း စသည့်ကဗျာဆရာများ၏ ကဗျာများ ဝေဝေဆာဆာ ပါဝင်လာသည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၈ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သော ကဗျာများတွင် အချစ်အကြောင်းကို ဖွဲ့သောကဗျာသည်လည်း တစ်ခန်းတစ်ကဏ္ဍပါဝင်သည်။ ကဗျာဆရာတို့သည် မည်သည့်အခါမှ ရိုးမသွားနိုင်သော အချစ်အကြောင်းကို ကဗျာဖွဲ့ကြသည်။ ဒဂုန်တာရာနှင့် ကြည်အေးတို့၏ ချစ်ခြင်း မေတ္တာဘွဲ့ကဗျာများသည် လှပသည်။ ဒဂုန်တာရာ၏ 'တဟီတီသွားရအောင်' ကဗျာသည် ပေါ်ပေါက်ခါစကပင် ဂယက်ရိုက်သွားသော ကဗျာဖြစ်သည်။ ယခုအခါတွင် ထိုကဗျာသည် ဒဂုန်တာရာ၏ ကဗျာမှတ်တိုင်တစ်တိုင်ဖြစ်နေပြီဖြစ်သည်။

ကြည်အေး၏ ကဗျာများတွင် 'စောင့်ခေါ် ပါမောင်' ကဗျာမှာ မောင့်ကိုပြောနေသည့် မိန်းကလေး၏ အသံမှာ ကနွဲ့ကလျရှိလှသည်။ ကြည်အေးသည် 'ဖုန်းသက်တိုင်'၊ 'မောင်၊ ကိုကိုနှင့်မြနန္ဒာ'၊ 'နွမ်းလျ အိမ်ပြန်' စသည့်မိမိ၏ ဝတ္ထုများတွင် ကဗျာကလေးများ ရေးဖွဲ့လေ့ရှိပါသည်။

ငွေတာရီ၏ 'အကြိုတော်' ကဗျာသည် ကလေးကဗျာပုံသဏ္ဌာန်ဖြင့်ဖွဲ့ထားသော အချစ်ကဗျာ ဖြစ်သည်။ 'လှည်းယဉ်ကလေးစီးကာလည်' ကဗျာတွင် ဂုဏ်ပကာသနမဖက်သောအချစ်ကို ရေးဖွဲ့ ထားသည်။ 'လာလှဲ့ပါ ချစ်သူ' ကဗျာတွင် ချစ်သူနှင့်အတူ ကဗျာရွတ်ဆိုကာ ပျော်ရွှင်ချင်သည့် ဆန္ဒကိုဖွဲ့ထားသည်။

ဒေါင်းနွယ်ဆွေ၏ 'မာန်' နှင့် 'လွမ်းလိပ်ပြာတောင်' ကဗျာရှည်ကြီးနှစ်ပုဒ်သည် ထိုကာလတွင် ထင်ရှားသည်။ ထိုခေတ် ထိုအချိန်တွင် ထင်ရှားသောကဗျာဆရာများဖြစ်သည့် ဒေါင်းနွယ်ဆွေ၊ နောင်၊ ဗန်းမော်ညိုနွဲ့၊ မင်းယုဝေ၊ ဂုဏ်ဝင်းစသူတို့၏ ကဗျာများကို မဂ္ဂဇင်း၊ ဂျာနယ်များ၌ မပြတ် တွေ့ရပါသည်။

ဤအကြောင်းအရာများနှင့် မရှေးမနှောင်းမှာပင် ပါလီမန်ဒီမိုကရေစီစနစ်၏ ချွတ်ယွင်းမှု၊ လူတန်းစား မညီမျှမှုတို့ကို အကြောင်းပြု၍ ဖွဲ့ဆိုသောကဗျာများလည်း တစ်စတစ်စ အားကောင်းလာ ခဲ့သည်။ အချစ်၊ အကြိုက်၊ အနု၊ အလှကဗျာများသည် ဤခေတ်တစ်လျှောက်လုံး၌ အနည်းနှင့် အများရှိနေခဲ့သည့်တိုင်၊ ကဗျာမျက်စိ၊ စာမျက်စိ ပွင့်လင်းလာသောအခါ ကဗျာဖတ်သူတို့၏ အကြိုက် သည် ဘဝသရုပ်ဖော်၊ လူတန်းစား သရုပ်ဖော်ကဗျာများဘက်သို့ ဦးလှည့်လာခဲ့ကြောင်းတွေ့ရသည်။

ခေတ်စမ်းကဗျာ၏အမွေကို ဆက်ခံယူလာသော ဤခေတ်ကဗျာကဏ္ဍတွင် အကြောင်း အရာပိုင်းအရ လောကသဘာဝ အသေးအဖွဲကလေးများ၏ အလှကိုသာမက၊ လူ့လောက၊ လူ့သဘာဝ၊ လူတန်းစားအသိအမြင်ဆိုင်ရာ အာဘော်များကိုပါ စပ်ဆိုလာခဲ့ကြသည်။ အတွေးသစ် အသိအမြင်သစ် များ ပေါ်ပေါက်အောင် လှုံ့ဆော်ပေးသော ကဗျာများပေါ်ပေါက်လာသည်။ စာပေသစ်သမားတို့၏ 'အနုပညာသည် ပြည်သူ့အတွက်' ဟူသော ကြွေးကြော်သံနောက်သို့လိုက်၍ ပြည်သူကို အကျိုးပြု နိုင်သော၊ ဘဝဆန်သော ကဗျာများ ဖွဲ့သီလာခဲ့ကြသည်။ ကိုရီးယားစစ်၊ ဗီယက်နမ်စစ်စသော ပြည်ပနိုင်ငံရေး ရိုက်ခတ်မှုများကို အကြောင်းပြု၍ စစ်ဆန့်ကျင်ရေး၊ ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေး ကဗျာများလည်း ပေါ်ပေါက်ခဲ့သည်။

ရှေးရိုးမြန်မာကဗျာ၏ အစဉ်အလာဖြစ်သော ကာရန်စည်းကမ်းတင်းကျပ်မှုကို လက်မခံလိုသော အယူအဆသစ်များလည်း ဤခေတ်မှာပင် မြစ်ဖျားခံလာခဲ့သည်။ ကာရန်ကို လွတ်လပ်စွာယူ၍ အသံချိုသာမှုနှင့် အကြောင်းအရာပီပြင်မှုတို့ကို ဦးစားပေးသော အရေးအဖွဲ့မှ လမ်းခွဲ၍ မြန်မာကဗျာတွင် ကာရန်ပါရန်မလိုဟု ခံယူသူအချို့ပေါ်ထွက်စပြုလာသည်။

လွတ်လပ်ရေးရပြီးသည်မှ ပါလီမန်ဒီမိုကရေစီခေတ်၏ နိဂုံးအပိုင်းအထိ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင် မြောက်မြားစွာတွင် အကြောင်းအရာအမျိုးမျိုးကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖွဲ့သီသော ကဗျာပေါင်း မရေမတွက်နိုင်လောက်အောင် ပေါ်ပေါက်ခဲ့သည်။ ထို့အတူ လုံးချင်းကဗျာရှည်ကြီးများ၊ ကဗျာပေါင်းချုပ်စာအုပ်များလည်း ပေါ်ထွက်လာခဲ့သည်။ ယင်းတို့အနက်မှ အကြောင်းအရာပိုင်းအရရော၊ ပုံသဏ္ဌာန်ပိုင်းအရပါ ခိုင်မာသော ကဗျာများသည် ဂန္ထဝင်မြောက်အဖြစ် မျက်မှောက်ခေတ်အထိ ကျော်ကြားခဲ့သည်။ လူ့စိတ်စေတနာ၊ အသိပညာ၊ အတွေးအခေါ် အသိအမြင်တို့ကိုပေးနိုင်စွမ်းရှိသော ကဗျာတို့သည် လူကြိုက်များဆဲဖြစ်ပါသည်။ ပါဠိ၊ သက္ကတတို့မှ ဘာသာပြန်သော ခေတ်ကဗျာဆိုင်ရာ အလင်္ကာကျမ်းများ၊ အနောက်တိုင်းစာပေမှ ဘာသာပြန်သော ကဗျာဆိုင်ရာကျမ်းများသည်လည်း အရေးပါဆဲဖြစ်ပါသည်။

၁၉၆၀ ပြည့်နှစ်လွန်ကာလများသည် မန္တလေးတက္ကသိုလ် ကလောင်ရှင်များ၏ ကဗျာများ ပေါ်ပေါက်လာချိန်ဖြစ်၍ အရေအတွက်ရော အရည်အသွေးပါ ထင်ရှားအားကောင်းလာသည့်အချိန်ဖြစ်သည်။ မန္တလေးတက္ကသိုလ် ကဗျာခေတ်ဟုပင် တင်စားခဲ့ကြရသည်။ ထင်ရှားသော ကဗျာစာဆိုများတွင် ဘုတလင်ချစ်လေး၊ ကြည်အောင်၊ ကိုလေး (အင်းဝဂုဏ်ရည်)၊ တင်မိုး၊ မောင်စွမ်းရည်၊ မောင်သာနိုး (မောင်သိင်္ဂီ)နှင့် အမျိုးသားစာပေဆုရ အခြားစာဆိုများ ပါဝင်သည်။

၁၉၄၈-၆၂ ခုနှစ် မြန်မာကဗျာကဏ္ဍသည် အကောင်းရော အညံ့ပါ ရောထွေးနေခဲ့ကြောင်း တွေ့ရသည်။ ဤသို့ရောထွေးနေသည့်တိုင် အတွေးသစ် အမြင်သစ်သမားတို့၏ အားထုတ်မှုကြောင့် မြန်မာကဗျာ၏ ရေစီးကြောင်းသည် သွက်လက်ရှင်သန်စွာ စီးဆင်းနိုင်ခဲ့ကြောင်းတွေ့ရသည်။

၁၉၆၀ ပြည့်နှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်းတွင် လုံးချင်းကဗျာစာအုပ် အများဆုံးထွက်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းတွင် အထွက်နည်းသွားသည်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းထွက်သည့် ကဗျာစာအုပ်များတွင် လူငယ်ထုအတွင်း အများဆုံးပျံ့နှံ့သော ကဗျာစာအုပ်များလည်း ပါဝင်သည်။ ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းတွင် လုံးချင်းကဗျာစာအုပ် အထွက်နည်းသွားသော်လည်း လစဉ်ထုတ်မဂ္ဂဇင်းများတွင် ကဗျာကဏ္ဍသည် အခိုင်အမာရပ်တည်နေသည်။ ကဗျာရေးသူ လူငယ်များလည်း အတိုးပွားဆုံးဟု ဆိုရလောက်အောင် များပြားစွာထွက်ပေါ်လာသည်ကို တွေ့ရသည်။ စာပေဗိမာန်က နှစ်စဉ် လုံးချင်းကဗျာစာအုပ်များ ပုံမှန်ထွက်ပေါ်နေသည်ကို တွေ့ရသည်။ မဂ္ဂဇင်းများတွင် ကာရန်မဲ့ကဗျာ၊ လွတ်လပ်ကာရန်ဖြင့် ရေးဖွဲ့ထားသော ကဗျာများသည် လူငယ်ထု၏တောင်းဆိုမှုနှင့်အတူ ထိုအရှိန်အဟုန်သည် ယနေ့အထိ ဆက်လက်ရှင်သန်နေသည်။

၁၉၆၃ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ မြန်မာကဗျာလမ်းကြောင်းကိုကြည့်လျှင် ကဗျာအဖွဲ့ အဟောင်းနှင့် ကဗျာအဖွဲ့သစ်တို့သည် အားပြိုင်လျက်ရှိနေသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။

၁၉၆၅ ခုနှစ်တွင် ကိုလေး (အင်းဝဂုဏ်ရည်)၏ 'လမ်းသစ်ကဗျာများ' စာအုပ်ထွက်ပေါ် လာသည်။ 'လမ်းသစ်' ဟူသည်မှာ လမ်းဟောင်းအရင်းရှင်စနစ်ကို ဆန့်ကျင်သည့် လမ်းဟောင်း နယ်ချဲ့တို့ကို တော်လှန်သည့် ပြည်သူ့လမ်းဟု နားလည်ရသည်။ 'လမ်းသစ်' ကဗျာကို ၁၉၆၄ ခုနှစ်တွင် ရေးသားခဲ့ခြင်း ဖြစ်သည်။ ၁၉၆၈ ခုနှစ်တွင် မိုးဝေ မဂ္ဂဇင်းပေါ်ပေါက်လာသည်မှစ၍ မိုးဝေမဂ္ဂဇင်း ကဗျာများ အားကောင်းထင်ရှားလာခဲ့သည်။ ထိုအချိန်မှစ၍ 'မိုးဝေကဗျာခေတ်' ဟုပင် ကင်ပွန်း တပ်ခဲ့ကြသည်။ ၁၉၆၉ ခုနှစ် ထုတ်ဝေခဲ့သည့် တင်မိုး၏ 'စိမ်းလန်းသော အိပ်မက်' ကဗျာမှာ အရင်းရှင်စနစ်ကို သရော်ထားသော ကဗျာတစ်ပုဒ်ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်ခန့်တွင် မောင်လေးအောင် သည် မိုးဝေကဗျာလောက၏ ထင်ရှားသော ကဗျာဆရာဖြစ်သည်။ ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ တွင် 'ကဗျာအနုပဋိလောမ' ကဗျာစာအုပ်ငယ် တစ်အုပ်ထွက်လာသည်။ ထိုစာအုပ်မှ ကဗျာများသည် ၁၉၅၀ ပြည့်နှစ်နှင့် ၁၉၇၀ ပြည့်နှစ်ကာလတွင် အင်အားကောင်းခဲ့သော ပြည်သူ့ကဗျာ၊ တော်လှန် ကဗျာ၊ ဆိုရှယ်လစ်ကဗျာ၊ ပြည်သူ့တိုက်ပွဲကဗျာနီဆိုသည်များကို ပြန်လှန်ဝေဖန် ထောက်ပြထား သည့် ကဗျာများဖြစ်သည်။ ထိုကဗျာစာအုပ်၏ အဖွင့်တွင် ငြိမ်းကျော်က ကဗျာအကြောင်းဟူသော ခေါင်းစဉ်ဖြင့် 'ပြည်သူ့ ကဗျာ'၊ 'တော်လှန်ကဗျာ' အစစ် ပေါ်ထွန်းရေးကို ရည်စူး၍ အမှာစကား ရေးသားခဲ့သည်။

လွတ်လပ်ရေးခေတ်တွင် ကဗျာမျိုးစုံ အင်နှင့်အားနှင့် ပေါ်ထွန်းလာခဲ့ပါသည်။ ဂျာနယ်၊ မဂ္ဂဇင်းအမျိုးမျိုး ပေါ်ထွက်လာခြင်းသည် ကဗျာကဏ္ဍဖွံ့ဖြိုးအောင် ထောက်ပံ့ပေးသကဲ့သို့ ရှိပါ သည်။ ခေတ်စမ်းကဗျာဆရာများသည်လည်း ကဗျာများ ဆက်လက်ရေးဖွဲ့ခဲ့ပါသည်။ ဇော်ဂျီ၊ မင်းသုဝဏ် တို့၏ ကဗျာများသည် အထူးကျော်ကြားခဲ့သည်။ ခေတ်စမ်းစာဆိုများသည် မိမိတို့အတွေ့အကြုံများကို နေ့စဉ်သုံးစကားများဖြင့်မွမ်းမံကာ ခေတ်စမ်းကဗျာများ ဖန်တီးခဲ့ကြသည်။ ထို့ပြင် ခေတ်စမ်း၏ သဘာဝကို အတုယူကာ ရေးဖွဲ့ကြသော ငွေတာရီ၊ မင်းယုဝေ၊ တင်မိုး၊ မောင်စွမ်းရည်၊ ဒေါင်းနွယ်ဆွေ စသည့် ကဗျာဆရာများ၏ ကဗျာများလည်း အင်နှင့်အားနှင့် ထွက်ပေါ်လာခဲ့ပါသည်။ ထို့နောက်တွင် ဒဂုန်တာရာ ဦးဆောင်မှုဖြင့် စာပေသစ်ဟူ၍ ကြွေးကြော်ကာ ကာရန်စည်းလျော့သော ကဗျာများ ရေးဖွဲ့လာခဲ့ကြသည်။ ခံစားမှုကို ဦးစားပေးကာ ရေးဖွဲ့ခဲ့ကြခြင်းဖြစ်သည်။ ဒဂုန်တာရာ၏နောက်တွင် ဒေါင်းနွယ်ဆွေ၊ နေသွေးနီ၊ မောင်ကြည်လင်၊ ကြည်အေးစသော ကဗျာရေးသူများက ကဗျာများစွာ ဖန်တီးခဲ့ကြသည်။ ၁၉၆၈ ခုနှစ်နောက်ပိုင်းတွင် မိုးဝေမဂ္ဂဇင်း ပေါ်ပေါက်လာကာ မြန်မာကဗျာ၏ အတွေးအရေး တစ်ဆစ်ချိုးပြောင်းလဲခဲ့သည်။ ခေတ်ခံစားမှုကို ခေတ်ပေါ် စကားလုံး များဖြင့် ကာရန်လွတ်လပ်စွာ ရေးဖွဲ့လာကြသည်။ မောင်လေးအောင်၊ ဇော်ဝေ၊ သခွပ်နီ၊ မောင်ချောနွယ်၊ သစ္စာနီ

DPERC Copyright Protected

စသော ကဗျာဆရာများက အင်နှင့်အားနှင့်ရေးဖွဲ့လာကြသည်။ ၁၉၇၀ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ် ကာလရှိ ကဗျာများ၏ အကြောင်းအရာပိုင်းသည် ၎င်း၏ရှေ့တွင်ပေါ်ထွန်းခဲ့သော တော်လှန်ကဗျာ၊ ပြည်သူ့ကဗျာအကြောင်း အရာများအသွင်မှ မြို့ပြခံစားမှုကို အခြေခံသောအကြောင်းအရာများ အသွင်သို့ ပြောင်းလဲလာပြီး ထိုပြောင်းလဲမှုသည် ခေတ်ပေါ်ကဗျာ၏ လက္ခဏာတစ်ရပ်အဖြစ် တည်ရှိနေပါသည်။

လွတ်လပ်ရေးခေတ် မြန်မာစာပေသမိုင်းကို လေ့လာကြည့်လျှင် ခေတ်အခြေအနေကိုလိုက်၍ အလုပ်သမား၊ လယ်သမား စသည့် ဆင်းရဲသားပြည်သူလူထု ဘဝအကြောင်းကို သရုပ်ဖော်သည့် စာပေများ အင်တိုက်အားတိုက်ပေါ်ထွက်ခဲ့သည်ကို တွေ့ရသည်။

လွတ်လပ်ရေးခေတ် မြန်မာစာပေသည် လွတ်လပ်ပြီးခေတ်မီဖွံ့ဖြိုးလာသည်နှင့်အမျှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ဘာသာသာသနာထွန်းကားရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေး၊ လူမှုဖူလုံရေး၊ တည်ငြိမ်ဖွံ့ဖြိုးလာရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေးတို့ကို ဂရုတစိုက် လမ်းပြကာ စာပေမျိုးစုံ ဖန်တီးခဲ့ကြပါသည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာခဲ့ရပါသည်။ ပြဇာတ်စာပေဘက်တွင်မူ အင်အားလျော့နည်းလာခဲ့ရသည်ဟု ဆိုနိုင်ပါသည်။ စကားပြေအထွေထွေနှင့် ကဗျာကဏ္ဍတွင်မူ ရှေးခေတ်များနှင့်မတူဘဲ ပိုမိုဖွံ့ဖြိုးလာခဲ့သည်ဟု ဆိုရပေမည်။ ခေတ်နှင့် ရင်ပေါင်တန်းနိုင်အောင် ဖန်တီးရင်း ခေတ်မီသောစာပေများ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးနေဆဲဖြစ်သည်။

DBE BOX - Copyright Protected